# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ ကဆုန်လဆန်း (၁) ရက် ၊ ဗုဒ္ဓဟူးနေ့ ၊ (19-4-2023) ၊ အတွဲ (၃၁) ၊ အမှတ် (၃၄၈)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြုဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် နှစ်သစ်ကူးအခါသမယတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ပြောကြားသည့် မြန်မာနှစ်သစ်ကူး နှုတ်ခွန်းဆက်မင်္ဂလာစကား



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် မြန်မာနှစ်သစ်ကူး နှုတ်ခွန်းဆက်မင်္ဂလာစကားပြောကြားစဉ်။

(မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ်
တန်ခူးလပြည့်ကျော် ၁၃ ရက်၊ မြန်မာနှစ်ဆန်း ၁ ရက်နေ့)
(၂၀၂၃ ခုနှစ် ဧပြီ ၁၇ ရက်)

**မိဘပြည်သူများနှင့်တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး မြန်မာ့နှစ်သစ်ကူးအခါသမယမှာ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျာ–**

ယနေ့ဟာ မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ်သို့ ကူးပြောင်းရောက်ရှိလာပြီဖြစ်ပြီး နှစ်ဟောင်းမှာ ကြုံတွေ့ခဲ့ရတဲ့ စိန်ခေါ်မှုပေါင်းများစွာကို **"ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်"**ဆိုတဲ့ ခံယူချက်အတိုင်း ပြည်ထောင်စုသားအားလုံး တစ်ဦးကိုတစ်ဦး အားပေးကူညီရိုင်းပင်းပြီး ကျော်လွှားနိုင်ခဲ့ပါတယ်။ လက်ရှိဖြတ်သန်းရမယ့်

**စာမျက်နှာ ၁၆ ကော်လံ ၁ ➩**

မိသားစုတစ်ခုရဲ့ အသက်ဟာ မိသားစုစိတ်ဓာတ်ဖြစ်သလို ပြည်ထောင်စုတစ်ခုရဲ့ အသက်ဟာလည်း ပြည်ထောင်စုစိတ်ဓာတ်ပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့အားလုံး မှီခိုရှင်သန်ရာ ပြည်ထောင်စုရဲ့ အရိပ်အာဝါသကို အသက်သဖွယ်မြတ်နိုးတန်ဖိုးထားပြီး စုပေါင်းဆောင်ရွက်ကြရင် နိုင်ငံ့တိုးတက်မှုအရှိန်အဟုန်ကောင်းတွေဟာ ရပ်တန့်နေမှာမဟုတ်ပါဘူး။ ကျွန်တော်တို့သွားလိုတဲ့ပန်းတိုင်ကို မဖြစ်မနေရောက်ရှိမယ်လို့ ယုံကြည်ပါတယ်...




ရတနာပုံ
၂၀၁၂ ခုနှစ် မေ ၁၉ ရက်
အယ်ဒီတာ့အာဘော်

# ကျက်သရေလျှမ်းဖြာ နှစ်သစ်မင်္ဂလာ

၁၃၇၃ ခုနှစ်ကုန်ဆုံး၍ ၁၃၇၄ ခုနှစ်သို့ ကူးပြောင်းရောက်ရှိလာခဲ့ပြီဖြစ်သည်။ နှစ်ဟောင်းမှ အညစ်အကြေးများကို အတာရေဖြင့် ဆေးကြောသန့်စင်ကာ ကြည်လင်ရွှင်ပျသည့် ကိုယ်စိတ်နှစ်ပါးဖြင့် ကျက်သရေလျှမ်းဖြာသော နှစ်သစ်မင်္ဂလာသို့ ရောက်ရှိလာခဲ့ပြီဖြစ်သည်။

မြန်မာလူမျိုးတို့သည် နှစ်ဦးအစဖြစ်သော တန်ခူးလတွင် မင်္ဂလာယူသောအနေဖြင့် မြန်မာ့ရိုးရာ အတာသင်္ကြန်ပွဲတော်အပြီး နှစ်ဆန်းတစ်ရက်နေ့ကို ကျက်သရေလျှမ်းဖြာသည့် နှစ်သစ်မင်္ဂလာနေ့အဖြစ် သတ်မှတ်ကြသည်။ နှစ်သစ်အခါသမယတွင် ဥပုသ်သီလဆောက်တည်ခြင်း၊ စေတီပုထိုးများနှင့် ဗုဒ္ဓရုပ်ပွားတော်များကို ရေသပ္ပာယ်ခြင်း၊ ကျောင်းကန်ဘုရားများတွင် ရေကုသိုလ်ပြုခြင်း၊ သက်ကြီးဘိုးဘွားများကို ဂါရဝပြုခြင်း၊ ဝေယျာဝစ္စပြုလုပ်ပေးခြင်း၊ ဇီဝိတဒါနအသက်လွတ်ပွဲများပြုလုပ်ခြင်းတို့ဖြင့် ခပ်သိမ်းသောလူအပေါင်းတို့သည် ကုသိုလ်စိတ်များနှင့် ပျော်ရွှင်နေလေ့ရှိသည်။ ထိုသို့ နှစ်သစ်ကို မင်္ဂလာရှိစွာကူးပြောင်းကြသည်မှာ ဗုဒ္ဓဘာသာမြန်မာတို့၏ ရိုးရာအစဉ်အလာပင်ဖြစ်သည်။

မင်္ဂလာဟူသောစကားသည် အသုံးများပြီး အနက်လည်း အမျိုးမျိုးထွက်သည်။ မြန်မာအဘိဓာန်တွင် တိုးတက်ကြီးပွားကြောင်းတရား၊ ကောင်းမြတ်ခြင်း၊ တင့်တယ်ခြင်း၊ ကျက်သရေရှိခြင်းဟူ၏။ မြန်မာတို့သည် နှစ်ဟောင်းမှအညစ်အကြေးများကို နှစ်သစ်တွင်မပါစေရန် အတာရေဖြင့် ဆေးကြောလေ့ရှိသည့်နည်းတူ နှစ်ဟောင်းတွင် မိမိပြုခဲ့သောမလျော်ကန်သည့် ကိုယ်၊ နှုတ်၊ စိတ်အမူအရာများ နှစ်သစ်သို့ မကူးမရောက်ရန် သုံးသပ်ဆင်ခြင်ဉာဏ်နှင့်ယှဉ်အပ်ပေသည်။ မိုးလေဝသမှန်ကန်ညီမျှပြီး သဘာဝသယံဇာတများကြွယ်ဝခြင်းမှာ မင်္ဂလာတရားတော်နှင့်အညီ နေထိုင်ကြခြင်းကြောင့်ဖြစ်သည်ဟု အစဉ်အဆက်လက်ခံယုံကြည်ခဲ့ကြသကဲ့သို့ ယနေ့ခေတ်လူများလည်း မင်္ဂလာတရားနှင့်အညီ ကျင့်ကြံနေထိုင်ရမည်ဖြစ်သည်။

မြတ်စွာဘုရားဟောကြားတော်မူသော မင်္ဂလာတရားတော်တွင် အသေဝနာစဗာလာနံ=လူဆိုးလူမိုက်တို့ကို မမှီဝဲမပေါင်းသင်းရခြင်း၊ ပဏ္ဍိတာနဉ္စသေဝနာ=ပညာရှိလူလိမ္မာတို့ကို မှီဝဲပေါင်းသင်းရခြင်း၊ ပူဇာစပူဇနေယျာနံ=ပူဇော်ထိုက်သူတို့ကိုပူဇော်မှုပြုခြင်း။ ဤသုံးပါးမင်္ဂလာကျင့်ဆောင်ခြင်းဖြင့် မိုက်မဲသောအဖြစ် ရောက်ရှိစေမည့်လမ်းမှသွေဖည်ပြီး ကောင်းသောအသက်မွေးမှုသို့ ရှေးရှုနိုင်ပြီဟု ဟောကြားခဲ့သည်။

ထို့ကြောင့် နှစ်ဟောင်းတွင် မည်သို့ပင်ဖြတ်သန်းခဲ့စေကာမူ နှစ်သစ်တွင် မြတ်စွာဘုရားဟောကြားသောမင်္ဂလာတရားတော်နှင့်အညီ လူဆိုးလူမိုက်များကို ရှောင်ရှား၍ ပညာရှိလူလိမ္မာတို့ကို ပေါင်းသင်းပြီး စိတ်သစ်၊ လူသစ်၊ ခွန်အားသစ်များဖြင့် စီးပွားရေး၊ ပညာရေး၊ လူမှုရေးများကို အောင်မြင်အောင်ကြိုးပမ်းကာ မင်္ဂလာရှိအောင် ကျင့်ကြံနေထိုင်ကြရမည်ဖြစ်သည်။ ယခုအခါ နှစ်ဟောင်းကုန်၍ နှစ်သစ်သို့ရောက်ရှိခဲ့ပြီဖြစ်သည်။ နှစ်ဟောင်းတွင် အကောင်းနှင့်အဆိုး ဒွန်တွဲ၍ကြုံတွေ့ခဲ့ကြရသည်။ ထိုအတွေ့အကြုံများကို သင်ခန်းစာယူ၍ မင်္ဂလာရှိသောနှစ်သစ်တွင် မကောင်းမှုဟူသမျှကို ပယ်ဖျောက်ပြီး ကောင်းမှုမှန်သမျှ ကောင်းသည်ထက်ပို၍ကောင်းအောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ လူတိုင်းလူတိုင်းအနေဖြင့် နှစ်သစ်တွင် မင်္ဂလာတရားနှင့်အညီ ကျင့်ကြံနေထိုင်ကာ မိမိဘဝရည်မှန်းချက်များ တိုးတက်အောင်မြင်ရန် စိတ်သစ်၊ လူသစ်၊ ခွန်အားသစ်များဖြင့် ကျက်သရေရှိသော မြန်မာနှစ်သစ်မင်္ဂလာကို လန်းဆန်းပျော်ရွှင်စွာဖြတ်သန်းကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

# မန္တလေးဆိပ်ကမ်းမှ ရန်ကုန်၊ ထီးချိုင့်၊ ကသာနှင့် အခြားမြို့များသို့ သင်္ကြန်ကာလပြေးဆွဲမှုရပ်နားခဲ့သည့်သင်္ဘောများ ပြန်လည်ပြေးဆွဲ



**မန္တလေး မေ ၁၈**

မန္တလေးဆိပ်ကမ်းမှ ရန်ကုန်၊ ထီးချိုင့်၊ ကသာနှင့် အခြားမြို့များသို့ သင်္ကြန်ကာလ ပြေးဆွဲမှုရပ်နားခဲ့သည့်သင်္ဘောများ ယနေ့မှစ၍ ပုံမှန်အတိုင်း ပြေးဆွဲပေးလျက်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး ပုဂ္ဂလိကရေယာဉ်များ စည်းကမ်းထိန်းသိမ်းရေး ကော်မတီဥက္ကဋ္ဌ ဦးဝင်းမောင်က ပြောပြ၍သိရသည်။

မန္တလေးဆိပ်ကမ်းမှ ဆန်၊ ကြက်သွန်နီ၊ ဆီ၊ ဆား၊ ငရုတ်၊ ငါးပိ၊ ငါးခြောက်အပါအဝင် အဝတ်အထည်၊ အခြားလူသုံးကုန်နှင့် အလှကုန်ပစ္စည်းများကို ရန်ကုန်၊ သပိတ်ကျင်း၊ ရွှေကူ၊ ထီးချိုင့်၊ ကသာ၊ ဗန်းမော်၊ မြစ်ကြီးနား စသည့်မြို့များသို့ တင်ပို့လျက်ရှိပြီး သင်္ကြန်ကာလက ကုန်တင်သင်္ဘောနှင့် ခရီးသည်တင်သင်္ဘော အစီးရေ ၁၅၀ ကျော်ကို ပြေးဆွဲမှု ယာယီရပ်နားထားခဲ့ကြောင်း၊ အဆိုပါသင်္ဘောများကို ယနေ့မှစ၍ ပုံမှန်အတိုင်း ပြန်လည်ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

"အခု မန္တလေးဆိပ်ကမ်းကနေ အခြားမြို့တွေကို တင်ပို့တဲ့အထဲ ကုန်ခြောက်နဲ့ အခြားစားသောက်ကုန်တွေ တင်ပို့မှုပြန်များလာတယ်။ ကျန်တဲ့ အဝတ်အထည်တို့၊ အလှကုန်နဲ့ လူသုံးကုန်ပစ္စည်းတွေက ပုံမှန်အနေအထားမှာရှိပါတယ်"ဟု မန္တလေးတိုင်းဒေသကြီး ပုဂ္ဂလိကရေယာဉ်များစည်းကမ်းထိန်းသိမ်းရေး ကော်မတီဥက္ကဋ္ဌ ဦးဝင်းမောင်က ပြောပြသည်။

မန္တလေးဆိပ်ကမ်းမှ ရန်ကုန်၊ သပိတ်ကျင်း၊ ထီးချိုင့်၊ ကသာ၊ ဗန်းမော် စသည့်မြို့များသို့ ယခုလတ်တလောတွင် ဆန်နှင့် ကြက်သွန်နီတင်ပို့သည့် ကုန်တင်သင်္ဘောများ များပြားလာကြောင်း သိရသည်။

မန္တလေးဆိပ်ကမ်းမှ ရန်ကုန်၊ ထီးချိုင့်၊ ကသာ၊ ဗန်းမော်စသည့်မြို့များသို့ ကုန်ပစ္စည်းများတင်ပို့သည့် ကုန်တင်သင်္ဘောစုစုပေါင်း အစီးရေ ၄၀၀ ကျော်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး ပုဂ္ဂလိကရေယာဉ်များစည်းကမ်းထိန်းသိမ်းရေးကော်မတီမှ သိရသည်။ (၁၈၄)

# ယခုဘဏ္ဍာနှစ်တွင် မြို့နယ် ရှစ်မြို့နယ်ရှိ သမဝါယမအသင်းသားများကို ငွေကျပ် သန်း ၁၀၀ ကျော် ထုတ်ချေးပေးသွားမည်

**မန္တလေး မေ ၁၈**

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် မန္တလေးတိုင်းဒေသကြီးအတွင်း မြို့နယ် ရှစ်မြို့နယ်ရှိ သမဝါယမအသင်းသားများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ငွေကျပ် သန်း ၁၀၀ ကျော် ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးလှိုင်မိုးက ပြောပြ၍ သိရသည်။

အဆိုပါ သမဝါယမအသင်းသားများကို ယခုဘဏ္ဍာနှစ်အတွင်း တိုင်းဒေသကြီးအစိုးရ ရန်ပုံငွေမှ အရင်းမပျောက်မတည်ရန်ပုံငွေဖြင့် မြို့နယ်အလိုက် ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း၊ ထုတ်ချေးပေးရာတွင် ဓာတ်မြေသြဇာဖြန့်ဖြူးပေးခြင်းစနစ်၊ အကျိုးတူလယ်ယာစနစ်၊ တန်ဖိုးမြင့်သီးနှံများ ထုတ်လုပ်နိုင်စေရန်အတွက် တောင်သူများ လိုအပ်သည့်မျိုးများ၊ သွင်းအားစုများ ဝယ်ယူသုံးစွဲနိုင်ရေး မြို့နယ်အလိုက်ခွဲ၍ ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"သမဝါယမ အသင်းသားတွေ ဖွံ့ဖြိုးတိုးတက်စေဖို့ပါ။ အခုဘဏ္ဍာနှစ်အတွင်း တိုင်းဒေသကြီးအစိုးရရန်ပုံငွေကနေ ပံ့ပိုးပေးသွားမှာပါ။ မြို့နယ် ရှစ်မြို့နယ်မှာရှိတဲ့ မြို့နယ်ဦးစီးဌာနတွေကို ငွေလွှဲပေးပြီးတော့ မြို့နယ်တွေကလဲ အခြေခံအသင်းတွေက အမှုဆောင်တွေကိုပြန်ပြီးတော့ အသင်း၊ အသင်းသားနဲ့ စာချုပ်ချုပ်ပြီးတော့ ပံ့ပိုးပေးသွားမှာပါ။ အရင်းမပျောက်မတည်ငွေသဘောမျိုးပါ။ သမဝါယမအသင်းသားတွေလိုအပ်တဲ့ မျိုး၊ သွင်းအားစုတွေ ဝယ်ယူသုံးစွဲနိုင်ဖို့ နိုင်ငံတော်ကနေ အတိုးနှုန်းသက်သက်သာသာနဲ့ ချေးငွေတွေပံ့ပိုးပေးနိုင်ဖို့ ရည်ရွယ်ဆောင်ရွက်တာပါ" ဟု မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးလှိုင်မိုးက ပြောပြသည်။

ထိုသို့ ထုတ်ချေးပေးမည့်မြို့နယ်များမှာ ပြင်ဦးလွင်မြို့နယ်၊ နွားထိုးကြီးမြို့နယ်၊ ပုသိမ်ကြီးမြို့နယ်၊ အမရပူရမြို့နယ်၊ ကျောက်ဆည်မြို့နယ်၊ မိတ္ထီလာမြို့နယ်၊ ရမည်းသင်းမြို့နယ်၊ ကျောက်ပန်းတောင်းမြို့နယ်တို့ဖြစ်ကြောင်း ၎င်းက ပြောပြ၍ သိရသည်။ (၁၈၅)

# မန္တလေး သီရိမာလာကုန်စိမ်းဈေးတွင် ရှမ်းပြည်နယ်နှင့် ပြင်ဦးလွင်မှ ဝင်ရောက်လာသည့်အာလူးများ အရောင်းအဝယ်ကောင်းနေ

**မန္တလေး မေ ၁၈**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ကမ်းနားလမ်းရှိ သီရိမာလာကုန်စိမ်းဈေးတွင် ရှမ်းပြည်နယ်နှင့် ပြင်ဦးလွင်ဒေသမှ ဝင်ရောက်လာသည့် အာလူးများ အရောင်းအဝယ်ကောင်းနေကြောင်း အဆိုပါဈေးအတွင်းရှိ အောင်ကုန်စိမ်းပွဲရုံပိုင်ရှင် ဦးအောင်မိုးနိုင်က ပြောပြ၍ သိရသည်။

ရှမ်းပြည်နယ်နှင့် ပြင်ဦးလွင်ဒေသမှထွက်ရှိသည့် အာလူးများ လက်ရှိအချိန်တွင် မန္တလေး သီရိမာလာကုန်စိမ်းဈေးသို့ တစ်ရက်လျှင် ခြောက်ဘီးကား လေးစီးမှ ငါးစီးထိ ပုံမှန်ဝင်ရောက်လျက်ရှိပြီး ဈေးနှုန်းများမှာ အာလူးတစ်ပိဿာလျှင် ငွေကျပ် ၁၀၀၀ ထိ ရရှိကာ အရောင်းအဝယ် ကောင်းနေကြောင်း သိရသည်။

"လက်ရှိမှာတော့ အာလူးက အဓိကစိုက်ပျိုးတဲ့ ရှမ်းပြည်နယ်နဲ့ ပြင်ဦးလွင်ဒေသဘက်ကပဲ ထွက်ရှိပြီး ဝင်ရောက်လာတာပါ။ အာလူးစိုက်ပျိုးတဲ့တောင်သူတွေက အခုချိန်မှာ စိုက်တဲ့သူနည်းသွားပါတယ်။ အာလူးက အဝင်နည်းသွားတာရယ်၊ ပစ္စည်းပြတ်လပ်တာရယ်ကြောင့် အာလူးဈေးတွေက ဈေးကောင်းရရှိနေကြပြီး အရောင်းအဝယ်တွေ ကောင်းနေတာပါ။ ကားတစ်စီးကို အိတ်အရေအတွက်နဲ့ဆိုရင် အိတ်လုံးရေ ၁၀၀ ပတ်ချာလည်ပါရှိပါတယ်"ဟု ဦးအောင်မိုးနိုင်က ပြောပြသည်။

သီရိမာလာကုန်စိမ်းဈေးတွင် အခြားကုန်စိမ်းသီးနှံများဖြစ်သည့် ဂေါ်ဖီထုပ်၊ သခွားသီး၊ ခရမ်းချဉ်သီး၊ မုန်ညင်းဖြူ၊ ဗိုလ်စားပဲနှင့် ပန်းမုန်လာတို့လည်း ဈေးကောင်းများဖြင့် ရောင်းချနေရကြောင်း သိရသည်။ (၁၈၅)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဓာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဓဝရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ညောင်ရွှေမြို့နယ် ငါးဖယ်ချောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ညောင်ရွှေ ဧပြီ ၁၈**

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးခရိုင် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန်ရည်ရွယ်၍ ငါးဖယ်ချောင်းကျေးရွာအုပ်စု ငါးဖယ်ချောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုနိုင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၃၃ ဒသမ ၁ သန်းဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေးလုပ်ငန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် လအလိုက် ဖြည့်သွင်းရမည့် စာရင်းပုံစံများ ပြည့်စုံမှုရှိ၊ မရှိအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးကိုကိုနိုင်က လုပ်ငန်းများနှင့်ပတ်သက်၍ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ငါးဖယ်ချောင်းကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၂ ဦး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ သုံးဦးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၂ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၅၇ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၃၃ ဒသမ ၁ သန်း ထုတ်ချေးပေးထားပြီး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ဟိန်းထက်ခိုး(မလှိုင်)**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓိဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့ G-5 (A) ၁၀၈ လမ်းနှင့် ၁၀၉ လမ်းကြားနေ ဦးဝေဖြိုးအောင်-ဒေါ်ဖြိုးမိမိစွန် မိသားစုက ဆွမ်းပဒေသာပင်အတွက် ငွေကျပ် ၃၀၀၀၀၀ လှူဒါန်းရာ စီမံဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ ဂရိုတ်ဦးမြဝင်း၊ ဆွမ်းကွမ်းဝေယျာဝစ္စဆပ်ကော်မတီအဖွဲ့ဝင် ဦးဝင်းမြင့်နှင့် ရုံးအဖွဲ့မှူး ဦးသန့်ဇင်တို့က လက်ခံရယူစဉ်။

# ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း သစ်တောထွက်ပစ္စည်းတင်ပို့မှုမှ ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၅၁ ဒသမ ၄၄ သန်းရရှိ



**ရန်ကုန် ဧပြီ ၁၈**

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ၂၀၂၂ ခုနှစ် ဧပြီ ၁ ရက်မှ ယခုနှစ် မတ် ၃၁ ရက်ထိ ကာလအတွင်း မြန်မာနိုင်ငံမှ သစ်တောထွက်ပစ္စည်း တင်ပို့မှုမှ ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၅၁ ဒသမ ၄၄ သန်းရရှိထားကြောင်း မြန်မာနိုင်ငံ သစ်တောထွက်ပစ္စည်းများ တင်ပို့ရောင်းချသူများအသင်းမှ ဗဟိုအလုပ်အမှုဆောင် ဦးမင်းအောင်ထံမှ သိရသည်။

မြန်မာနိုင်ငံမှ သစ်တောထွက်ပစ္စည်းများ နိုင်ငံတကာသို့ တင်ပို့နိုင်မှုမှာ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ၂၀၂၂ ခုနှစ် ဧပြီ ၁ ရက်မှ ယခုနှစ် မတ် ၃၁ ရက်ထိ ကာလအတွင်း အမေရိကန်ဒေါ်လာ ၁၅၁ ဒသမ ၄၄ သန်း ပို့ကုန်ဝင်ငွေရရှိထားပြီး အဆိုပါ သစ်တောထွက်ပစ္စည်းများကို တရုတ်၊ ထိုင်း၊ မလေးရှားနှင့် ဥရောပသမဂ္ဂနိုင်ငံတို့သို့ ပင်လယ်ရေကြောင်းမှ အဓိကတင်ပို့နေခြင်းဖြစ်ကြောင်း သိရသည်။

"၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ၂၀၂၂ ခုနှစ် ဧပြီ ၁ ရက်မှ ၂၀၂၃ ခုနှစ် မတ် ၃၁ ရက်ထိ ပြည်ပနိုင်ငံတွေကို သစ်တောထွက်ပစ္စည်း တင်ပို့မှုကနေ အမေရိကန်ဒေါ်လာ ၁၅၁ ဒသမ ၄၄ သန်းရရှိခဲ့ပါတယ်။ အဲဒီလိုတင်ပို့ရာမှာ ကျွန်းသစ်ခွဲသား၊ သစ်မာခွဲသား၊ သစ်ပါးလွှာ၊ အထပ်သားတင်ပို့မှုကနေ အမေရိကန်ဒေါ်လာ ၆၅ ဒသမ ၄၅၅ သန်းနဲ့ အခြားသစ်တောထွက်ပစ္စည်းတွေဖြစ်တဲ့ ဝါး၊ ကြိမ်၊ ရှားစေး၊ လျှော်၊ ပျားဖယောင်း၊ ချိပ်၊ သင်ပေါင်းသား တင်ပို့မှုကနေ အမေရိကန်ဒေါ်လာ ၈၅ ဒသမ ၉၈၅ သန်း ရရှိထားတာဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံ သစ်တောထွက်ပစ္စည်းများ တင်ပို့ရောင်းချသူများအသင်းမှ ဗဟိုအလုပ်အမှုဆောင် ဦးမင်းအောင်က ပြောပြသည်။

မြန်မာနိုင်ငံမှ ပြည်ပသို့ တင်ပို့လျက်ရှိသည့် သစ်တောထွက်ပစ္စည်းများမှာ ကျွန်းသစ်ခွဲသား၊ သစ်မာခွဲသား၊ သစ်ပါးလွှာ၊ အထပ်သားနှင့် အခြားသစ်တောထွက်ပစ္စည်းများဖြစ်သည့် ဝါး၊ ကြိမ်၊ ရှားစေး၊ လျှော်၊ သနပ်ခါး၊ ဖာလာစေ့၊ ဖျားဖယောင်း၊ ချိပ်၊ သင်ပေါင်းသား၊ အင်တွဲ၊ ပွဲ့လျက်၊ ကညင်ဆီ၊ ထင်းရှူးဆီ၊ လင်းနို့ချေး၊ သစ်ခွ၊ သစ်စေး၊ ဘုမ္မရာဇ၊ ငှက်သိုက်၊ ဓနိ၊ သက်ငယ်၊ ကရမက် စသည်တို့ဖြစ်ကြောင်း မြန်မာနိုင်ငံ သစ်တောထွက်ပစ္စည်းများ တင်ပို့ရောင်းချသူများအသင်းမှ ဗဟိုအလုပ်အမှုဆောင် ဦးမင်းအောင်က ပြောပြ၍ သိရသည်။

ASH

# ရွှေတောင်မြို့နယ် ကြက်ဖြူတောင်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းဆောင်ရွက်မှု စစ်ဆေး

**ရွှေတောင် ဧပြီ ၁၈**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ရွှေတောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် ဆည်ကြီးကုန်းကျေးရွာအုပ်စု ကြက်ဖြူတောင်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရွှေတောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသူနှင့် ဝန်ထမ်းများက ကြက်ဖြူတောင်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးမျိုးသူက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့် တွေ့ဆုံကာ လုပ်ငန်းများ အရည်အသွေးပြည့်မီစွာဖြင့် အချိန်မီပြီးစီးရေး ဆွေးနွေးမှာကြားသည်။

ကြက်ဖြူတောင်ကျေးရွာ၌ လမ်းအရှည်ပေ ၇၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ် သိန်း ၁၁၀ ဖြင့် ယခုနှစ် ဧပြီလ ပထမပတ်က စတင် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၄၀ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ ကွန်ကရစ်လမ်း ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးပါက ကြက်ဖြူတောင်ကျေးရွာနေ ပြည်သူများ လမ်းပန်းဆက်သွယ်ရေးပိုမိုကောင်းမွန်လာပြီး ကျေးရွာမှထွက်ရှိသော ထုတ်ကုန်၊ ထွက်ကုန်များကို ဈေးကွက်သို့ ပို့ဆောင်နိုင်မည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမျိုးသူက ပြောပြ၍ သိရသည်။ **သုတ**

# ရေဖြူမြို့နယ် ရေပုံးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကြီးကြပ်မှုကော်မတီ ဖွဲ့စည်းခြင်းပြုလုပ်


**ရေဖြူ ဧပြီ ၁၈**

တနင်္သာရီတိုင်းဒေသကြီး ရေဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေပုံးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကြီးကြပ်မှုကော်မတီ ဖွဲ့စည်းခြင်းကို ယနေ့နံနက် ၉ နာရီက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရေဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဒေါ်တင်တင်လင်းက ရေပုံးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင်စီးပွားရေးလုပ်ငန်းများဆောင်ရွက်နိုင်ပြီး မိသားစုဝင်ငွေများ တိုးပွားလာစေရန် ရည်ရွယ်၍ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုအခါ စီမံကိန်းကော်မတီသက်တမ်းကာလပြည့်မြောက်ပြီးဖြစ်၍ ကော်မတီအသစ် ပြန်လည်ဖွဲ့စည်းရခြင်းဖြစ်ကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် စီမံကိန်းကို ယခုထက် ပိုမိုအောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း ရှင်းလင်းပြောကြားသည်။


ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းခြင်း၊ ကော်မတီဖွဲ့စည်းခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းများအကြောင်း ရှင်းလင်းပြောကြားပြီး ကျေးရွာသူ၊ ကျေးရွာသားများက ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

ရေပုံးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်က စီမံကိန်းရန်ပုံငွေကျပ် သိန်း ၃၀၀ ဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ စီမံကိန်းရန်ပုံငွေကျပ် သိန်း ၇၀၀ ကျော် ရရှိနေပြီဖြစ်ကြောင်း ရေဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဒေါ်တင်တင်လင်းက ပြောပြ၍ သိရသည်။ **သုသု**



# မြန်ပြည်တစ်လွှား သစ်သားတံကဲများ(၁)

မောင်သာ (ရှေးဟောင်းသုတေသန)



ရွှေကူဘုရားတံကဲတော်

တံကဲကို မြန်မာအဘိဓာန်တွင် ပလ္လင်နောက်မှီဟု ရှိုးရှင်းစွာ အဓိပ္ပာယ်ဖွင့်ဆိုသည်။ တံကဲသည် သစ်သားသို့မဟုတ် အင်္ဂတေကို ခြူးပန်းခြူးနွယ်၊ ကနုတ်များဖြင့် အလှဆင်ထုလုပ်သည့် မြန်မာ့ရိုးရာပန်းပုနှင့် ပန်းတော့ အနုပညာလက်ရာဖြစ်သည်။

မြန်မာ့ဗိသုကာပညာတွင် စုလစ်မွမ်းချွန်ဟု ခေါ်သည့် အပြောက်အမွမ်းများကို သစ်သား၊ ကျောက်၊ အင်္ဂတေ၊ ရွှေ၊ ငွေ၊ ကြေး၊ သံ၊ သတ္တု စသည်တို့ဖြင့် ပြုလုပ်သည်။ အပြောက်အမွမ်းများကို ရုပ်လုံးရုပ်ကြွ၊ ရုပ်ခုံးများဖြင့် ပုံသဏ္ဍာန်အမျိုးမျိုးပုံဖော်ကြသကဲ့သို့ ဘီလူးပန်းဆွဲ၊ ဂဠုန်၊ ကိန္နရာ၊ သိကြားမင်း၊ ဥဒေါင်း၊ ဆင်၊ ခြင်္သေ့ စသည့် အရုပ်များကိုလည်း ပန်းကနုတ်များဖြင့် လက်ရာမြောက်စွာ အလှဆင်ထုလုပ်ကြသည်။ မြန်မာ့ဗိသုကာလက်ရာ အပြောက်အမွမ်းများအနက် သစ်သားတံကဲအနုလက်ရာများကို မြန်မာနိုင်ငံအနှံ့ အပြားရှိ စေတီ၊ ပုထိုး၊ ဘုရား၊ ကျောင်း၊ တန်ဆောင်း စသည့် သာသနိကအဆောက်အအုံများတွင် အများဆုံး တွေ့ရှိနိုင်သည်။ တံကဲကို ပလ္လင်နှင့်တွဲ၍ ပလ္လင်တံကဲဟုလည်းခေါ်ဆိုပြီး မြန်မာအဘိဓာန်တွင် ပလ္လင်ကိုမြင့်မြတ်သောပုဂ္ဂိုလ်တို့ထိုင်ရန် ပြုလုပ်ထားသော ခုံမြင့်ဟု အဓိပ္ပာယ်ဖွင့်ဆိုသည်။ ပလ္လင်တံကဲတွင် ခြင်္သေ့၊ ဆင်ပျံ၊ လောကနတ်၊ ဒေါင်းမြီးယပ်၊ ဆင်နား၊ တံခါးတိုင်၊ သိကြား၊ ကိန္နရာ၊ သမ္မာဒေဝ၊ ခြူး၊ ကြာ၊ ဦးဆောက်ပန်းဟူသည့် နေရာ ၁၂ ခုထည့်သွင်းပြုလုပ်လေ့ရှိပြီး အများအားဖြင့် ခြင်္သေ့ရုပ်ကို ပလ္လင်အောက်ခုံနေရာတွင်ထားရှိသည်။ မြန်မာနိုင်ငံတွင် သစ်သားတံကဲများအပြင် ဘုရားစေတီတော်များ၏ မုခ်ခုံးနှင့် ဝင်ပေါက်မုခ်ဝနေရာများတွင် အုတ်အင်္ဂတေဖြင့် ပြုလုပ်သည့် မုခ်ကပ်တံကဲများကိုလည်း တွေ့ရှိနိုင်သည်။ မုခ်ဟူသည့် ဝေါဟာရသည် ပါဠိဝေါဟာရ မုခမှဆင်းသက်လာပြီး အပေါက်ဟု အဓိပ္ပာယ်ရှိသည်။ ရှေးဟောင်းသစ်သား ဘုန်းတော်ကြီးကျောင်းများရှိ မုခ်တံကဲများကို သစ်သားဖြင့် အများဆုံးပြုလုပ်ကြပြီး ပန်းကနုတ်များကြားတွင် သိကြားမင်း၊ နတ်၊ ကျေး၊ ဒေါင်း အစရှိသည့် ရုပ်တုများကိုပါ ထည့်သွင်းထုလုပ်ကြသည်။

ဇာတ်တော်၊ နိပါတ်တော်များထဲမှ ဇာတ်ကွက်များကို ပန်းခက်ပန်းနွယ်များနှင့် ပုံဖော်ထားသည့် ပလ္လင်တံကဲများသည် သစ်သားပြားများကို သုံးထပ်၊ ငါးထပ်၊ ရှစ်ထပ် စသည်ဖြင့် အလွှာများပြုလုပ်၍ အနုစိတ်ပုံဖော်သည့် မြန်မာ့လက်မှုအနုပညာလက်ရာများဖြစ်ကြသည်။ ယခုအချိန်တွင် ပုဂံ၊ အင်းဝ၊ ညောင်ရမ်းခေတ်လက်ရာ သစ်သားတံကဲများသည် ဆွေးမြည့်ပျက်စီးမှုများကြောင့် မကျန်ရှိတော့ဘဲ ကုန်းဘောင်ခေတ်နှင့် ကိုလိုနီခေတ်လက်ရာ သစ်သားတံကဲများကိုသာ အများဆုံးတွေ့ရှိနိုင်ကြပေသည်။

**တံကဲရုပ်လုံးရုပ်ကြွများ**

တံကဲနှင့် စပ်လျဉ်း၍ ကဝိလက္ခဏာဒီပနီကျမ်းတွင် "အမှီသဟဲ၊ ယှဉ်ကာတွဲ၊ တံကဲ ရွှေမျက်ပါး"ဟု ရေးဖွဲ့ထားပြီး သစ်သားတံကဲများတွင် ရုပ်လုံးရုပ်ကြွနှင့် ရုပ်ခုံးများကို ထုလုပ်လေ့ရှိသည်။ ရုပ်လုံးသည် ရှေ့နောက်၊ ဘယ်ညာ၊ အပေါ်အောက်ခြောက်ဖက်လုံး မြင်နိုင်သည့်ရုပ်တုဖြစ်သည်။ ရုပ်ကြွသည် ရုပ်လုံးကဲ့သို့ ခြောက်ဖက်လုံးမမြင်ရသော်လည်း ရုပ်လုံးနီးပါး ပေါ်လွင်ထင်ရှားသည်။ ရုပ်ခုံးသည် ရှေ့တစ်မျက်နှာတည်းကိုသာပေါ်လွင်စေရန် ထုလုပ်ထားသည့် ရုပ်တုဖြစ်သည်။ ရုပ်လုံးကို တစ်ကိုယ်လုံး အသေးစိတ်မြင်နိုင်ရန်ထုလုပ်ပြီး ရုပ်ကြွနှင့်ရုပ်ခုံးကို ၎င်းတို့ထားရှိမည့်အမှီအတွယ်များပေါ်တွင် ကပ်၍ထုလုပ်ကြသည်။ သစ်သားပေါ်တွင် ရုပ်ကြွ၊ ရုပ်ခုံး၊ ရုပ်လုံးများကို ပန်းနွယ်ပန်းခက်များနှင့် ပေါင်းစပ်ထုလုပ်ထားသည့် တံကဲများသည် ခေတ်ကာလနှင့် နေရာဌာနကိုလိုက်၍ ကွဲပြားခဲ့ကြသည်။ ကုန်းဘောင်ခေတ်မတိုင်မီကပင် သစ်သားနှင့် အင်္ဂတေတံကဲများကို ထုလုပ်ခဲ့ကြသော်လည်း ကုန်းဘောင်ခေတ်လက်ရာတံကဲများသည် အနုစိတ်ပုံဖော်မှုများပြားကာ အနုလက်ရာအပီပြင်ဆုံးဖြစ်လာခဲ့ကြသည်။

**ထင်ပေါ်ကျော်ကြား တံကဲတော်များ**

လက်ရှိအချိန်တွင် မြန်မာနိုင်ငံတစ်ဝန်း၌ အထင်ရှားဆုံး သစ်သားရုပ်ကြွတံကဲတော် ခြောက်ခုအနက် ငါးခုကျန်ရှိနေရာ ၎င်းတို့သည် မကွေးတိုင်းဒေသကြီးတွင် နှစ်ခု၊ ရောဝတီတိုင်းဒေသကြီးတွင် နှစ်ခုနှင့်ပဲခူးတိုင်းဒေသကြီးတွင် တစ်ခုရှိနေကြသည်။ ၎င်းတို့အနက် မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ရှိ ရွှေကူတံကဲတော်သည် မြန်မာနိုင်ငံတွင်သာမက ကမ္ဘာသို့ပါကျော်ကြားသဖြင့် မြန်မာနိုင်ငံသို့ ရောက်ရှိလာကြသော ပြည်ပခရီးသွားများသွားရောက်ကြည့်ရှုကြရသည့် တံကဲတော်ဖြစ်သည်။

ပခုက္ကူမြို့၏ အရှေ့ဘက်ရှိ ရွှေတန့်တစ်ကျေးရွာမှ ရွှေတန့်တစ်ဘုရားတံကဲတော်သည် လက်ရှိကျန်ရှိနေသည့် တံကဲတော်များအနက် အစောဆုံးထုလုပ်ခဲ့သည့် တံကဲတော်ဖြစ်၍ သက်တမ်း ၁၂၅ နှစ် ကျော်ပြီဖြစ်သည်။ ရောဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့ရှိ ပြည်လုံးချမ်းသာဘုရားတံကဲတော်သည် တံကဲတော်များအနက် အကြီးဆုံးဖြစ်၍ လွန်ခဲ့သည့် ၁၁၇ နှစ်က ထုလုပ်ခဲ့သည်။ ရောဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် ကနောင်မြို့ရှိ တံကဲတော်ကို လွန်ခဲ့သည့် ၁၂၃ နှစ်က ထုလုပ်ခဲ့သည်။ ပဲခူးတိုင်းဒေသကြီး မင်းလှမြို့ရှိ တံကဲတော်သည်လည်း သက်တမ်းနှစ် ၁၀၀ ကျော်ခဲ့ပြီဖြစ်သည်။

**တံကဲပညာရှင်များ**

မြန်မာနိုင်ငံ၏ အထင်ရှားဆုံးသော တံကဲတော် ခြောက်ခုအနက် သီဟိုဠ်ရှင်၊ ရွှေကူ၊ ကျောင်းကုန်းနှင့် ကနောင်တံကဲတို့ကို ပခုက္ကူမြို့မှ ပန်းပုပညာရှင်သားအဖဖြစ်သည့် ဦးကံကြီးနှင့် သားဦးတေတို့က ထုလုပ်ခဲ့ကာ ရွှေတန့်တစ်တံကဲကို ဦးချမ်းသာနှင့် ဆရာအေးတို့ထုလုပ်ခဲ့ပြီး မင်းလှတံကဲကို ဦးဘိုးအေးက ထုလုပ်ခဲ့သည်။ ပန်းပုပညာရှင်များအားလုံးသည် ပခုက္ကူနယ်မှဖြစ်နေခြင်းသည် စိတ်ဝင်စားဖွယ် ထူးခြားချက်တစ်ရပ်ဖြစ်သည်။

ဦးကံကြီး၏ဖခင် ဦးရှိန်းသည် မင်းတုန်းမင်းလက်ထက်တွင် ဘုရင့်လက်စွဲတော်ပန်းပုဆရာကြီးတစ်ဦးဖြစ်ခဲ့သည်။ ဦးကံကြီးနေထိုင်သည့် သစ်ကြီးတော၊ လေးတန်းရွာသည် ပန်းပုအကျော်အမော်များပေါ်ထွက်သည့် ကျေးရွာဖြစ်ပြီး ယနေ့တိုင် ပန်းပုဆရာများ ပေါ်ထွန်းလျက်ရှိနေသည်။

ရွှေကူတံကဲတော်ကြီးအပါအဝင် ရုပ်ကြွတံကဲတော်များကို သမားရိုးကျထုလုပ်လေ့ရှိသော ပန်းကနုတ်ပုံစံမဟုတ်ဘဲ ပျဉ်ချပ်တွင် အလွှာအထပ်များပြုလုပ်၍ ရုပ်လုံးရုပ်ကြွများကို ထည့်သွင်းထုလုပ်ကြရသည့်အတွက် ဦးကံကြီးနှင့် သားဦးတေတို့သည် ပန်းပဲဖိုတွင် ဆူးများ၊ ဆောက်များကို ကိုယ်တိုင်စိတ်ကြိုက်ပြုလုပ်ခဲ့ကြသည်။ အချို့သောဆူးများ၊ ဆောက်များကို နှစ်ဆစ်ချိုး၊ သုံးဆစ်ချိုးပြုလုပ်ပြီး အမျိုးပေါင်း ၅၀ ကျော်ရှိခဲ့သည်။ ပန်းပုထုဆစ်ရာတွင် ယမနေသားသည် ကျွန်းသားထက် ပိုမိုကောင်းမွန်သည့်အပြင် ဆောက်သွားဖြင့်ပုံဖော်ရာတွင် လိုအပ်သည့်အတိုင်း ပုံဖော်နိုင်သဖြင့် တံကဲတော်များကို ယမနေသားဖြင့်သာ အများဆုံးပြုလုပ်ရန် ဦးကံကြီးက ဆုံးဖြတ်ခဲ့သည်။

**သီဟိုဠ်ရှင် တံကဲတော်**

ဧရာဝတီမြစ် အနောက်ဘက်ကမ်းမြို့တော်ဟု တင်စားခေါ်ဝေါ်ကြသည့် ပခုက္ကူမြို့သည် ပရိယတ္တိ၊ ပဋိပတ္တိသာသနာ ထွန်းကားရာဒေသတစ်ခုဖြစ်ပြီး ရှေးအစဉ်အဆက်ကတည်းကပင် မြန်မာနိုင်ငံတစ်လွှား မှရဟန်းသံဃာများသည် ဗုဒ္ဓစာပေများကို ပခုက္ကူမြို့ရှိ စာသင်တိုက်ကြီးများသို့ သွားရောက်သင်ယူကြရသည်။ ထို့ကြောင့် ပခုက္ကူမြို့၌ ပရိယတ္တိစာသင်တိုက်များနှင့် ဗုဒ္ဓဘာသာ သာသနိကအဆောက်အအုံများသည် များစွာတည်ရှိနေကြသည်။ ပခုက္ကူမြို့မှ ရွှေကူဘုရား၊ သီဟိုဠ်ရှင်ဘုရား၊ ရွှေတန့်တစ်ဘုရားတို့တွင် တံကဲတော်ကြီးများရှိခဲ့ကြရာ တစ်ချိန်က ပခုက္ကူမြို့တွင် တံကဲတော်ကြီးများကို အပြိုင်အဆိုင်ထုလုပ်ခဲ့ကြသလောဟုပင် ထင်မှတ်ရပေသည်။ ပခုက္ကူမြို့ရှိ သီဟိုဠ်ရှင်ဘုရားကြီးသည် ခရစ်နှစ် ၁၁၁၇ ခုနှစ်တွင် အလောင်းစည်သူလှူဒါန်းခဲ့သည့် ဗုဒ္ဓရုပ်ပွားတော်ဖြစ်သည်။ အသောကရာမမင်းက သီဟိုဠ်ဘုရင် ဒေဝနံပိယတိဿအား ပေးအပ်ခဲ့သည့် ဒက္ခိဏသာခါ မဟာဗောဓိသစ်တော်ဖြင့် ရုပ်ပွားတော်ကို ထုလုပ်ထားသဖြင့် သီဟိုဠ်ရှင်ဘုရားဟုအမည်တွင်ခဲ့သည်။ သီဟိုဠ်ရှင်ဘုရားတွင် ဗုဒ္ဓဆင်းတုတော်သုံးဆူရှိသည့်အနက် တစ်ဆူက အလောင်းစည်သူမင်း၏ ကုသိုလ်တော်ဖြစ်ပြီး ကျန်နှစ်ဆူက ရှာအုပ်၏ ကုသိုလ်တော်ဖြစ်သည်။ သီဟိုဠ်ရှင်ဘုရားမှ မူလတံကဲတော်ကြီးသည် မီးလောင်ပျက်စီးခဲ့ပြီဖြစ်သော်လည်း မီးမလောင်မီက ရိုက်ကူးထားခဲ့သော အဖြူအမည်းဓာတ်ပုံတစ်ပုံကို သီဟိုဠ်ရှင်မြတ်စွာဘုရားကြီးအဝင်မုခ်ဦးရှိ မှန်ပုံးထဲတွင်ပြထားရာ အလွန်လှပပြီး လက်ရာမြောက်လှသည့် တံကဲတော်ဖြစ်ကြောင်း မြင်တွေ့ကြရပေသည်။ သို့သော် သီဟိုဠ်ရှင်တံကဲသည် ရွှေကူတံကဲတော်ကဲ့သို့ ပန်းအထပ်များနှင့် ရုပ်လုံးများမပါရှိသည့် ကနုတ်ပန်းသက်သက်ဖြင့်သာ ထုထားသော တံကဲဖြစ်သည်။

သီဟိုဠ်ရှင်ဘုရားတွင် တံကဲတော်နှစ်ခုရှိခဲ့ပြီးအရှေ့တံကဲတော်သည် မတ်ရပ်ရုပ်ပွားတော် သုံးဆူ၏ မုခ်အဝင်၌လည်းကောင်း၊ အနောက်တံကဲတော်သည် ရုပ်ပွားတော်သုံးဆူ၏ နောက်ကျောတွင်လည်းကောင်း ရှိခဲ့သည်။ ၎င်းတံကဲတော်များသည် ၁၉၆၄ ခုနှစ် ဧပြီလတွင် သီဟိုဠ်ရှင်ဘုရား၏ ဂန္ဓကုဋီတိုက်၊ တန်ဆောင်းတော်များနှင့်အတူ မီးလောင်ကျွမ်းခံခဲ့ရသဖြင့် တံကဲအသစ်ကို ယနေ့ခေတ်လက်ရာဖြင့် ပြန်လည်ပြုလုပ်ခဲ့သည်။

မူလအရှေ့တံကဲတော်ကို ဦးကံကြီးနှင့် သားဦးတေတို့က မြန်မာသက္ကရာဇ် ၁၂၇၅ ခုနှစ် ဝါဆိုလပြည့်နေ့တွင် စတင်ထုလုပ်ခဲ့သည်။ တံကဲအလှူရှင်မှာ ပခုက္ကူမြို့နယ် မဲဇလီပင်ကုန်းရွာမှ ဦးစံနှင့် ဒေါ်ကြူဖြစ်ပြီး လက်ခငွေကျပ် ၁၀၀၀ ကျသင့်ခဲ့သည်။ ပန်းပုပညာရှင်သားအဖနှစ်ဦးသည် ယမနေသစ်တုံး သုံးတုံးကို ချိတ်ဆက်၍ ပန်းဆိုင်းတစ်ခုအသွင်ထုလုပ်ခဲ့ရာ အချိန်တစ်နှစ်ကြာမြင့်ခဲ့သည်။ တံကဲပေါ်တွင် ဘုရားရှင် ဓမ္မစကြာဟောတော်မူခန်းမှ ပရိနိဗ္ဗာန်ပြုခန်းထိ ဗုဒ္ဓဝင်ဇာတ်ကွက်များကို မင်း၊ မိဖုရား၊ နတ်၊ သိကြား၊ နတ်သားများအပါအဝင် ရုပ်လုံး၊ ရုပ်ကြွ၊ ရုပ်ခုံး ၁၀၀၀ နီးပါးဖြင့် ပုံဖော်ထုလုပ်ခဲ့သည်။

သီဟိုဠ်ရှင် အနောက်တံကဲတော်ကိုလည်း ဦးကံကြီးနှင့်သားဦးတေတို့ကပင်ထုလုပ်ခဲ့ပြီး အလှူရှင်မှာ ပခုက္ကူမြို့ ပန်းတောရပ် ပိုးတန်းလမ်းမှ ဒေါ်အိမ်မင်းဖြစ်သည်။ အနောက်တံကဲထုလုပ်ခသည် ငွေကျပ် ၃၀၀၀ ဖြစ်ပြီး သုံးနှစ်ကြာ ထုလုပ်ခဲ့ရကာ မြန်မာသက္ကရာဇ် ၁၂၇၁ ခုနှစ် တပေါင်းလပြည့်နေ့တွင် ပြီးစီးခဲ့သည်။ တံကဲတော်ကို ယမနေသစ်တုံးတစ်တုံးတွင် ပန်းရှစ်ထပ်ပြုလုပ်၍ ဗုဒ္ဓဝင်တောထွက်ခန်းနှင့် ဝိဓူရဇာတ်တော်မှ ဇာတ်ဝင်ခန်း ၂၅ ခန်းကို လက်ဝဲဘက်တွင် ၁၅ ခန်း၊ လက်ယာဘက်တွင် ၁၀ ခန်း ထုလုပ်ခဲ့သည်။

**ရွှေတန့်တစ်တံကဲတော်**

ရွှေတန့်တစ်ဘုရားသည် ပခုက္ကူမြို့မှ အရှေ့ဘက် သုံးမိုင်အကွာတွင် တည်ရှိပြီး ဘုရား၏ ဂန္ဓကုဋီတိုက်တွင် သရက္ခန်ရုပ်ပွားတော်တစ်ဆူကို ဆင် ၁၄ ကောင်ခံထားသည့်ပလ္လင်ပေါ်တွင် ပူဇော်ထားရှိသည်။ တံကဲတော်သည် အမြင့် ၁၃ ပေ သုံးလက်မ၊ အနံ ၁၀ ပေရှိသည်။ ရွှေတန့်တစ်တံကဲတော်တွင် ကနုတ်ပန်းနွယ်၊ ကြာနွယ်ကြာရိုးများကို အခွေအလိပ်၊ အတွန့်အချွန်များဖြင့် အလှဆင်ထားသည်။ တံကဲအလှူရှင်များမှာ ရွှေတန့်တစ်ကျေးရွာမှ ဦးတိုး၊ ဒေါ်အို၊ သားဦးဖေ၊ ဒေါ်ဘွင့်၊ မြေး ကိုငွေဖုံနှင့်မမြတို့ဖြစ်ကြသည်။ တံကဲတော်ကို ရွှေတန့်တစ်ရွာမှ ဦးချမ်းသာနှင့် ပခုက္ကူမြို့မှ ဆရာအေးတို့က ခရစ်နှစ် ၁၈၉၅ ခုနှစ်မှ ၁၈၉၈ ခုနှစ်ထိ သုံးနှစ် နှစ်လနှင့် ၁၀ ရက်ကြာထုလုပ်ခဲ့ကြပြီး ထုလုပ်ခမှာ ငွေဒင်္ဂါး ၁၅၀၀ ကျပ်ဖြစ်သည်။

တံကဲတော်ကို ကျွန်းသစ်နှင့်ယမနေသစ်တုံး ၁၃ တုံးကို ပေါင်းစပ်၍ ဝိဓူရဇာတ်တော်လာဇာတ်ဝင်ခန်း ၁၃ ခန်းကို ထုလုပ်ထားရာ အချို့နေရာတွင် ပန်းရှစ်ထပ်၊ အချို့နေရာတွင် ပန်းသုံးထပ်ရှိသည်။ ဝိဓူရပညာရှိအမတ်ကြီးနှင့် သိကြားမင်း၊ ဂဠုန်မင်း၊ နဂါးမင်း၊ ကောရဗျမင်းတို့ဆွေးနွေးခန်းမှစ၍ ပုဏ္ဏကဘီလူးက ဝိဓူရအမတ်ကြီးကို ဘောဂဝတီနဂါးပြည်မှ ကုရုပဉ္စာလတိုင်းပြည်သို့ ပြန်လည်ပို့ဆောင်ခန်းထိ မင်း၊ မိဖုရား၊ နဂါး၊ ဂဠုန်၊ မင်းမှူးမတ်ရုပ်များဖြင့် ထုလုပ်ထားသည်။

ပခုက္ကူမြို့၌ ရုပ်လုံးရုပ်ကြွများဖြင့် ထုလုပ်ထားသည့် သစ်သားတံကဲတော် သုံးခုရှိသည့်အနက် ရွှေတန့်တစ်တံကဲတော်သည် ပခုက္ကူမြို့မှ တစ်ဆင့်သွားရသည့် ရွှေတန့်တစ်ရွာတွင်တည်ရှိသည့်အပြင် သွားရောက်လေ့လာသူများသည် ကျန်တံကဲတော်များလောက်မများချေ။ သို့သော် ရွှေတန့်တစ်ကျောင်းတွင် ထိန်းသိမ်းထားသည့်တံကဲတော်ကို ဆရာတော်ထံတွင် ခွင့်ပန်၍ အသေးစိတ်လေ့လာနိုင်ကြသည်။

**ကိုးကား**

- **မြန်မာ့စွယ်စုံကျမ်းအတွဲ (၁၀)**
- **ပလ္လင်တံကဲ (လှိုင်ဝင်းဆွေ)**
- **မြန်မာမှုအဆင်တန်ဆာများနှင့် ဘုန်းတော်ကြီးကျောင်းများ(မောင်ယဉ်လှိုင်၊ ပျဉ်းမမြိုင်)**
- **ပခုက္ကူမြို့နယ်ဒေသဆိုင်ရာအချက်အလက်များ (ပြည်ထဲရေးဝန်ကြီးဌာန)**

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ် လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကို လက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လေးသာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ်ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

# ချင်းတွင်းတံတား(ထမံသီ) ယခုဘဏ္ဍာနှစ်တွင် ဆောင်ရွက်မည့် လုပ်ငန်းများအတွက် တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများ ဝယ်ယူရန်တင်ဒါခေါ်ယူမည်

**နေပြည်တော် ဧပြီ ၁၈**

ချင်းတွင်းတံတား(ထမံသီ) ယခုဘဏ္ဍာနှစ်တွင် ဆောင်ရွက်မည့် လုပ်ငန်းများအတွက် တည်ဆောက်ရေးလုပ်ငန်းသုံး ပစ္စည်းများကို ဝယ်ယူရန် ပုဂ္ဂလိကလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါခေါ်ယူသွားမည်ဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ သိရသည်။

ချင်းတွင်းတံတား(ထမံသီ)ကို ငွေကျပ် ၃၃ ဘီလီယံကုန်ကျခံကာ ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၁၉ ရက်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၂)က တာဝန်ယူတည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ အရှည် ၈၀၁ မီတာ၊ တံတားခံနိုင်ဝန် ၇၅ တန်ရှိပြီး ယာဉ်သွားလမ်းအကျယ် ၈ ဒသမ ၅ မီတာ၊ ပင်မတံတားအရှည် ၄၈၃ ဒသမ ၅ မီတာရှိ သံမဏိသံပေါင်ခုံးတံတား အမျိုးအစားဖြစ်ကြောင်း သိရသည်။

အဆိုပါတံတား တည်ဆောက်ရေးလုပ်ငန်းများကို ဘဏ္ဍာနှစ်အလိုက်ဆောင်ရွက်ခဲ့ရာ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် အကြိုအင်ဂျင်နီယာလုပ်ငန်းများ၊ ပင်မတံတားရေလယ်တိုင်အုတ်မြစ်၊ ချဉ်းကပ်တံတား အုတ်မြစ်နှင့်ကိုယ်ထည်လုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် ခြောက်လတာကာလတွင် ပင်မတံတားရေလယ်တိုင်အုတ်မြစ်လုပ်ငန်းနှင့် ချဉ်းကပ်တံတား ကိုယ်ထည်လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပင်မတံတားရေလယ်တိုင်အုတ်မြစ်လုပ်ငန်းနှင့် ကိုယ်ထည်လုပ်ငန်းများ၊ ချဉ်းကပ်တံတားကိုယ်ထည်လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း၊ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင်လည်း တံတားတည်ဆောက်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး တည်ဆောက်ရေးလုပ်ငန်းသုံး ပစ္စည်းများ ဝယ်ယူရန်၊ ငှားရမ်းရန် ပုဂ္ဂလိကလုပ်ငန်းရှင်များအား တင်ဒါဖိတ်ခေါ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် တင်ဒါအဆိုပြုလွှာများအတွက် ၂၀၂၃ ခုနှစ် ယနေ့တွင် ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး တည်ဆောက်ရေးအဖွဲ့(၂) ညောင်ဦးမြို့တွင် ရောင်းချပေးလျက်ရှိပြီး ဧပြီ ၂၈ ရက်တွင် လျှောက်လွှာအရောင်း ပိတ်မည်ဖြစ်ကြောင်း သိရသည်။

တင်ဒါအဆိုပြုလွှာများကို ဟုမ္မလင်းမြို့နယ် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံးသို့ ပြန်လည်တင်သွင်းရမည်ဖြစ်ပြီး ဧပြီ ၃၀ ရက် နံနက် ၁၀ နာရီတွင် အဆိုပါရုံးဌာနတွင် တင်ဒါဖွင့်လှစ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆောက်လုပ်ရေး ဝန်ကြီးဌာနမှ သိရသည်။

SKL




# မြဝတီမြို့နယ် ကျော်ခိုကျေးရွာ၌ စိမ့်စမ်းရေသွယ်တန်းထားရှိမှု ကွင်းဆင်းစစ်ဆေး

**မြဝတီ ဧပြီ ၁၈**

ကရင်ပြည်နယ် မြဝတီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြဝတီမြို့နယ်အတွင်းရှိ မဲ့ပလဲ့ကျေးရွာအုပ်စု ကျော်ခိုကျေးရွာ၌ နွေရာသီသောက်သုံးရေပြတ်လပ်မှုမရှိစေရေးနှင့် စိမ့်စမ်းရေသွယ်တန်းထားရှိမှု အခြေအနေများကို ယနေ့ နံနက် ၉ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မြဝတီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးနိုင်ဝင်းနှင့် မြို့နယ်တာဝန်ရှိသူများက ကျေးရွာ ရေပေးရေးကော်မတီဝင်များနှင့်အတူ ကျော်ခိုကျေးရွာ၌ စိမ့်စမ်းရေသွယ်တန်းပြီး ရေပေးဝေနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန်နှင့် ပြုပြင်ဆောင်ရွက်ရမည့် လုပ်ငန်းများကို တင်ပြသွားရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

ကျော်ခိုကျေးရွာ၌ သောက်သုံးရေ ဖူလုံစွာရရှိစေရေးအတွက် အလျား ၂၅ ပေ၊ အနံ သုံးပေ၊ အမြင့် ငါးပေရှိ ရေတားတမံတည်ဆောက်ပြီး လေးလက်မ PVC ပိုက်များဖြင့် နှစ်မိုင် လေးဖာလုံသွယ်တန်း၍ ကျေးရွာရှိ ဂါလန် ၅၀၀၀ ဆံ့အုတ်ရေကန်တွင် ရေသိုလှောင်ထားရှိပြီး အိမ်ခြေ ၁၀၀ ကျော် သုံးစွဲလျက်ရှိကြောင်း၊ ပြုပြင်ဆောင်ရွက်ရမည့် လေးလက်မ PVC ပိုက်များကို လာမည့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြဝတီခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိုးနိုင်ဝင်းက ပြောပြ၍ သိရသည်။

**ကိုသက်**

## အလင်းနှင့် အမှောင်

- နေဝင်မိုးချုပ် သေတင်းကုပ်မှ
ခေါင်းလှုပ်ဇက်ခါ ဝဲယာယိမ်းထိုး
ပုဆိုးတွဲလောင်း မြင်မကောင်းပဲ
ဖော်ပေါင်းတွဲဝင် လာသည့်လင်ကို
မြင်လေခဏ ဒေါမာန်ထ၍
နီစွေမျက်ထောင့် အပမှောင့်သို့
ဆောင့်ကြီးအောင့်ကြီး သူကြုံဆီးသည်
အိမ်ကြီးရှင်မ မျက်စောင်းနှင့်။

- ထို့နောက်မှာမူ
ဆူပူရန်ဖြစ် မိုးကြိုးထစ်သို့
ခုနစ်အိမ်ကြား ရှစ်အိမ်ကြားမို့
နားဝမှာပူ ရင်မှာဆူသော်
သူတို့သားလေး အိမ်နောက်ဖေးဝယ်
ဆေးခြောက်ဆေးဖြူ တရှူရှူကို
မမူသတိ နေကြ၏။

- အမိအဖ ရှိပေထလည်း
ကန်းကြမျက်လုံး အမှောင်ဖုံး၏
ဖုံးသည့်မှောင်ထု ပိတ်ဆို့မှုကြောင့်
ငယ်နုပျိုသစ် ဖူးပုရစ်နှယ်
ချစ်ဖွယ့်ရင်သွေး ထိုကလေး၏
ရှေ့ရေး ဘယ်သို့ရှိပေလိမ့်။ ။

**မြင်းမူမောင်နိုင်မိုး**

# တောင်သာမြို့နယ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း စီမံခန့်ခွဲမှုနှင့် ငွေစာရင်းထိန်းသိမ်းနည်းသင်တန်းပို့ချ

**တောင်သာ ဧပြီ ၁၈**

မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်လျက်ရှိသည့် ကျေးရွာကော်မတီဝင်များ စွမ်းဆောင်ရည်မြင့်မားလာစေရန် ရည်ရွယ်၍ ကျေးရွာအဆင့်စီမံခန့်ခွဲမှုနှင့် ငွေစာရင်းရေးဆွဲထိန်းသိမ်းနည်း သင်တန်းကို ယနေ့ နံနက် ၉ နာရီက အဆိုပါဦးစီးဌာနရုံးခန်းမ၌ ဖွင့်လှစ်ပို့ချခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တောင်သာမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမြတ်မျိုးထွန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း အကြောင်းအရာများ၊ ကော်မတီဝင်များ၏ လုပ်ငန်းတာဝန်များနှင့် ကျေးရွာအဆင့်တွင် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း ကျေးရွာအဆင့်တွင်အသုံးပြုသည့် စီမံကိန်းငွေစာရင်းပုံစံများ ရေးသွင်းခြင်း၊ ချေးငွေလျှောက်လွှာ ဖြည့်သွင်းခြင်း၊ ချေးငွေအတည်ပြုလွှာ ရေးသားခြင်း၊ အစည်းအဝေးမှတ်တမ်းရေးသားခြင်း စသည့် သင်ခန်းစာများကို သင်တန်းကာလ တစ်ရက်ကြာ စာတွေ့လက်တွေ့ သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းသို့ မာလာကျေးရွာမှ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ချမ်းဦးကို**

ပလင်းတန် ဖွံ့ဖြိုးဖို့
စာအုပ်စာပေ ဖတ်ကြစို့

## နိုင်ငံတကာ သတင်းများ

# ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂေးလက်ဗရော့ဗ် ငါးရက်ကြာ လက်တင်အမေရိကခရီးစဉ်စတင်

**မော်စကို ဧပြီ ၁၈**

ရုရှား နိုင်ငံခြားရေးဝန်ကြီး ဆာဂေးလက်ဗရော့ဗ်သည် ဧပြီ ၁၇ ရက်တွင် ငါးရက်ကြာလက်တင်အမေရိကခရီးစဉ်ကို စတင်ခဲ့ပြီး ဘရာဇီးနိုင်ငံသို့ ဦးစွာရောက်ရှိခဲ့ကြောင်း အေအက်ဖ်ပီသတင်းဌာနက ဖော်ပြခဲ့သည်။

ဘရာဇီးနိုင်ငံသို့ ရောက်ရှိခဲ့ပြီးနောက် ရုရှားနိုင်ငံခြားရေးဝန်ကြီး လက်ဗရော့ဗ်သည် ဘရာဇီးနိုင်ငံခြားရေးဝန်ကြီး မော်ရိုဗီအိုင်းရားနှင့်တွေ့ဆုံ၍ ယူကရိန်းပြဿနာအပါအဝင် ကမ္ဘာ့ရေးရာများကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

ယူကရိန်းပြဿနာ၏အကြောင်းရင်းကို နားလည်ပေးသည့်အတွက် မိမိတို့အနေဖြင့် ဘရာဇီးနိုင်ငံကို အထူးကျေးဇူးတင်ရှိကြောင်း ဘရာဇီး နိုင်ငံခြားရေးဝန်ကြီးနှင့် ဆွေးနွေးပြီးနောက် ပြုလုပ်ခဲ့သော သတင်းစာရှင်းလင်းပွဲ၌ ရုရှားနိုင်ငံခြားရေးဝန်ကြီး လက်ဗရော့ဗ်က ထုတ်ဖော်ပြောကြားခဲ့သည်။

ထို့ပြင် ယူကရိန်းပြဿနာကို အဆုံးသတ်နိုင်ရေးအတွက်ဘရာဇီးနိုင်ငံ၏ပါဝင်ကြိုးပမ်းမှုများအတွက်လည်း မိမိတို့အထူးကျေးဇူးတင်ကြောင်း အဆိုပါသတင်းစာရှင်းလင်းပွဲ၌ ရုရှားနိုင်ငံခြားရေးဝန်ကြီးက ထုတ်ဖော်ပြောကြားခဲ့သည်။

ဘရာဇီးနိုင်ငံသည် ယူကရိန်းပြဿနာကို အနောက်အုပ်စုနိုင်ငံများနှင့် ကွဲပြားသည့်လမ်းစဉ်ဖြင့် ချဉ်းကပ်ဖြေရှင်းရန် ကြိုးစားနေသောနိုင်ငံဖြစ်သည်။

ရုရှား နိုင်ငံခြားရေးဝန်ကြီး ဆာဂေးလက်ဗရော့ဗ်သည် ငါးရက်ကြာ လက်တင်အမေရိကခရီးစဉ်အတွင်း ဗင်နီဇွဲလား၊ ကျူးဘားနှင့် နီကာရာဂွါနိုင်ငံများသို့လည်း ဝင်ရောက်မည်ဖြစ်ကြောင်း သိရသည်။

KKO



# ဒူဘိုင်းမြို့ လူနေတိုက်ခန်းတစ်လုံး မီးလောင်မှုဖြစ်ပွား အနည်းဆုံး လူ ၁၆ ဦးသေဆုံး ကိုးဦးဒဏ်ရာရ

**ဒူဘိုင်း ဧပြီ ၁၈**

အာရပ်စော်ဘွားများပြည်ထောင်စု (ယူအေအီး)နိုင်ငံဒူဘိုင်းမြို့ရှိ လူနေတိုက်ခန်းတစ်လုံး၌ ဧပြီ ၁၆ ရက်က မီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့ရာ အနည်းဆုံး လူ ၁၆ ဦး သေဆုံးခဲ့ရပြီး ကိုးဦးဒဏ်ရာများရခဲ့ကြောင်း အေပီသတင်းဌာနက ဖော်ပြခဲ့သည်။

မီးလောင်မှု ဖြစ်ပွားခဲ့သည့် အဆောက်အအုံမှာ ဒူဘိုင်းမြို့ အယ်လ်မူရာရ်နယ်မြေ၌ တည်ရှိသည့် လူနေတိုက်ခန်းတွဲဖြစ်ကြောင်း သိရသည်။

၎င်း အဆောက်အအုံသည် ယူအေအီးနိုင်ငံ၌ လာရောက်အလုပ်လုပ်ကိုင်နေရသည့် ပြည်ပအလုပ်သမားများ နေထိုင်ရာ အဆောက်အအုံတစ်လုံးလည်းဖြစ်ကြောင်း သိရသည်။

မီးလောင်မှုအတွင်း သေဆုံးခဲ့ရသူများထဲတွင် ဆူဒန်နိုင်ငံသား ခြောက်ဦး၊အိန္ဒိယနိုင်ငံသားလေးဦး၊ ပါကစ္စတန်နိုင်ငံသားသုံးဦး၊ကင်မရွန်းနိုင်ငံသားတစ်ဦး၊ အီဂျစ်နိုင်ငံသားတစ်ဦးနှင့် ဂျော်ဒန်နိုင်ငံသားတစ်ဦးတို့ ပါဝင်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် မီးလောင်မှုအတွင်း သေဆုံးခဲ့ရသူများ၏ ရုပ်အလောင်းများကို နေရင်းနိုင်ငံများ ပြန်ပို့ပေးရေးအတွက် တာဝန်ရှိသူများက စီစဉ်နေကြောင်း ယူအေအီးအစိုးရက သတင်းထုတ်ပြန်ထားသည်။

မီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့သော လူနေတိုက်ခန်းမှာ ငါးထပ်အဆောက်အအုံ ဖြစ်ကြောင်း သိရသည်။

KKO

# ရုရှားတပ်များထိန်းချုပ်ထားသော ယူကရိန်းနယ်မြေများသို့ သမ္မတပူတင် သွားရောက်



**မော်စကို ဧပြီ ၁၈**

သမ္မတပူတင်သည် ရုရှားတပ်များထိန်းချုပ်ထားသော ယူကရိန်းနယ်မြေများအတွင်းရှိ ရုရှားစစ်ဌာနချုပ်များသို့ သွားရောက်ခဲ့ကြောင်း ကရင်မလင်နန်းတော်ကြေညာချက်ကို ကိုးကား၍ ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ယူကရိန်းနယ်မြေများအတွင်းရှိ ရုရှားစစ်ဌာနချုပ်များသို့ သွားရောက်စဉ်အတွင်း ရုရှားသမ္မတပူတင်သည် ရုရှားလေကြောင်းချီတပ်ဖွဲ့မှ ဗိုလ်ချုပ်တစ်ဦးနှင့် တွေ့ဆုံ၍ စစ်ရေးစစ်ရာများ ဆွေးနွေးခဲ့ကြောင်း သိရသည်။

ရုရှားသမ္မတပူတင်သည် ရုရှားတပ်များ ထိန်းချုပ်ထားသည့် ယူကရိန်းနယ်မြေစစ်ဌာနချုပ်များသို့ရဟတ်ယာဉ်ဖြင့် သွားရောက်ခဲ့ခြင်းဖြစ်ကြောင်း ကရင်မလင်နန်းတော် သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

သို့သော် ရုရှားတပ်များ ထိန်းချုပ်မှုအောက်ရှိ ယူကရိန်းနယ်မြေများသို့ သမ္မတပူတင်သွားရောက်ခဲ့သည့်အချိန်ကိုကရင်မလင်နန်းတော်ကြေညာချက်၌ထည့်သွင်းဖော်ပြထားခြင်း မရှိကြောင်း သိရသည်။

ကရင်မလင်နန်းတော်ကြေညာချက်၏အဆိုအရ ယူကရိန်းခရီးစဉ်အတွင်း ရုရှားသမ္မတပူတင်သည် ခါဆန်ဒေသစစ်ဌာနချုပ် အစည်းအဝေးတွင် ပါဝင်ခဲ့ပြီး စစ်မြေပြင်တပ်မှူးများ၏ တင်ပြချက်များကို နားထောင်ခဲ့သည်။

ရုရှားနိုင်ငံသည် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်တွင် ယူကရိန်းကို စစ်ရေးအရ စတင်တိုက်ခိုက်ခဲ့ပြီးနောက် ယူကရိန်းနယ်မြေလေးခုကို ရုရှားအချုပ်အခြာအောက် ထည့်သွင်းကြောင်း ကြေညာထားပြီးဖြစ်သည်။

KKO

# အစ္စရေး-ပါလက်စတိုင်းငြိမ်းချမ်းရေးဆွေးနွေးပွဲများ ပြန်လည်စတင်ရန်လိုလားကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီး ချင်ကန်း ပြောကြား

**ပေကျင်း ဧပြီ ၁၈**

အစ္စရေး-ပါလက်စတိုင်း ပဋိပက္ခအရှိန်မြင့်တက်လာမှုနှင့် ပတ်သက်၍ တရုတ်နိုင်ငံအနေဖြင့် လွန်စွာစိုးရိမ်နေကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီး ချင်ကန်းက ဧပြီ ၁၇ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

အစ္စရေး နိုင်ငံခြားရေးဝန်ကြီး၊ ပါလက်စတိုင်းနိုင်ငံခြားရေးဝန်ကြီးများနှင့် ဖုန်းခေါ်ဆိုဆွေးနွေးစဉ် တရုတ် နိုင်ငံခြားရေးဝန်ကြီးက အဆိုပါအတိုင်းပြောကြားခဲ့ခြင်းဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အစ္စရေးနှင့် ပါလက်စတိုင်းတို့ကြား ငြိမ်းချမ်းရေးဆွေးနွေးပွဲများ အမြန်ပြန်လည် စတင်နိုင်ရေးကို တရုတ်နိုင်ငံအနေဖြင့် လိုလားကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီး ချင်ကန်းက ဧပြီ ၁၇ ရက်ဖုန်းခေါ်ဆိုဆွေးနွေးပွဲများ၌ ထုတ်ဖော်ပြောကြားထားသည်။

ထို့ပြင် အရှေ့အလယ်ပိုင်းဒေသ ငြိမ်းချမ်းရေးကို မြှင့်တင်ရေးအတွက် တရုတ်နိုင်ငံအနေဖြင့် အပြုသဘောဆောင်သည့် အခန်းကဏ္ဍ၌ပါဝင်ပေးရန်ဆန္ဒရှိသည်ဟု တရုတ်နိုင်ငံခြားရေးဝန်ကြီးချင်ကန်းက ထုတ်ဖော်ပြောကြားခဲ့ကြောင်း သိရသည်။

အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ၁၀နှစ်ကြာရပ်တန့်နေချိန်တွင် ယင်းဆွေးနွေးပွဲများ ပြန်လည်စတင်ရန် တရုတ်နိုင်ငံက ဆန္ဒပြုခဲ့ခြင်းဖြစ်သည်။

အမေရိကန်နိုင်ငံ ကြားဝင်ညှိနှိုင်းပေးမှုဖြင့် စတင်ခဲ့သော အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးဆွေးနွေးပွဲများသည် ၁၀ နှစ်နီးပါးကြာရပ်တန့်နေပြီး ပြန်လည်စတင်မည့်အရိပ်အယောင် မရှိသေးကြောင်း သိရသည်။

KKO

# ရေမျောကိုကင်းမှူးယစ်ဆေးဝါး နှစ်တန် အီတလီရဲတပ်ဖွဲ့သိမ်းဆည်းရမိ

**ရောမ ဧပြီ ၁၈**

အီတလီရဲတပ်ဖွဲ့ဝင်များသည် စစ္စလီကျွန်း အရှေ့ဘက်ကမ်းရိုးတန်း ကမ်းလွန်ရေပြင်အတွင်း အလေးချိန်အားဖြင့် နှစ်တန်ထိရှိသည့် ကိုကင်းမှူးယစ်ဆေးများကို ဧပြီ ၁၇ ရက်တွင် သိမ်းဆည်းနိုင်ခဲ့ကြောင်း အေပီသတင်းဌာနက ဖော်ပြခဲ့သည်။




အဆိုပါရေမျောကိုကင်းများ၏ စုစုပေါင်းတန်ဖိုးမှာလက်ရှိဈေးကွက်ပေါက်ဈေးအရ အမေရိကန်ဒေါ်လာ သန်း၄၀၀ထိ ရှိကြောင်း သိရသည်။

အီတလီရဲတပ်ဖွဲ့၏ အဆိုအရ ယင်းရေမျော ကိုကင်းများကို ပိုက်ကွန်တစ်ခုဖြင့် စုစည်းချည်တွဲပေးထားသော ရေလုံအိတ် ၇၀တွင် ထည့်သွင်းထားခြင်း ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ရေမျောကိုကင်းထုပ်များတွင် ခြေရာခံကိရိယာတစ်ခုကိုပါ တပ်ဆင်ထားကြောင်း အီတလီရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။

၎င်း ကိုကင်းမှူးယစ်ဆေးဝါးများကို မြေထဲပင်လယ်ဒေသ၌ လေကြောင်းကင်းထောက်မှုတစ်ရပ်ကို ဧပြီ ၁၆ ရက်က ပြုလုပ်စဉ် အီတလီရဲတပ်ဖွဲ့က တွေ့ရှိခဲ့ခြင်း ဖြစ်သည်။

ဧပြီ ၁၇ ရက်တွင် သိမ်းယူနိုင်ခဲ့သော ကိုကင်းမှူးယစ်ဆေးဝါးပမာဏသည် အီတလီအချုပ်အခြာနယ်မြေအတွင်း သိမ်းယူနိုင်ခဲ့သမျှ အများဆုံးပမာဏ ဖြစ်ကြောင်း အီတလီရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။

KKO

# SCIENCE AND TECHNOLOGY

## Space-X အာကာသနည်းပညာကုမ္ပဏီ၏ Starship ဒုံးပျံယာဉ် လွှတ်တင်သည့်အစီအစဉ်ကို လောင်စာဖြည့်တင်းမှုပြဿနာကြောင့် ဖျက်သိမ်းခဲ့ရ



**ဝါရှင်တန် မေ ၁၈**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X အာကာသနည်းပညာ ကုမ္ပဏီသည် Starship ဒုံးပျံယာဉ်လွှတ်တင်သည့် အစီအစဉ်ကို လောင်စာဖြည့်တင်းမှု ပြဿနာတစ်ရပ်ကြောင့် မေ ၁၇ ရက်က ဖျက်သိမ်းခဲ့ရကြောင်း Space. Com သတင်းဝက်ဘ်ဆိုက်က တင်ပြထားသည်။

Space-Xကုမ္ပဏီသည် မူလက Starship အာကာသဒုံးပျံယာဉ်ကို မေ ၁၇ ရက်တွင် ပထမဆုံးအကြိမ်အဖြစ် ကမ္ဘာပတ်လမ်းကြောင်းပေါ်သို့ လွှတ်တင်ရန် စီစဉ်ထားသည်။

သို့ရာတွင် ဒုံးပျံလောင်စာရည်ဖြည့်သွင်းမှု ပြဿနာတစ်ရပ်ကြောင့် Starship အာကာသဒုံးပျံယာဉ် လွှတ်တင်ရေးအစီအစဉ်ကို ဖျက်သိမ်းခဲ့ပြီး မေ ၂၀ ရက်မှသာ လွှတ်တင်ရန် ထပ်မံကြိုးပမ်းမည်ဖြစ်ကြောင်း Space-Xကုမ္ပဏီက ကြေညာချက်ထုတ်ပြန်ထားသည်။

Space-X ကုမ္ပဏီသည် Starship အာကာသဒုံးပျံယာဉ်ကို တက္ကဆက်ပြည်နယ် တောင်ပိုင်းစတားဟ့်စ်အာကာသစခန်းမှ တစ်ဆင့်လွှတ်တင်ရန် စီစဉ်ထားသည်။

Space-X ကုမ္ပဏီသည် လကမ္ဘာနှင့် အင်္ဂါဂြိုဟ်ခရီးစဉ်များအတွက် Starship အာကာသဒုံးပျံယာဉ်ကို တည်ဆောက်ထားခြင်းဖြစ်သည်။

Starship အာကာသဒုံးပျံယာဉ်ကို Super Heavy အမည်ရှိ ပင်မဒုံးပျံယာဉ်နှင့် Starship အမည်ရှိ ထိပ်ဖူးဒုံးယာဉ်တို့ဖြင့် ဖွဲ့စည်းထားကြောင်း သိရသည်။

KKO

## နာဆာ၏သက်မဲ့ဂြိုဟ်တုတစ်စင်း ယခုသီတင်းပတ်အတွင်း ကမ္ဘာ့လေထုလွှာအတွင်းသို့ ပြန်လည်ဝင်ရောက်လာမည်

**ဝါရှင်တန် မေ ၁၈**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ သက်မဲ့ဂြိုဟ်တုတစ်စင်းသည်ယခုသီတင်းပတ်အတွင်း ကမ္ဘာ့လေထုလွှာအတွင်းသို့ ပြန်လည်ဝင်ရောက်လာမည်ဖြစ်ကြောင်း Space. Com သတင်းဝက်ဘ်ဆိုက်က မေ ၁၇ ရက်တွင် ရေးသားတင်ပြထားသည်။

RHESSI အမည်ရှိ အဆိုပါ နေလေ့လာရေးဂြိုဟ်တုသည် မေ ၁၉ ရက်တွင် ကမ္ဘာလေထုလွှာအတွင်း ပြန်လည်ဝင်ရောက်မည်ဖြစ်ပြီး ပြန်လည်ဝင်ရောက်ချိန်တွင် ၁၆ နာရီ အတိုးအလျော့ရှိနိုင်ကြောင်း နာဆာအဖွဲ့က သတင်းထုတ်ပြန်ထားသည်။

RHESSI ဂြိုဟ်တုသည် အလေးချိန်ပေါင် ၆၀၀ ခန့်ရှိပြီး ၂၀၀၈ ခုနှစ်မှစ၍ မစ်ရှင်သက်တမ်းကုန်ဆုံးခဲ့ပြီဖြစ်သော ဂြိုဟ်တုတစ်စင်းဖြစ်သည်။



ကမ္ဘာ့လေထုလွှာအတွင်း ပြန်လည်ဝင်ရောက်ချိန်တွင် ဂြိုဟ်တု၏ အစိတ်အပိုင်းအများစု လောင်ကျွမ်းပြာကျသွားမည်ဖြစ်ပြီး အစိတ်အပိုင်းတချို့တလေသည်သာ ကမ္ဘာပေါ်သို့ ပြန်ကျရောက်နိုင်ခြေရှိကြောင်း နာဆာအဖွဲ့သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

သို့ရာတွင် RHESSI ဂြိုဟ်တုအစိတ်အပိုင်းများကြောင့် မြေပြင်၌ ထိခိုက်ပျက်စီးမှုဖြစ်နိုင်ခြေ အလွန်နည်းပါးကြောင်း နာဆာတာဝန်ရှိသူများက တွက်ဆထားသည်။

နာဆာအဖွဲ့သည် RHESSI ဂြိုဟ်တုကို ၂၀၀၂ ခုနှစ်တွင် ပီးဂါးဆက်အိတ်စ်အယ်လ်ဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်ပြီး မစ်ရှင်သက်တမ်းတစ်လျှောက်တွင် အိတ်ရေးရောင်ခြည်ပေါက်ကွဲမှု ဖြစ်စဉ်ပေါင်း ၁၀၀၀၀ ကျော်ကို ၎င်းဂြိုဟ်တုက မှတ်တမ်းတင်ထားခဲ့သည်။ KKO

## JUICE အမည်ရှိ ကြာသပတေးဂြိုဟ် ရေခဲဂြိုဟ်ရံလများ လေ့လာရေးအာကာသယာဉ်က အာကာသဟင်းလင်းပြင်အတွင်း ပထမဆုံးသော ကိုယ်တိုင်ရိုက်ဓာတ်ပုံများ ရိုက်ကူးခဲ့

**ပါရီ မေ ၁၈**

ဥရောပအာကာသအေဂျင်စီ၏ JUICE အမည်ရှိ ကြာသပတေးဂြိုဟ် ရေခဲဂြိုဟ်ရံလများလေ့လာရေး အာကာသယာဉ်သည် အာကာသဟင်းလင်းပြင်တွင် ပထမဆုံးသော ကိုယ်တိုင်ရိုက်ဓာတ်ပုံများကို ရိုက်ကူးခဲ့ကြောင်း Space. Com သတင်းဝက်ဘ်ဆိုက်က မေ ၁၈ ရက်တွင် ရေးသားတင်ပြထားသည်။

အဆိုပါ ဆယ်ဖီဓာတ်ပုံများကို လွှတ်တင်ပြီး နာရီအနည်းငယ်အကြာမှာပင် JUICE အာကာသယာဉ်က ရိုက်ကူးခဲ့ခြင်းဖြစ်ကြောင်း ဥရောပအာကာသအေဂျင်စီ တာဝန်ရှိသူများ၏ အဆိုအရ သိရသည်။

ဥရောပ အာကာသအေဂျင်စီသည် JUICE အာကာသယာဉ်ကို ပြင်သစ်ဂီယာနာကိုရူးအာကာသစခန်းမှတစ်ဆင့် ဧပြီ ၁၄ ရက်တွင် အာရီယာနီ-၅ ဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

JUICE အာကာသယာဉ်သည် ၎င်း၏ပထမဆုံး ဆယ်ဖီဓာတ်ပုံများကို ကမ္ဘာမြေအား နောက်ခံပြု၍ ယာဉ်ပေါ်၌ တပ်ဆင်ထားသည့် ကင်မရာစနစ်များဖြင့် ရိုက်ကူးခဲ့ခြင်းဖြစ်သည်။

JUICE အာကာသယာဉ်သည် ကြာသပတေးဂြိုဟ်၏ ရေခဲဂြိုဟ်ရံလများဖြစ်ကြသော ယူရိုပါဂြိုဟ်ရံလ၊ ဂါနီမီဒီဂြိုဟ်ရံလနှင့် ကယ်လစ္စတို ဂြိုဟ်ရံလများကို လေ့လာစူးစမ်းမည်ဖြစ်သည်။

ကြာသပတေးဂြိုဟ်၏ အဆိုပါ ဂြိုဟ်ရံလများပေါ်၌ သက်ရှိရုပ်များ ရှင်သန်လာဖွယ်ရှိကြောင်း သိပ္ပံပညာရှင်များက ယူဆထားကြောင်း သိရသည်။

KKO

# HEALTH

## HIV ပိုးရှိနေသူများကို စတာတင်ဆေးဖြင့် နှလုံးရောဂါဖြစ်နိုင်ခြေကို လျှော့ချနိုင်

**နယူးယောက် မေ ၁၈**

ခုခံအားကျဆင်းမှုရောဂါပိုးရပ်စ်(အိတ်ချ်အိုင်ဗွီ)ပိုးရှိနေသူများ၏ နှလုံးရောဂါဖြစ်နိုင်ခြေကို စတာတင်(Statin) ဆေးဖြင့် လျှော့ချပေးနိုင်ကြောင်း သုတေသနပညာရှိများ၏အဆိုကို ကိုးကား၍ HealthDay News ဆေးပညာသတင်းဝက်ဘ်ဆိုက်က မေ ၁၇ ရက်တွင် ရေးသားတင်ပြထားသည်။

အိတ်ချ်အိုင်ဗွီပိုးရပ်စ် ကူးစက်ခံထားရသူများသည် အသက်ရှည်ရှည်နေရလေလေ နှလုံးရောဂါများ ပေါ်ချိန်မတန်ဘဲ ပေါ်နိုင်ခြေမြင့်မားလေလေဖြစ်ကြောင်း သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

သို့ရာတွင် အမေရိကန်အမျိုးသားကျန်းမာရေး အင်စတီကျုမှ သုတေသနပညာရှင်များ၏လေ့လာတွေ့ရှိချက်အရ စတာတင်ဆေးသည် အိတ်ချ်အိုင်ဗွီပိုးရပ်စ်ရှိနေသူများ၏ နှလုံးရောဂါများဖြစ်နိုင်ခြေကို ၃၅ ရာခိုင်နှုန်းထိ လျှော့ချပေးနိုင်ကြောင်း သိရသည်။

စတာတင်ဆေးသည် နှလုံးရောဂါဖြစ်ပွားနိုင်ခြေကို လျှော့ချရေးအတွက် ၎င်းရောဂါများဖြစ်နိုင်ခြေမြင့်မားသူများအတွက် အသုံးပြုသည့် ကိုလက်စထရောလျှော့ချရေးဆေးတစ်မျိုးဖြစ်သည်။

စတာတင်ဆေးကို နေ့စဉ်သုံးစွဲခြင်းဖြင့် အိတ်ချ်အိုင်ဗွီပိုးရပ်စ်ရှိနေသူများအနေဖြင့် နှလုံးရောဂါများဖြစ်ပွားနိုင်ခြေကို ၃၅ ရာခိုင်နှုန်းထိ လျှော့ချထားနိုင်ကြောင်း အမေရိကန်သုတေသန ပညာရှင်များ၏အဆိုအရ သိရသည်။

အိတ်ချ်အိုင်ဗွီ ပိုးရပ်စ်ကူးစက်ခံထားရသူများသည် တိုးတက်လာသည့်ဆေးပညာကြောင့် အသက်ရှည်ရှည်နေခွင့်ရလာခဲ့သော်လည်း ဖြစ်ချိန်မတန်ဘဲ နှလုံးရောဂါဖြစ်ပွားမှုနှင့် အခြားရောဂါဘယများကြောင့် အသက်ဆုံးရှုံးနေကြရကြောင်း သိရသည်။ KKO

## သွေးစစ်နည်းတစ်မျိုးက ကင်ဆာရောဂါ တစ်ဒါဇင်မျှ စစ်ဆေးဖော်ထုတ်ပေးနိုင်ဖွယ်ရှိ

**နယူးယောက် မေ ၁၈**

စမ်းသပ်ဆဲ သွေးစစ်နည်းတစ်မျိုးသည် ရှာဖွေဖော်ထုတ်ရခက်ခဲသည့် ကင်ဆာရောဂါများ အပါအဝင် ကင်ဆာရောဂါတစ်ဒါဇင်မျှကို စစ်ဆေးဖော်ထုတ်ပေးနိုင်ဖွယ်ရှိကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ HealthDay News ဆေးပညာသတင်းဝက်ဘ်ဆိုက်က မေ ၁၇ ရက်တွင် ရေးသားတင်ပြထားသည်။

အဆိုပါ သွေးစစ်နည်းကို အမေရိကန်နိုင်ငံ တင်နက်ဆီပြည်နယ် ဗင်ဒါဘေးလ်ကင်ဆာရောဂါ သုတေသနဌာနက သုတေသနပညာရှင်များက စမ်းသပ်နေခြင်းဖြစ်သည်။

မိမိတို့၏ သွေးစစ်နည်းသည် စတင်ဖြစ်ပွားခါစ ကင်ဆာရောဂါ ၁၂ မျိုးတို့၏ လက္ခဏာများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြောင်း အမေရိကန်သုတေသနပညာရှင်များက ပြောကြားသည်။

ထို့ပြင် လက်တွေ့စမ်းသပ်မှုရလဒ်များအရ အဆိုပါသွေးစစ်နည်းသည် ဖြစ်ပွားခါစ ကင်ဆာရောဂါများကို ထောက်လှမ်းဖော်ထုတ်ပေးရာတွင် အလွန်တိကျမှုရှိကြောင်း အမေရိကန်သုတေသနပညာရှင်များ၏အဆိုအရသိရသည်။

အမေရိကန်သုတေသနပညာရှင်များသည် ၎င်းတို့၏ MCED အမည်ရှိ အဆိုပါသွေးစစ်နည်းကို လူဦးရေပေါင်း ၄၀၀၀ တို့ဖြင့် လက်တွေ့စမ်းသပ်မှုများ ပြုလုပ်ခဲ့ပြီးနောက် အထက်ပါတွေ့ရှိချက်များကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။ KKO






# ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲကို အာဂျင်တီးနားနိုင်ငံက အိမ်ရှင်အဖြစ် ပြောင်းလဲကျင်းပခွင့်ရရှိ



**ဂျူနိဗ်အေရိစ် မေ ၁၈**

အင်ဒိုနီးရှားနိုင်ငံသည် ယခုနှစ် ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲကို အိမ်ရှင်အဖြစ် ကျင်းပခွင့်ရရှိခဲ့သော်လည်း နိုင်ငံရေးမတည်ငြိမ်မှုကြောင့် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်က တောင်အမေရိကတိုက်မှ အာဂျင်တီးနားနိုင်ငံကို အိမ်ရှင်အဖြစ် ပြောင်းလဲကျင်းပခွင့်ပြုခဲ့ကြောင်း ESPN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံသည် ယခုနှစ် မတ် ၂၉ ရက်တွင် ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲကို ကျင်းပခွင့်ရရှိထားသော်လည်း ပွဲစဉ်ရေးဆွဲမှုအရ ဘာလီမြို့တွင် အစ္စရေးအသင်းနှင့် ယှဉ်ပြိုင်ရမည်ဖြစ်ရာ ဘာလီမြို့တော်ဝန်က အစ္စရေးအသင်းနှင့် ကစားရန် ငြင်းဆိုခဲ့သောကြောင့် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်က အင်ဒိုနီးရှားနိုင်ငံကို အိမ်ရှင်အဖြစ်မှ ဖယ်ရှား၍ အာဂျင်တီးနားနိုင်ငံကို အိမ်ရှင်အဖြစ် ပြောင်းလဲကျင်းပခွင့်ပြုခဲ့ကြောင်း သိရသည်။

ယခုအခါ ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲကို လာမည့် မေ ၂၀ ရက်မှ ဇွန် ၁၁ ရက်ထိ အာဂျင်တီးနားနိုင်ငံတွင် ကျင်းပသွားမည်ဖြစ်ကြောင်း အာဂျင်တီးနားဘောလုံးအဖွဲ့ချုပ်ကလည်း တရားဝင်ထုတ်ပြန်ကြေညာခဲ့ပြီး ပွဲစဉ်ဇယားကို လာမည့်သောကြာနေ့တွင် ဆွစ်ဇာလန်နိုင်ငံ ဇူးရစ်မြို့၌ ရေးဆွဲသွားမည်ဖြစ်သည်။

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ အင်ဖန်တီနိုက "အခုလို ယူ-၂၀ ကမ္ဘာ့ဖလားကို အိမ်ရှင်အဖြစ် ကျင်းပခွင့်ပြုခဲ့တဲ့ အာဂျင်တီးနားအာဏာပိုင်နဲ့ အာဂျင်တီးနားဘောလုံးအဖွဲ့ချုပ်ကို ကျေးဇူးတင်ပါတယ်။ အချိန်တိုအတွင်းမှာ အိမ်ရှင်နိုင်ငံရွေးချယ်ဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ အာဂျင်တီးနားဘောလုံးအဖွဲ့ချုပ်ကတော့ ကျင်းပဖို့ လက်ခံခဲ့ပါတယ်"ဟု ပြောကြားခဲ့သည်။ ML

# ချယ်လ်ဆီးအသင်းမှ ကစားသမားလေးဦးထိ ခေါ်ယူရန် ရီးရဲလ်မက်ဒရစ်အသင်းဥက္ကဋ္ဌ ပြင်ဆင်

**မက်ဒရစ် မေ ၁၈**

ရီးရဲလ်မက်ဒရစ် အသင်းသည် ချယ်လ်ဆီးအသင်းနှင့် စာချုပ်သက်တမ်း ကုန်ဆုံးတော့မည့် ရီစီဂျိမ်း၊ လော့တပ်ချိစ်၊ မေဆင်မောင့်နှင့် ကိုဗာဆစ်တို့ကို ခေါ်ယူနိုင်ရန် ပြင်ဆင်နေသည်ဟု အသင်းဥက္ကဋ္ဌပီးရက်ဇ် ထုတ်ဖော်ပြောကြားခဲ့ကြောင်း Goal.com က ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါ ကစားသမားလေးဦးတွင် သုံးဦးမှာ လာမည့်ရာသီတွင် အသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်ပြီး ချယ်လ်ဆီးအသင်း အနေဖြင့် စာချုပ်သက်တမ်းတိုးရန် ဆန္ဒရှိသော်လည်း ဝင်ငွေထွက်ငွေ မညီမျှမှုကြောင့် စာချုပ်သစ်ချုပ်ဆိုရန် အခက်အခဲဖြစ်နေသောကြောင့် ရီးရဲလ်မက်ဒရစ်အသင်းဥက္ကဋ္ဌ ပီးရက်ဇ်က လာမည့်ရာသီတွင် ကစားသမားအင်အားဖြည့်တင်းရန်အတွက် ချယ်လ်ဆီးအသင်းမှ ကစားသမားများကို ခေါ်ယူရန် စိတ်ဝင်စားကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

လက်ရှိတွင် ချယ်လ်ဆီးအသင်းသည် ခံစစ်ကစားသမား ရီစီဂျိမ်းကိုသာ ဆက်လက်ထိန်းသိမ်းရန် ကြိုးပမ်းနေကာ မေဆင်မောင့်၊ လော့တပ်ချိစ်နှင့် ကိုဗာဆစ်တို့ကို ဘဏ္ဍာရေးလိုအပ်ချက်အရ ရောင်းချသွားရန် ဆန္ဒရှိနေကြောင်း သိရသည်။

ချယ်လ်ဆီးအသင်းသည် အသင်းပိုင်ရှင် တော့ဘိုလီလက်ထက်တွင် နည်းပြအပြောင်းအလဲ များစွာဖြစ်ပေါ်ခဲ့ပြီး အသင်းရလဒ်ပိုင်းမှာလည်း လက်ရှိအချိန်ထိ တည်ငြိမ်မှုမရှိဘဲ အမှတ်ပေးပြိုင်ပွဲတွင် ရမှတ် ၄၉ မှတ်ဖြင့် အဆင့် (၁၁) နေရာတွင် ရောက်ရှိနေပြီး ဥရောပဝင်ခွင့်ရရှိရန် မျှော်လင့်ချက်မရှိတော့သည့်အပြင် ချန်ပီယံလိဂ်ပြိုင်ပွဲတွင်လည်း ရီးရဲလ်မက်ဒရစ်အသင်းကို ပထမအကျော့တွင် ဂိုးပြတ်ရှုံးနိမ့်ထားသောကြောင့် ကွာတားဖိုင်နယ်အဆင့်မှ ထွက်ခွာရန် နီးစပ်နေကြောင်း သိရသည်။ ML



# World Champions Cup ဂေါက်သီးရိုက်ပြိုင်ပွဲတွင် Team Europe အသင်းခေါင်းဆောင်အဖြစ် ဒါရင့်ကလက်ကို ခန့်အပ်

**ဖလော်ရီဒါ မေ ၁၈**

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ်တွင် ကျင်းပသွားမည့် ၂၀၂၃ ခုနှစ် World Champions Cup စီနီယာဂေါက်သီးရိုက်ပြိုင်ပွဲကို ပုံစံသစ်ဖြင့် ကျင်းပသွားမည်ဖြစ်ပြီး ဥရောပအသင်းအား ကိုယ်စားပြုသည့် Team Europe အသင်း၏ အသင်းခေါင်းဆောင်အဖြစ် ဒါရင့်ကလက်ကို ခန့်အပ်လိုက်ပြီဖြစ်ကြောင်း ဥရောပဂေါက်သီးရိုက်အဖွဲ့ချုပ်က ထုတ်ပြန်ခဲ့သည်ဟု Independent သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ယခင်က World Champions Cup စီနီယာဂေါက်သီးရိုက်ပြိုင်ပွဲကို Team International နှင့် Team USA တို့ နှစ်သင်းသာ ယှဉ်ပြိုင်ကြသော်လည်း ၂၀၂၃ ခုနှစ်တွင် ပုံစံသစ်ဖြင့် ကျင်းပမည်ဖြစ်သလို Team Europe အသင်းတစ်သင်းကိုလည်း ထပ်မံဖွဲ့စည်းယှဉ်ပြိုင်စေရန် ပြိုင်ပွဲကျင်းပရေးကော်မတီက ဆုံးဖြတ်ခဲ့သည်။

ယခုနှစ်တွင် ပြိုင်ပွဲဝင်အသင်း သုံးသင်းရှိလာမည်ဖြစ်သည့်အတွက် ပြိုင်ပွဲမှာ ပိုမိုအကြိတ်အနယ် ရှိလာတော့မည်ဖြစ်သည်။

ပြိုင်ပွဲကိုလည်း သုံးရက်တိုင်တိုင် ကျင်းပသွားမည်ဖြစ်ပြီး စီနီယာကစားသမားများအား ကျင်းပပေးသည့် ပြိုင်ပွဲဖြစ်သည့်အတွက်ကြောင့် ၁၈ ကျင်းစနစ်ဖြင့် ကျင်းပသွားမည်မဟုတ်ဘဲ ကိုးကျင်းစီသာ ယှဉ်ပြိုင်ရမည့် စနစ်ကို ကျင့်သုံးသွားမည်ဖြစ်သည်။

ဒါရင့်ကလက်က "World Champions Cup စီနီယာဂေါက်သီးရိုက်ပြိုင်ပွဲမှာ အသင်းသစ်အနေနဲ့ Team Europe အသင်း ပါဝင်ယှဉ်ပြိုင်ခွင့်ရတော့မှာဖြစ်ပါတယ်။ Team Europe အသင်းရဲ့အသင်း ခေါင်းဆောင်အဖြစ် တာဝန်ပေးအပ်ခံခဲ့ရတဲ့အတွက်ကြောင့် ဝမ်းသာဂုဏ်ယူမိပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။ AZL

# ပရီးမီးယားလိဂ်ရွှေလက်အိတ်ဆုအတွက် မန်ယူအသင်းမှ ဒီဂီယာ ထိပ်ဆုံးမှ ဦးဆောင်

**မန်ချက်စတာ မေ ၁၈**

၂၀၂၂-၂၀၂၃ ဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲ၏ ရွှေလက်အိတ်ဆုအတွက် ရပ်တည်မှုတွင် မန်ယူအသင်းမှ ဂိုးသမား ဒီဂီယာက ဂိုးမပေးရသည့် ပွဲစဉ် (Clean sheet) ၁၄ ပွဲဖြင့် ထိပ်ဆုံးတွင် ဦးဆောင်လျက်ရှိနေသည်ဟု B/R Football သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ပရီးမီးယားလိဂ်ဘောလုံးအဖွဲ့ချုပ်က ရွှေလက်အိတ်ဆုကို ဘောလုံးရာသီအကုန်တွင် ဂိုးမပေးရသည့်ပွဲစဉ် (Clean sheet) အများဆုံးကစားသမားကို ရွေးချယ်ပေးအပ်ခြင်းဖြစ်ပြီး မန်ယူအသင်းဂိုးသမား ဒီဂီယာက နော်တင်ဟမ်အသင်းနှင့် မန်ယူအသင်းတို့ကစားခဲ့သည့်ပွဲစဉ်တွင် ဂိုးမပေးခဲ့ရပြီးနောက် ဂိုးမပေးရသည့် ပွဲစဉ် ၁၄ ပွဲထိရှိလာခဲ့ပြီး ထိပ်ဆုံးတွင် ရပ်တည်လျက်ရှိနေခြင်းဖြစ်သည်။

ရွှေလက်အိတ်ဆု အတွက် ရပ်တည်မှုတွင် ဒီဂီယာ၏နောက်၌ နယူးကာဆယ်အသင်းမှ နစ်ပုပ်က ၁၃ ပွဲဖြင့်လည်းကောင်း၊ အာဆင်နယ်အသင်းမှ ရမ်ဒေးလ်က ၁၂ ပွဲဖြင့်လည်းကောင်း၊ လီဗာပူးအသင်းမှအယ်လစ်ဆန်က ၁၁ ပွဲဖြင့်လည်းကောင်း၊ အေဗီလာအသင်းမှမာတီနက်ဇ်နှင့် မန်စီးတီးအသင်းမှ အီဒါဆန်တို့က ၁၀ ပွဲစီဖြင့်လည်းကောင်း၊ ချယ်လ်ဆီးအသင်းမှ ကီပါ၊ ဝုဗ်အသင်းမှ ဂျို့ဆာ၊ ဘရန့်ဖို့ဒ်အသင်းမှ ရာယာတို့က ကိုးပွဲစီဖြင့်လည်းကောင်း အသီးသီး ရပ်တည် လျက်ရှိနေသည်။




ဂိုးသမား ဒီဂီယာသည် ရွှေလက်အိတ်ဆုအတွက် ထိပ်ဆုံးမှ ရေပန်းစားလျက်ရှိနေသော်လည်း ၂၀၂၂-၂၀၂၃ ဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲ၏ နေရာလိုက်အကောင်းဆုံး ဆန်ခါတင်ကစားသမားစာရင်းတွင် ချန်လှပ်ခံခဲ့ရကြောင်း သိရသည်။ STA

## အားကစားသတင်း အတိုအထွာများ

- ဘိုင်ယန်မြူးနစ်အသင်းနည်းပြတူချယ်က ဆာနေးကိုရောင်းချ၍ ဂျူဗင်တပ်အသင်း ကွင်းလယ်ကစားသမား ချီဆာနှင့် အစားထိုးရန် ပစ်မှတ်ထားနေကြောင်း သိရသည်။
- မန်ယူအသင်းက ဆန်ဒါးလန်းအသင်းသို့ အငှားချထားသည့် အာမတ်ဒီယာလိုကို လာမည့်ရာသီတွင် အသင်းကြီးလူစာရင်း၌ ထည့်သွင်းသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။
- အီသီဟတ်ကွင်း၏ မြောက်ဘက်ခြမ်းကို ထပ်မံတိုးချဲ့သွားမည်ဖြစ်ကြောင်း မန်စီးတီးအသင်းက တရားဝင်ပြောကြားခဲ့သည်။
- တူရကီနိုင်ငံ၏ နိုင်ငံရေးမတည်ငြိမ်မှုများကြောင့် အစ္စတန်ဘူလ်မြို့တွင်ကျင်းပမည့် ယခုနှစ် ချန်ပီယံလိဂ်ဗိုလ်လုပွဲစဉ်ကို ပေါ်တူဂီနိုင်ငံတွင် ပြောင်းလဲကျင်းပနိုင်ဖွယ် ရှိကြောင်း သိရသည်။

ML

# ပရီးမီးယားလိဂ်ဘောလုံးအဖွဲ့ချုပ်က ဗီဒီယိုအကူဒိုင်စနစ်(VAR) ကို အဆင့်မြှင့်တင်ရန် ပြင်ဆင်



**လန်ဒန် မေ ၁၈**

ပရီးမီးယားလိဂ်ဒိုင်အဖွဲ့ချုပ်က လက်ရှိ ကျင့်သုံးလျက်ရှိနေသည့် ဗီဒီယိုအကူဒိုင်စနစ် (VAR) ကို အဆင့်မြှင့်တင်ရန်အတွက် ပြင်ဆင်လျက်ရှိနေသည်ဟု 90Min သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ယခုနှစ်ဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ဗီဒီယိုအကူဒိုင်စနစ်(VAR)ကို အသုံးပြုလျက်ရှိနေသော်လည်း သံသယဖြစ်ဖွယ် ဆုံးဖြတ်ချက်များကို ကွင်းလယ်ဒိုင်များအနေဖြင့် မကြာခဏချမှတ်လေ့ရှိနေသည့်အတွက် ဝေဖန်မှုများရင်ဆိုင်နေရပြီး ပရီးမီးယားလိဂ်ဒိုင်အဖွဲ့ချုပ်အနေဖြင့် တရားဝင်တောင်းပန်မှုများ ပြုလုပ်နေရသောကြောင့် ဗီဒီယိုအကူဒိုင်စနစ် (VAR) ကို အဆင့်မြှင့်တင်ရန် ပြင်ဆင်နေခြင်းဖြစ်သည်။

ပရီးမီးယားလိဂ်ဒိုင်အဖွဲ့ချုပ်က လက်ရှိ ကျင့်သုံးလျက်ရှိနေသည့် ဗီဒီယိုအကူဒိုင်စနစ်(VAR)အပြင် နောက်ထပ် ကင်မရာလေးလုံး တိုးချဲ့တပ်ဆင်ပြီး ယခုအသုံးပြုနေသည်ထက် ပိုမိုတိကျသည့်မှတ်တမ်းများ ရယူနိုင်ရန်အတွက် ပြင်ဆင်နေခြင်းဖြစ်သည်။

ယခုနှစ် ဘောလုံးရာသီတွင် နောက်ဆုံး ရက်သတ္တခြောက်ပတ်ဆက် ဒိုင်လူကြီးများအနေဖြင့် ဗီဒီယိုအကူဒိုင်စနစ် (VAR) ဖြင့် မှားယွင်းသည့် ဆုံးဖြတ်ချက်များ ချမှတ်ခဲ့ကြသည့်အတွက် ပြင်းပြင်းထန်ထန် ဝေဖန်ခံခဲ့ရသကဲ့သို့ အာဆင်နယ်အသင်းနှင့် ဘရန့်ဖို့ဒ်အသင်းတို့ ကစားခဲ့သည့်ပွဲစဉ်တွင်လည်း ဒိုင်လူကြီး လီမာဆင်သည် ဗီဒီယိုအကူဒိုင်စနစ် (VAR) ဖြင့် ပြန်လည်ကြည့်ရှုပြီး ဘရန့်ဖို့ဒ်အသင်းမှ အီဗန်တိုနေး၏ သွင်းဂိုးကို ခွင့်ပြုပေးခဲ့သည့်အတွက် လက်ရှိတွင် ဒိုင်လူကြီးရာထူးမှ နုတ်ထွက်ခဲ့ရကြောင်း သိရသည်။

STA

# WBA (Regular) စူပါမစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံ ကာကွယ်ပွဲစဉ်အတွက် ဒေးဗစ်မိုရယ်လ် မီဒီယာတွေ့ဆုံပွဲ ကျင်းပ

**နီဗားဒါး မေ ၁၈**

WBA(Regular) စူပါမစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံ ကာကွယ်ပွဲစဉ်အဖြစ် ကျူးဘားလက်ဝှေ့သမား ဒေးဗစ်မိုရယ်လ်သည် စိန်ခေါ်သူ ဘရာဇီးလက်ဝှေ့သမားဖယ်လ်ကာအိုနှင့် မေ ၂၂ ရက်တွင် အမေရိကန်နိုင်ငံ နီဗားဒါးပြည်နယ်၌ ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်ပြီး အဆိုပါ စိန်ခေါ်ပွဲအတွက် နှစ်ဖက်ကစားသမားများက ယနေ့တွင် မီဒီယာတွေ့ဆုံပွဲကျင်းပခဲ့ကြောင်း Boxing News24 သတင်းဌာနက ဖော်ပြခဲ့သည်။

ဒေးဗစ်မိုရယ်လ်သည် ပရော်ဖက်ရှင်နယ် လက်ဝှေ့လောကသို့ ကူးပြောင်းလာခဲ့ပြီးနောက် စိန်ခေါ်ပွဲ ရှစ်ပွဲသာ ထိုးသတ်ထားသော်လည်း ရှုံးပွဲမရှိရလဒ်ဖြင့် ကမ္ဘာ့ချန်ပီယံ ခါးပတ်ကိုရရှိအောင် စွမ်းဆောင်ထားနိုင်သူဖြစ်သည်။

ဖယ်လ်ကာအိုသည် ဝါရင့်လက်ဝှေ့သမား တစ်ဦးဖြစ်ပြီး စိန်ခေါ်ပွဲပေါင်း ၂၇ ပွဲထိ ထိုးသတ်ထားသူဖြစ်သလို ရှုံးပွဲတစ်ပွဲနှင့် သရေရလဒ်ထွက်ပေါ်ခဲ့သည့် ပွဲစဉ်နှစ်ပွဲသာရှိသည့် လက်ဝှေ့သမား တစ်ဦးဖြစ်သည်။

ဒေးဗစ်မိုရယ်လ်သည် ၂၀၂၀ ပြည့်နှစ်ကတည်းက WBA (Regular) စူပါမစ်ဒယ်ဝိတ်တန်းကမ္ဘာ့ချန်ပီယံခါးပတ်ကို ဆွတ်ခူးခဲ့သူဖြစ်ပြီး လက်ရှိချန်ပီယံကာကွယ်ပွဲစဉ်ကိုလည်း လေးကြိမ်တိုင်တိုင်အောင်မြင်စွာ ထိုးသတ်ထားသူလည်းဖြစ်သည်။

ဒေးဗစ်မိုရယ်လ်က"ကျွန်တော့်အနေနဲ့ စူပါမစ်ဒယ်ဝိတ်တန်းမှာ အမှတ်တရကောင်းတွေ အများကြီးရှိတယ်။ ပရော်ဖက်ရှင်နယ်လက်ဝှေ့လောကထဲ ရောက်လာပြီး လေးပွဲထိုးသတ်လို့အပြီးမှာ ကမ္ဘာ့ချန်ပီယံဖြစ်ခွင့်ရခဲ့တယ်။ ဂုဏ်ယူစရာ အမှတ်တရကောင်း ဖြစ်ပါတယ်။ လက်ရှိချန်ပီယံဆုကိုလဲ လေးကြိမ်တိုင်တိုင် ကာကွယ်ထားနိုင်တယ်။ အခု ငါးကြိမ်မြောက်ချန်ပီယံဆုကို ကာကွယ်ဖို့ ထိုးသတ်သွားမယ်။ ဒီပွဲစဉ်အတွက်လဲ အကောင်းဆုံး ပြင်ဆင်ထားတယ်။ ဖယ်လ်ကာအိုနဲ့ ယှဉ်ပြိုင်ထိုးသတ်သွားရမဲ့ လက်ရှိချန်ပီယံ ကာကွယ်ပွဲစဉ်ဟာ ယခင်က ထိုးသတ်ခဲ့တဲ့ ပွဲတွေနဲ့မတူဘူး။ ဒိုပြီးတော့ ခက်ခဲလိမ့်မယ်။ အကောင်းဆုံး လုပ်ပြနိုင်မယ်လို့ ကျွန်တော်ယုံကြည်တယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။ AZL




# ပရီးမီးယားလိဂ်ပြိုင်ပွဲ၏နေရာလိုက်အကောင်းဆုံးကစားသမားဆု ဆန်ခါတင်စာရင်းထုတ်ပြန်

**လန်ဒန် မေ ၁၈**

ပရီးမီးယားလိဂ် ဘောလုံးအဖွဲ့ချုပ်ကပေးအပ်ချီးမြှင့်မည့် ယခုနှစ်ဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲ၏ နေရာလိုက်အကောင်းဆုံးကစားသမားဆုအတွက် ဆန်ခါတင်စာရင်းထုတ်ပြန်ခဲ့ကြောင်း The Athletic သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ပရီးမီးယားလိဂ်ဘောလုံးအဖွဲ့ချုပ်က ထုတ်ပြန်ခဲ့သည့် ယခုနှစ်ဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲ၏ နေရာလိုက်အကောင်းဆုံးကစားသမား ၁၁ ဦး ဆန်ခါတင်စာရင်းမှ ဂိုးသမားနေရာတွင် အာဆင်နယ်အသင်းမှ ရမ်ဒေးလ်၊ နယူးကာဆယ်အသင်းမှ နစ်ပုပ်၊ ဖူလ်ဟမ်အသင်းမှ လီနို၊ ချဲလ်ဆီးအသင်းမှ ကီပါ၊ လီဗာပူးအသင်းမှ အယ်လစ်ဆန်တို့ ပါဝင်ခဲ့ကြသည်။

ခံစစ်ကစားသမား နေရာတွင် အာဆင်နယ်အသင်းမှ ဇီချန်ကို၊ ဂါဘရီရယ်နှင့် ဆာလီဘာ၊ နယူးကာဆယ်အသင်းမှ ထရစ်ပီယာနှင့်ဘော့မန်း၊ ချဲလ်ဆီးအသင်းမှ သီယာဂိုဆေးဗား၊ မန်ယူအသင်းမှ လုခ်ရှောနှင့် မာတီနက်ဇ်၊ မန်စီးတီးအသင်းမှ ဒီယက်၊ စပါးအသင်းမှ ရိုမီယို၊ ဘရန့်ဖို့ဒ်အသင်းမှ မီးလ်၊ ကွင်းလယ်ကစားသမားနေရာတွင် မန်စီးတီးအသင်းမှ ဒီဘရိုင်း၊ ရိုဒရီ၊ ဖူလ်ဟမ်အသင်းမှ ပယ်လင်ဟာ၊ အာဆင်နယ်အသင်းမှ အိုဒီဂက်၊ ဘရိုက်တန်အသင်းမှ မီတိုမာ၊ မက်ချ်၊ အဲလစ်စတာ၊ လက်စတာအသင်းမှ မက်ဒီဆင်၊ စပါးအသင်းမှ ဟော့ဂျက်၊ ဘင်တန်ကူလာ၊ မန်ယူအသင်းမှ ကက်စ်မဲရိုး၊ နယူးကာဆယ်အသင်းမှ ဂူမာရေးစ်တို့ ပါဝင်ခဲ့ကြပြီး တိုက်စစ်ကစားသမားနေရာတွင် အေဗီလာအသင်းမှ ဝက်ကင်၊ လီဗာပူးအသင်းမှ ဆာလာဟ်၊ နူနက်၊ မန်စီးတီးအသင်းမှ မာရက်၊ ဟာလန်း၊ ဂရီးလစ်ချ်၊ စပါးအသင်းမှဟယ်ရီကိန်း၊ အာဆင်နယ်အသင်းမှ ဆာကာ၊ မာတင်နယ်လီ၊ မန်ယူအသင်းမှ ရက်ရှ်ဖို့ဒ်၊ ချဲလ်ဆီးအသင်းမှ ကိုင်ဟာဗက်၊ နယူးကာဆယ်အသင်းမှ အယ်မီရွန်တို့ ပါဝင်ခဲ့ကြကြောင်း သိရသည်။

STA

# စတုဂတ်အိုးပင်းတင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်သို့ ကျန်းကွင်းဝမ် တက်ရောက်

**စတုဂတ် မေ ၁၈**

ဂျာမနီနိုင်ငံ စတုဂတ်မြို့တွင် ကျင်းပနေသည့် စတုဂတ်အိုးပင်းတင်းနစ်ပြိုင်ပွဲ ပထမအဆင့် ပွဲစဉ်တစ်ပွဲအဖြစ် တရုတ်တင်းနစ်မယ် ကျန်းကွင်းဝမ်နှင့် အမေရိကန်တင်းနစ်နယ် အလိုင်စီယာတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ကျန်းကွင်းဝမ်က (၆-၄၊ ၆-၄) ရလဒ်ဖြင့် အနိုင်ရရှိကာ ဒုတိယအဆင့်သို့ တက်ရောက်ခဲ့ကြောင်း CGTN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ကျန်းကွင်းဝမ်သည် ယမန်နှစ်ကလည်း စတုဂတ်အိုးပင်းတင်းနစ်ပြိုင်ပွဲတွင် အလိုင်စီယာနှင့် တစ်ကြိမ်တွေ့ဆုံခဲ့ဖူးပြီး ကျန်းကွင်းဝမ်က အနိုင်ရရှိခဲ့သည်။

အလိုင်စီယာသည် စပေးဘောတွင် ထူးချွန်သည့် ကစားသမားတစ်ဦးဖြစ်သော်လည်း ကျန်းကွင်းဝမ်က အလိုင်စီယာ၏အားပါပြင်းထန်သော စပေးဘောများအား အကောင်းဆုံး ကာကွယ်သွားနိုင်ခဲ့သည်။

ကျန်းကွင်းဝမ်က "ခက်ခဲတဲ့ ပြိုင်ဘက်ကောင်း တစ်ယောက်ကို အနိုင်ကစားနိုင်ခဲ့လို့ ဝမ်းသာဂုဏ်ယူပါတယ်။ နောက်ပြီးတော့ အလိုင်စီယာရဲ့ စပေးဘောတွေက တော်တော်လေးကောင်းတယ်။ အခုပြိုင်ပွဲဝင်နေတဲ့ ကစားသမားတွေထဲမှာ အလိုင်စီယာက စပေးဘောအကောင်းဆုံး ကစားသမားတစ်ယောက်လို့ ကျွန်မ သုံးသပ်မိတယ်။ သူ့ရဲ့ စပေးဘောတွေက အားပါပြင်းထန်ပြီး မှန်းဆရခက်တယ်။ ဒီလိုကောင်းမွန်တဲ့ စပေးဘောကို အကောင်းဆုံးတုံ့ပြန်ပြီး အနိုင်ရလဒ်ကို စွမ်းဆောင်နိုင်ခဲ့လို့ ဝမ်းသာမိပါတယ်" ဟု ပြောကြားခဲ့သည်။ AZL

# ယခုနှစ်ဘောလုံးရာသီဥရောပရွှေဖိနပ်ဆုအတွက် တိုက်စစ်မှူး ဟာလန်း ထိပ်ဆုံးမှဦးဆောင်

**မန်ချက်စတာ မေ ၁၈**

မန်စီးတီးအသင်း တိုက်စစ်ကစားသမား ဟာလန်းသည် ယခုနှစ်ဘောလုံးရာသီ ဥရောပရွှေဖိနပ်ဆုအတွက် ထိပ်ဆုံးမှ ရမှတ်အပြတ်အသတ်ဖြင့် ဦးဆောင်လျက်ရှိနေသည်ဟု B/R Football သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ဥရောပဘောလုံးအဖွဲ့ချုပ်က ဥရောပသွင်းဂိုး အများဆုံးကစားသမားဆုဖြစ်သည့် ဥရောပရွှေဖိနပ်ဆုအတွက် ဥရောပရှိသက်ဆိုင်ရာလိဂ်အဆင့်အတန်းလိုက် ရမှတ်များသတ်မှတ်ကာ ရွေးချယ်ချီးမြှင့်ခြင်းဖြစ်ပြီး လက်ရှိတွင် ဟာလန်းက ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ၃၂ ဂိုးထိ သွင်းယူနိုင်ခဲ့ပြီးနောက် ရမှတ် ၆၄ မှတ်ဖြင့် ထိပ်ဆုံးမှ အသာစီးဖြင့် ဦးဆောင်နေခြင်းဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် ဥရောပရွှေဖိနပ်ဆုအတွက် အဆင့်ရပ်တည်မှုများတွင် ဟာလန်း၏နောက်၌ စပါးအသင်းမှ ဟယ်ရီကိန်းက ၂၃ ဂိုးသွင်းယူပြီး ရမှတ် ၄၆ မှတ်ဖြင့် အဆင့် (၂)၊ နာပိုလီအသင်းမှ အိုဆီမန်က ၂၁ ဂိုးသွင်းယူပြီး ၄၂ မှတ်ဖြင့် အဆင့် (၃)၊ ဖီနာဘာချီအသင်းမှ ဗလင်စီယာက အဆင့် (၄)၊ ပီအက်စ်ဂျီအသင်းမှအမ်ဘက်ပီက အဆင့် (၅)၊ လိုင်လီအသင်းမှ ဂျွန်နသန်ဒေးဗစ်က အဆင့် (၆)၊ လိုင်ယွန်အသင်းမှ လာကာဇက်က အဆင့် (၇)၊ ဘိုဒိုဂလင့်အသင်းမှ ပယ်လီဂရီနိုက အဆင့် (၈)၊ ဘရန့်ဖို့ဒ်အသင်းမှ အီဗန်တိုနေးက အဆင့် (၉)၊ ရိမ်းအသင်းမှ ဘာလိုဂန်ကအဆင့် (၁၀) နေရာတွင်လည်းကောင်း အသီးသီး ရပ်တည်ခဲ့ကြကြောင်း သိရသည်။

STA



# ငြိမ်းငြိမ်းချမ်းချမ်းသာသာယာယာ ကျက်သရေတက်နေထွန်းသည့် ပြည်မြန်မာ

ဘုန်းမောင်ဝင်း(ဖျာပုံ)

မြန်မာတို့ရဲ့ နှစ်သစ်ကူးသင်္ကြန်ကာလဟာ တကယ့်ကိုပဲ ပျော်ရွှင်ကြည်နူးချမ်းမြေ့ဖွယ်ကောင်းလှတဲ့ပွဲတော်ဖြစ်ပါတယ်။ လူကြီး၊ လူငယ်မရွေးပျော်ရွှင်စွာပါဝင်ဆင်နွှဲကြပြီး ပွဲတော်ကျင်းပတဲ့နေရာတိုင်းမှာ ကြက်ပျံမကျစည်ကားလှပါတယ်။ စည်ကားလှပါတယ်ဆိုတဲ့စကားကို အကြောင်းမဲ့ပြောတာမဟုတ်ပါဘူး။ မြန်မာနိုင်ငံရဲ့ အုပ်ချုပ်ရေးမြို့တော် နေပြည်တော်၊ စီးပွားရေးမြို့တော် ရန်ကုန်နဲ့ ယဉ်ကျေးမှုမြို့တော် မန္တလေးမြို့တို့မှာကျင်းပတဲ့ သင်္ကြန်မှာပါဝင်ဆင်နွှဲနေကြပုံတွေကို ရုပ်မြင်သံကြားကနေ တိုက်ရိုက်ထုတ်လွှင့်ပြသပေးလျက်ရှိပါတယ်။ စည်ကားများပြားတာ၊ ပျော်ရွှင်တာတွေနဲ့အတူ ဖျော်ဖြေနေတဲ့အနုပညာရှင်တွေ၊ ပွဲကြည့်ပရိသတ်တွေရဲ့ အပျော်တွေကို နိုင်ငံတစ်ဝန်းလုံးကပြည်သူတွေ မြင်တွေ့ကြရပြီးဖြစ်ပါတယ်။

မဟာသင်္ကြန်ဆိုတာ မြန်မာတိုင်းရင်းသားအားလုံး၊ ပြည်သူတစ်ရပ်လုံးနဲ့သက်ဆိုင်တဲ့ပွဲတော်ဖြစ်ပါတယ်။ လူမျိုးမရွေး၊ ဘာသာမရွေး၊ ကျား၊ မ ကြီးငယ်မရွေး ပျော်ရွှင်စွာရေပက်ကစားကြပါတယ်။ သင်္ကြန်မဏ္ဍပ်တွေမှာ ဖျော်ဖြေရေးအစီအစဉ်တွေနဲ့အတူ စတုဒိသာကျွေးမွေးကြပါတယ်။ သင်္ကြန်မဏ္ဍပ်တွေမှာမှမဟုတ်ပါဘူး ရပ်ကွက်၊ ကျေးရွာတွေ၊ ဘုန်းတော်ကြီးကျောင်းတွေမှာလဲ စတုဒိသာကျွေးမွေးတာဟာ မြန်မာတို့ရဲ့ ကုသိုလ်ကောင်းမှုပျော်မွေ့ခြင်းပါပဲ။ သူတစ်ပါးပျော်ရွှင်နေတာ၊ ကြည်နူးနေတာ၊ အားရဝမ်းသာစားသောက်နေတာတွေကိုကြည့်ပြီး အလှူရှင်တွေက ဝမ်းသာကြပါတယ်။ အလှူခံပုဂ္ဂိုလ်တွေအနေနဲ့လဲ မြန်မာပီပီစိတ်ထားကောင်းကောင်းနဲ့ "သည့်ထက်မကလှူနိုင်တန်းနိုင်ကြပါစေ၊ စိတ်ချမ်းသာ ကိုယ်ကျန်းမာဖြင့် လူမှုစီးပွားဘဝတိုးတက်မြင့်မားကြပါစေ" ဆိုတဲ့ ဆုမွန်ကောင်းတောင်းပေးကြပါတယ်။ ဒါဟာ မြန်မာတို့ရဲ့ချစ်စရာဓလေ့နဲ့ အစဉ်အလာကောင်းပဲဖြစ်ပါတယ်။

၁၃၈၄ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော်ကို မြန်မာ့ဓလေ့ထုံးတမ်းအစဉ်အလာနဲ့အညီ ရိုးရာမပျက်ဆက်လက်ထိန်းသိမ်းဖို့၊ ပြည်သူတွေ ကိုယ်စိတ်နှစ်ပါးရွှင်လန်းချမ်းမြေ့စွာနဲ့ ရေသဘင်ပွဲတော်မှာ ယဉ်ကျေးသိမ်မွေ့စွာ ပါဝင်ဆင်နွှဲနိုင်ဖို့၊ ပြည်သူတွေဟာ မိမိတို့ပင်ပန်းနွမ်းနယ်သမျှကို အတာရေပက်ဖျန်းလန်းဆန်းစေခြင်းဖြင့် နှစ်သစ်တွင် နိုင်ငံတော်ရဲ့တာဝန်တွေကို စွမ်းအားပြည့်ဆောင်ရွက်နိုင်ကြစေဖို့၊ မြန်မာမှု၊ မြန်မာ့ဟန်၊ မြန်မာ့ရိုးရာယဉ်ကျေးမှုအနှစ်သာရတွေ၊ အမျိုးသားရေးစရိုက်လက္ခဏာတွေကို ဆက်လက်ထိန်းသိမ်းစောင့်ရှောက်တတ်ကြစေဖို့ ရည်ရွယ်ချက်တွေနဲ့ ကျင်းပခဲ့တာဖြစ်ပါတယ်။

အခုဆိုရင် မဟာသင်္ကြန်ပွဲတော်ကြီးကို အောင်မြင်စွာကျင်းပပြီးစီးခဲ့လို့ ၁၃၈၄ ခုနှစ်ကနေ ၁၃၈၅ ခုနှစ်ကို ကူးပြောင်းရောက်ရှိခဲ့ပြီဖြစ်ပါတယ်။ ၁၃၈၅ ခုနှစ်၊ တန်ခူးလဆုတ် ၁၃ ရက် (၂၀၂၃ ခုနှစ်၊ ဧပြီ ၁၇ ရက်)ဟာ မြန်မာတို့ရဲ့နှစ်ဆန်းတစ်ရက်ဖြစ်ပါတယ်။ နှစ်သစ်ကို ကူးပြောင်းရောက်ရှိတဲ့နေ့မှာတော့ နိုင်ငံတော် သံဃမဟာနာယကဥက္ကဋ္ဌဆရာတော်ကြီးနဲ့ သီတဂူဆရာတော်ကြီး အစရှိတဲ့ ဆရာတော်၊ သံဃာတော်တွေရဲ့ နှစ်သစ်ကူးဆုတောင်းမိန့်ကြားသံတွေ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ရဲ့ နှစ်သစ်ကူးနှုတ်ခွန်းဆက်ဆုတောင်းသံနဲ့ အခြားလူပုဂ္ဂိုလ်များစွာတို့ရဲ့ ဆုတောင်းစကားသံတွေကိုလဲ ရုပ်မြင်သံကြားမှာ ပြည်သူတစ်ရပ်လုံးမြင်တွေ့ကြားသိရပြီးဖြစ်ပါတယ်။

ဆုတောင်းပေးကြသူရဟန်းရှင်လူအားလုံးက မိမိတို့နေထိုင်တဲ့ မြန်မာနိုင်ငံကြီးသာမက ကမ္ဘာ့လူသားအားလုံးအတွက် ဆုတောင်းပေးကြပါတယ်။ ငြိမ်းချမ်းခြင်း၊ သာယာခြင်း၊ ပျော်ရွှင်ခြင်းတွေနဲ့ လူသားတိုင်းစိတ်ချမ်းသာ၊ ကိုယ်ကျန်းမာနဲ့ရှိကြစေဖို့ ဆုတောင်းသလို မြန်မာနိုင်ငံကြီးအေးချမ်းသာယာဖွံ့ဖြိုးတိုးတက်စေဖို့အတွက်လဲ ဆုတောင်းပေးကြပါတယ်။ မြန်မာနိုင်ငံအတွင်းမှာ မှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသားလူမျိုးတွေရဲ့ ကိုယ်စားလှယ်တွေ၊ ဘာသာပေါင်းစုံက ကိုယ်စားလှယ်တွေကလဲ နှစ်သစ်မှာ မြန်မာနိုင်ငံအတွင်း အဖျက်ရန်တွေကင်းရှင်းပြီး အေးချမ်းသာယာစွာနေထိုင်နိုင်ကြပါစေကြောင်း ဆုတောင်းပေးကြပါတယ်။ ဒါတွေဟာ လူသားအားလုံးအတွက် ဝမ်းသာဖွယ်စကားသံတွေဖြစ်ပါတယ်။

> ❖ ငြိမ်းချမ်းခြင်း၊ သာယာခြင်း၊ ပျော်ရွှင်ခြင်းတွေနဲ့ လူသားတိုင်းစိတ်ချမ်းသာ၊ ကိုယ်ကျန်းမာနဲ့ရှိကြစေဖို့ ဆုတောင်းသလို မြန်မာနိုင်ငံကြီးအေးချမ်းသာယာဖွံ့ဖြိုးတိုးတက်စေဖို့အတွက်လဲ ဆုတောင်းပေးကြပါတယ်။ မြန်မာနိုင်ငံအတွင်းမှာ မှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသားလူမျိုးတွေရဲ့ ကိုယ်စားလှယ်တွေ၊ ဘာသာပေါင်းစုံက ကိုယ်စားလှယ်တွေကလဲ နှစ်သစ်မှာ မြန်မာနိုင်ငံအတွင်း အဖျက်ရန်တွေကင်းရှင်းပြီး အေးချမ်းသာယာစွာနေထိုင်နိုင်ကြပါစေကြောင်း ဆုတောင်းပေးကြပါတယ်။ ဒါတွေဟာ လူသားအားလုံးအတွက် ဝမ်းသာဖွယ်စကားသံတွေဖြစ်ပါတယ်။ ❖

လူသားတိုင်းဟာ မိမိတို့တစ်ဦးချင်းစီရဲ့ဘဝမှာ စိတ်ချမ်းသာ ကိုယ်ကျန်းမာနဲ့ ပျော်ရွှင်စွာနေထိုင်လိုကြသူတွေပဲဖြစ်ပါတယ်။ မိမိတို့ရဲ့လုပ်ဆောင်မှုတွေရဲ့အကျိုးဆက်အတိုင်း ခံစားကြရတာဖြစ်ပါတယ်။ လူတိုင်းမှာ ကံ၊ ဉာဏ်၊ ဝီရိယရယ်လို့ အရေးပါတဲ့ စွမ်းရည်သုံးမျိုးရှိပါတယ်။ ဉာဏ်၊ ဝီရိယနဲ့ပတ်သက်လို့ လူတိုင်းကလက်ခံကြပေမဲ့ ကံနဲ့စပ်လျဉ်းလို့ ကံမရှိဘူးဆိုသူကဆို၊ ကံကို မယုံဘူးဟု ပြောသူက ပြောကြပါတယ်။

ဒါပေမဲ့ ကံမရှိဘူး၊ ကံမယုံဘူးလို့ပြောသူတွေဟာ သူတို့ရဲ့အခြေအနေ၊ သူတို့ရဲ့အပြုအမူတွေ မသုံးသပ်မဆင်ခြင်သူတွေဖြစ်ပါတယ်။ ကံဆိုတဲ့စကားက ကမ္မဆိုတဲ့ပါဠိဘာသာကနေဆင်းသက်လာတာဖြစ်ပါတယ်။ အဓိပ္ပာယ်က အလုပ်ဟူ၍ သာဖြစ်ပါတယ်။ ဘယ်သူမဆို အလုပ်နဲ့မကင်းကြပါဘူး။ အလုပ်လုပ်တဲ့အတွက် လုပ်အားတန်ဖိုးကို ရရှိကြပါတယ်။ အစိုးရဝန်ထမ်းတွေဟာ တိုင်းပြည်အတွက် အလုပ်လုပ်ကြတဲ့သူတွေဖြစ်လို့ တိုင်းပြည်က ပြန်လည်ချီးမြှင့်တဲ့လစာ၊ ရိက္ခာတွေရရှိနေသလို ကုန်သည်တွေက ကုန်ရောင်းကုန်ဝယ်လုပ်ငန်းကနေ အမြတ်အစွန်းရရှိခံစားကြရပါတယ်။ ဒါ့အတူ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ကိုင်သူတွေအတွက်လဲ အဲဒီလုပ်ငန်းတွေကနေ အကျိုးအမြတ်ခံစားကြရပါတယ်။

ကောင်းတဲ့အလုပ်ကို လုပ်ဆောင်နေသူတွေအတွက် ကောင်းတဲ့အကျိုးကိုခံစားရပါတယ်။ မိမိတို့နေထိုင်တဲ့ နိုင်ငံတော်ကို ဖွံ့ဖြိုးတိုးတက်ကြီးပွားစေချင်ရင် ကောင်းတဲ့အလုပ်တွေလုပ်ဆောင်ကြဖို့ဖြစ်ပါတယ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ နိုင်ငံတော်ကို စတင်တာဝန်ယူတဲ့အချိန်ကစပြီး နိုင်ငံနဲ့ပြည်သူတွေအတွက် ကောင်းကျိုးဖြစ်ထွန်းတာတွေ လုပ်ဆောင်ပေးနေတာဖြစ်ပါတယ်။ အဲလိုလုပ်ဆောင်ရာမှာလဲ ငါးပွက်ရာ ငါးစာချလုပ်တာမျိုးမဟုတ်ဘဲ နိုင်ငံတော်ကြီး ထာဝစဉ်ဖွံ့ဖြိုးတိုးတက်ဖို့အတွက် စနစ်တကျလုပ်ဆောင်ပေးနေတာ ဖြစ်ပါတယ်။ ရှေ့လုပ်ငန်းစဉ် (၅) ရပ်၊ ဦးတည်ချက် (၁၂) ရပ်ချမှတ်ပြီး လုပ်ဆောင်နေတာဖြစ်လို့ ပြည်သူတစ်ရပ်လုံးက စိတ်အေးချမ်းသာစွာ ပူးပေါင်းဆောင်ရွက်နေတာဖြစ်ပါတယ်။ နိုင်ငံရေးအင်အားဖြစ်တဲ့ အစိုးရတစ်ရပ်ရဲ့ စီမံခန့်ခွဲမှုအားကောင်းခြင်းဟာ ပြည်သူတွေအတွက် အားတစ်ရပ်ပဲဖြစ်ပါတယ်။ ဒါ့ကြောင့်လဲ ၂၀၂၂ ခုနှစ် (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့နဲ့ ၂၀၂၃ ခုနှစ် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အခမ်းအနားတွေ၊ တပ်မတော်နေ့အခမ်းအနားတွေဟာ ကြီးကျယ်စည်ကားများပြားပြီး အနှစ်သာရပြည့်ဝစွာကျင်းပနိုင်ခဲ့တာဖြစ်ပါတယ်။

မြန်မာတို့ရဲ့နှစ်စဉ်ကျင်းပနေကျဖြစ်တဲ့ မဟာအတာသင်္ကြန်ပွဲတော်ကို အခုနှစ်မှာ အခါတိုင်းနှစ်တွေထက် ပိုမိုစည်ကားအောင်မြင်စွာကျင်းပခဲ့ပြီး အခုဆိုရင် ၁၃၈၅ ခုနှစ်ဆိုတဲ့ နှစ်သစ်အချိန်အခါကို ရောက်ရှိလာတာဖြစ်ပါတယ်။ နှစ်သစ်ကိုရောက်ရှိလာတာနဲ့ နှစ်ဟောင်းမှာဖြစ်ပျက်ခဲ့တဲ့ဖြစ်ရပ်တွေအပေါ်မှာ သင်ခန်းစာယူပြီး နှစ်သစ်မှာ ပိုမိုကောင်းမွန်အောင် ကြိုးစားလုပ်ဆောင်ကြရမှာဖြစ်ပါတယ်။ ပြည်အင်အားသည် ပြည်တွင်းမှာရှိသည်ဆိုတဲ့အတိုင်း တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နဲ့ နိုင်ငံတော်အစိုးရ၊ တပ်မတော်နဲ့လက်တွဲပြီးဆောင်ရွက်ကြမယ်ဆိုရင် မြန်မာနိုင်ငံဟာ ငြိမ်းငြိမ်းချမ်းချမ်း သာသာယာယာကျက်သရေတက်နေထွန်းတဲ့ ပြည်မြန်မာအဖြစ် ဂုဏ်ယူနိုင်မှာဖြစ်ပါတယ်။

မြန်မာတို့ရဲ့နှစ်ဆန်းတစ်ရက်နေ့မှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက မြန်မာနှစ်သစ်မင်္ဂလာအခါသမယ အထိမ်းအမှတ်အားဖြင့်လည်းကောင်း၊ ပြည်သူလူထုနှလုံးစိတ်ဝမ်းအေးချမ်းစေရေးနှင့် လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း အကျဉ်းထောင်၊ အချုပ်ထောင်၊ စခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံနေရသည့် အကျဉ်းသား၊ အကျဉ်းသူ ၃၀၁၅ ဦးတို့ကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ (၁) အရ "နောက်တစ်ကြိမ် ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန်ကျန်ရှိသောပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည်"ဟူသော စည်းကမ်းသတ်မှတ်ချက်ဖြင့် ၎င်းတို့ကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များအပေါ် လျှော့ပေါ့၍ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုလိုက်သည်ဟူသော ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်ကို ထုတ်ပြန်ခဲ့ပါတယ်။

ထို့အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက မြန်မာနှစ်သစ်မင်္ဂလာအခါသမယအထိမ်းအမှတ်အားဖြင့်လည်းကောင်း၊ နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက်ဆက်ဆံရေးကို ရှေးရှုသောအားဖြင့်လည်းကောင်း၊ လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း အကျဉ်းထောင်၊ အချုပ်ထောင်အသီးသီးတွင် ပြစ်ဒဏ်ကျခံနေရသည့် နိုင်ငံခြားသား အကျဉ်းသား၊ အကျဉ်းသူ ၉၈ ဦးတို့ကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ (၁) အရ "နောက်တစ်ကြိမ် ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည်"ဟူသော စည်းကမ်းသတ်မှတ်ချက်ဖြင့် ၎င်းတို့ကျခံရန်ကျန်ရှိသောပြစ်ဒဏ်များအပေါ် လျှော့ပေါ့ပြီး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု၍ ပြည်နှင်ဒဏ်ပေးလိုက်သည်ဟူသော ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်ကို ထုတ်ပြန်ခဲ့ပါတယ်။

ထို့ပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက မြန်မာနှစ်သစ်မင်္ဂလာအခါသမယအထိမ်းအမှတ်အားဖြင့်လည်းကောင်း၊ နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက်ဆက်ဆံရေးကို ရှေးရှုသောအားဖြင့်လည်းကောင်း၊ လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း အင်းစိန်ဗဟိုအကျဉ်းထောင်တွင် ပြစ်ဒဏ်ကျခံနေရသည့် သီရိလင်္ကာနိုင်ငံသားငါးဦးကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ (၁) အရ "နောက်တစ်ကြိမ် ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန်ကျန်ရှိသောပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည်"ဟူသော စည်းကမ်းသတ်မှတ်ချက်ဖြင့် ၎င်းတို့ကျခံရန်ကျန်ရှိသောပြစ်ဒဏ်များအပေါ် လျှော့ပေါ့ပြီး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု၍ ပြည်နှင်ဒဏ်ပေးလိုက်သည်ဟူသော ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်ကို ထုတ်ပြန်ခဲ့ပါတယ်။

ဒါတွေဟာ မြန်မာနှစ်သစ်မင်္ဂလာအခါသမယ အထိမ်းအမှတ်အားဖြင့်လည်းကောင်း၊ ပြည်သူလူထုနှလုံးစိတ်ဝမ်းအေးချမ်းစေရေးနှင့် လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း၊ နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက်ဆက်ဆံရေးကို ရှေးရှုသောအားဖြင့်လည်းကောင်း နိုင်ငံတော်အကြီးအကဲရဲ့ အလွန်ကောင်းမွန်တဲ့ဆောင်ရွက်ချက်တွေဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ ဗုဒ္ဓဘာသာကိုးကွယ်မှုအများဆုံးဖြစ်တဲ့အတွက် သင်္ကြန်ပွဲတော်ဟာလဲ ဗုဒ္ဓယဉ်ကျေးမှုနဲ့ ဆက်နွှယ်ဖြစ်ပေါ်လာခဲ့တာဖြစ်ပါတယ်။ မြတ်ဗုဒ္ဓက ၄၅ ဝါကာလပတ်လုံး လူ၊ နတ်၊ ဗြဟ္မာသတ္တဝါတွေကို လိမ္မာယဉ်ကျေးအောင် ဆုံးမပေးတော်မူခဲ့ပါတယ်။ မြတ်ဗုဒ္ဓရဲ့အဆုံးအမတစ်ခုမှာ "မပြစ်မှားအပ်သောပုဂ္ဂိုလ်တို့ကို တုတ်၊ ဓား၊ လှံ စသည့်လက်နက်တို့ဖြင့် ပြစ်မှားသောသူမှာဆင်းရဲ၏။ ပြင်းထန်သောဝေဒနာခံစားရ၏။ ဥစ္စာပစ္စည်းဆုံးရှုံး၏။ ကိုယ်အင်္ဂါပျက်စီး၏၊ အနာစွဲကပ်၏။ ရူးသွပ်၏၊ စိတ်ပျံ့လွင့်၏။ အစွပ်စွဲခံရ၏။ ဆွေမျိုးတို့ပျက်စီး၏။ ပကတိမီး၊ လောင်မီးတို့လောင်ခြင်းခံရ၏။ သေသော်ငရဲသို့ကျရောက်ရ၏။ ထို့ကြောင့် မပြစ်မှားအပ်သောပုဂ္ဂိုလ်တို့ကို မပြစ်မှားမိအောင် သတိပြုဆင်ခြင်သင့်၏"လို့ ဒဏ္ဍဝဂ် (ဓမ္မပဒ-၁၄၀)မှာ ဖော်ပြထားပါတယ်။

မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသားပြည်သူလူထုတွေအနေနဲ့ မိမိတို့နေထိုင်တဲ့နိုင်ငံတော်ကြီးကို ဖွံ့ဖြိုးတိုးတက်သာယာလှပတာကိုပဲ မြင်တွေ့ခံစားချင်ကြပါတယ်။ မကောင်းတဲ့လုပ်ရပ် လုပ်ဆောင်နေသူတွေကို အားမပေးပါဘူး။ ငြိမ်းချမ်းရေးဆွေးနွေးပွဲကို တက်ရောက်ဖို့ကျန်နေတဲ့ လက်နက်ကိုင်အဖွဲ့အစည်းတွေအနေနဲ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲစကားဝိုင်းမှာ ညှိနှိုင်းအဖြေရှာခြင်းဖြင့် မိမိဒေသ၊ မိမိလူမျိုးအကျိုးသယ်ပိုးစေချင်ပါတယ်။ မသိမလိမ္မာဘဲ လမ်းမှားရောက်နေတဲ့ လူငယ်မောင်မယ်တွေအနေနဲ့ ကောင်းကျိုးမရှိတဲ့လုပ်ရပ်တွေကို ရပ်တန်းကရပ်ကာ မိဘရင်ခွင်ပြန်လည်ခိုဝင်ကြစေချင်ပါတယ်။ တိုင်းကျိုးပြည်ပြုလုပ်ငန်းတွေမှာ နိုင်ငံအားလုံးက ကောင်းတဲ့ဖက်ကနေ ပါဝင်ဆောင်ရွက်ကြမယ်ဆိုရင် မြန်မာနိုင်ငံဟာ ငြိမ်းငြိမ်းချမ်းချမ်း သာသာယာယာ ကျက်သရေတက်နေထွန်းသည့် ပြည်မြန်မာအဖြစ်သို့ ဂုဏ်ယူဝင့်ကြွားစွာ ရောက်ရှိနေမှာအမှန်ပဲဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ပါတယ်ခင်ဗျာ။

# စမ်းချောင်းမြို့နယ် Queen Shinsawpu ပြခန်းတွင် Beam of Light အွန်လိုင်းပန်းချီပြပွဲ ပြသသွားမည်



**ရန်ကုန် ဇွန် ၁၈**

ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ်ရှိ Queen Shinsawpu ပန်းချီပြခန်းတွင် Beam of Light အွန်လိုင်းပန်းချီပြပွဲကို ဇွန် ၂၄ ရက်မှ ဇွန် ၂၈ ရက်ထိ ပြသသွားမည်ဖြစ်ကြောင်း အဆိုပါပန်းချီပြခန်း တာဝန်ခံ ပန်းချီသက်မွှန်က ပြောပြ၍ သိရသည်။

အဆိုပါ Beam of Light အွန်လိုင်းပန်းချီပြပွဲတွင် နာမည်ရ ပန်းချီဆရာများဖြစ်သည့် ပန်းချီဆရာမ ဝင်းသန္တာ၊ ပန်းချီဆရာမ ဥမ္မာ၊ ပန်းချီ သန်းထိုက်၊ ပန်းချီ အောင်သင်းဦး၊ ပန်းချီ စောစတီးဖ၊ ပန်းချီ ဇော်ဇော်ချို၊ ပန်းချီ ခင်မောင်ဇော်၊ ပန်းချီ ကျော်စိုး၊ ပန်းချီ ကျိုက်လတ် ဝင်းမောင်နှင့် ပန်းချီ သက်မွှန်တို့၏ ရေဆေး၊ ဆီဆေး၊ အခရိုင်းလစ် စသည့် အရောင်အသွေးစုံ ပန်းချီလက်ရာ ပန်းချီကား ၄၀ ကို ပြသရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

“ပန်းချီဆရာ၊ ဆရာမ ၁၀ ယောက်ရဲ့ စိတ်တိုင်းကျပန်းချီကား ၄၀ ကို စုစည်းပြီးတော့ ပြသမှာဖြစ်ပါတယ်။ အဲဒီအထဲမှာ ပန်းချီဆရာမနှစ်ယောက် ပါဝင်ပါတယ်။ လူငယ်ပန်းချီဆရာတွေရဲ့ ပန်းချီကားတွေပါသလို ဝါရင့်ပန်းချီဆရာကြီးတွေရဲ့ ပန်းချီကားတွေလဲပါပါမယ်။ လက်ရာစုံ၊ ရှုထောင့်စုံ၊ လူစုံအောင် စုစည်းထားပါတယ်”ဟု Beam of Light ပန်းချီပြခန်းတာဝန်ခံ ပန်းချီသက်မွှန်က ပြောပြသည်။

အဆိုပါ ပန်းချီပြပွဲတွင် ပြသပေးမည့် ပန်းချီကားများ၏ အရွယ်အစားများမှာ (၃၆× ၂၄) လက်မ၊ (၂၄×၂၄) လက်မ၊ (၁၈×၂၄) လက်မ၊ (၁၈×၁၈) လက်မ စသည့် အရွယ်အစားစုံ ပန်းချီကားများ ပါဝင်ပြီး ဈေးနှုန်းမှာ အနည်းဆုံး ငွေကျပ် ငါးသိန်းမှ အများဆုံး ငွေကျပ်သိန်း ၄၀ ထိရှိကြောင်း သိရသည်။

ASH

# ယောက်ျားကောင်း အတောင်နှစ်ဆယ် ဇာတ်ကား ရန်ကုန်မြို့တွင် ရိုက်ကူးနေ

**ရန်ကုန် ဇွန် ၁၈**

ဘုန်းရောင်လျှံ ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးတင်ဆက်သည့် ယောက်ျားကောင်း အတောင်နှစ်ဆယ် ရုပ်ရှင်ဇာတ်ကားကို ဇွန် ၁၇ ရက်မှစ၍ ရန်ကုန်မြို့တွင် ရိုက်ကူးနေပြီဖြစ်ကြောင်း ဒါရိုက်တာ မောင်တင်ငြိမ်း (ရှမဝ) က ပြောပြ၍ သိရသည်။

ယောက်ျားကောင်း အတောင်နှစ်ဆယ်ရုပ်ရှင်ဇာတ်ကား၏ ဇာတ်လမ်းမှာ စာရေးဆရာ တင်သန်းဦး၏ဇာတ်လမ်းဖြစ်ပြီး ဇာတ်ညွှန်းကို ဇော်မြင့်ဦးက ရေးသားထားကာ ဒါရိုက်တာ မောင်တင်ငြိမ်း (ရှမဝ) က ရိုက်ကူးနေကြောင်း၊ ဇာတ်လမ်းတစ်ခုလုံးကို မျိုးဆက်သစ် သရုပ်ဆောင်အသစ်များဖြင့် ရိုက်ကူးနေပြီး ရိုက်ကွင်းအားလုံးနီးပါးမှာ ရန်ကုန်တိုင်းဒေသကြီးတွင် အဓိကထားရိုက်ကူးလျက်ရှိကြောင်း သိရသည်။




“ဒီဇာတ်ကားကတော့ ရုံတင်ပြသမဲ့ ရုပ်ရှင်ဇာတ်ကားဖြစ်ပါတယ်။ ဇာတ်လမ်းကလဲ နာမည်ကြီးစာရေးဆရာ တင်သန်းဦးရဲ့ ထင်ရှားတဲ့ ဝတ္ထုဇာတ်လမ်းတစ်ပုဒ်ပါ။ ပိုပြီးထူးခြားတာက ဒီဇာတ်ကားတစ်ကားလုံးမှာ သရုပ်ဆောင်အသစ်တွေချည်း ပါဝင်မှာဖြစ်ပါတယ်”ဟု ဒါရိုက်တာ မောင်တင်ငြိမ်း(ရှမဝ)က ပြောပြသည်။

ယောက်ျားကောင်း အတောင်နှစ်ဆယ် ရုပ်ရှင်ဇာတ်ကား ကန်တော့ပွဲပေးခြင်းနှင့် စတင်ရိုက်ကူးခြင်းကို ဇွန် ၁၇ ရက် နံနက်ပိုင်းက မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး စတူဒီယိုအသစ်တွင် ပြုလုပ်ခဲ့ပြီး ဇာတ်ဝင်ခန်းတချို့ကို သရုပ်ဆောင်သစ်များဖြင့် စတင်ရိုက်ကူးခဲ့ကြောင်း သိရသည်။

ASH

# ဒါရိုက်တာနှင့် အဆိုတော် အောင်ကိုလတ်၏ တေးစီးရီး ဇူလိုင်လတွင် ထွက်ရှိမည်

**ရန်ကုန် ဇွန် ၁၈**

ဒါရိုက်တာနှင့် အဆိုတော် အောင်ကိုလတ်၏ တစ်ခေတ်တစ်ခါက အောင်မြင်ကျော်ကြားသည့် တေးသီချင်းများကို ရွေးချယ်စုစည်းထားသည့် တေးစီးရီး ဇူလိုင်လတွင် ထွက်ရှိမည်ဖြစ်ကြောင်း ၎င်းက ပြောပြ၍ သိရသည်။

၁၉၇၀ ပြည့်လွန်နှစ်များက စတင်ကာ စတီရီယိုတေးသီချင်းများဖြင့် အောင်မြင်ကျော်ကြားခဲ့သည့် အဆိုတော် အောင်ကိုလတ်သည် အဆိုတော် မြန်မာပြည်သိန်းတန်၊ စိုးပိုင်၊ တော်မီကျော်နိုင်၊ မင်းမင်းလတ်တို့နှင့် ခေတ်ပြိုင်ထင်ရှားခဲ့သူဖြစ်ကြောင်း၊ ၁၉၈၀ ပြည့်နှစ်နောက်ပိုင်းတွင် တေးသီချင်းသီဆိုခြင်းမရှိတော့ဘဲ အောင်မြင်ကျော်ကြားသည့် ဒါရိုက်တာအဖြစ် ရုပ်ရှင်ဇာတ်ကားများနှင့် ကြော်ငြာများစွာကို ဖန်တီးခဲ့သူလည်းဖြစ်ကြောင်း သိရသည်။

“သီချင်းမဆိုတာ နှစ်ပေါင်း ၃၀ ကျော်ကျော်ရှိသွားပြီး သီချင်းတွေတီးမှုတ်ချင်တယ်။ သီဆိုချင်တယ်၊ ဖန်တီးချင်တယ်၊ ဒီစိတ်နဲ့ ၁၉၇၀ ပြည့်နှစ်လောက်ကတည်းက ကြိုးစားပြီးလုပ်ခဲ့တယ်။ နောက်ပိုင်းကျတော့ အဆိုတော်ထက် ဒါရိုက်တာအိပ်မက်က ပိုကြီးသွားတော့ အဆိုဘက်မလှည့်နိုင်ခဲ့ဘူး။ လူငယ်တော်တော်များများက အဆိုတော်အနေနဲ့ သိပ်မသိကြတော့တဲ့ ကာလမှာ မြန်မာအိုင်ဒေါကြောင့် အဆိုတော်ကြီး ဂီတမှူးဆိုတာ လူငယ်တွေသိလာတော့ သူတို့ရဲ့ တောင်းဆိုမှုနဲ့ သီချင်းအဟောင်းတွေထဲက အကောင်းတွေပြန်ဆိုထားတယ်။ မဆိုတာကြာ လူသိပ်မသိတော့ တေးသီချင်းထွက်လာရင် အားပေးပါအုံးမလား စိုးရိမ်စိတ်တော့ရှိပါတယ်”ဟု ဒါရိုက်တာနှင့် အဆိုတော် အောင်ကိုလတ် က ပြောပြသည်။

အဆိုပါ တေးစီးရီးကို အမည်မပေးရသေးဘဲ တေးသီချင်းပေါင်း ၁၄ ပုဒ် ပါဝင်မည်ဖြစ်ကာ ဂီတမှူး ဥက္ကာဦးသာက တီးခတ်ပေးမည်ဖြစ်ပြီး ယခင်က အောင်မြင်ခဲ့သော ညိုမကိုပြောလိုက်ပါ၊ ဖြူဖြူဘယ်မှာလဲ၊ မင်းမြန်မာ စသည့် တေးသီချင်းများနှင့်အတူ သီချင်းအသစ်များလည်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

ASH

# Twisters ဇာတ်ကားတွင် မင်းသား အန်တိုနီရာမို့ ပါဝင်ဖွယ်ရှိ

**နယူးယောက် ဇွန် ၁၈**

ယူနီဗာဆယ်ရုပ်ရှင်ကုမ္ပဏီ၏ Twisters အက်ရှင်ဇာတ်ကားတွင် မင်းသား အန်တိုနီရာမို့ ပါဝင်ဖွယ်ရှိကြောင်း Hollywood Reporter သတင်းဝက်ဘ်ဆိုက်က ဇွန် ၁၇ ရက်တွင် ရေးသားတင်ပြထားသည်။

လက်ရှိတွင် မင်းသား အန်တိုနီရာမို့သည် Twisters ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်ရေးအတွက် ယူနီဗာဆယ် ရုပ်ရှင်ကုမ္ပဏီနှင့် ဆွေးနွေးနေပြီး သဘောတူညီချက်ရခဲ့ပါက မင်းသား အန်တိုနီရာမို့သည် Twisters ဇာတ်ကား၌ မင်းသား ဂလန်းပိုဝဲ၊ မင်းသမီး ဒေစီ အဂ္ဂါဂျုံးတို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

Twisters ဇာတ်ကားသည် ကမ္ဘာကျော် Twisters(1996) ဇာတ်ကား၏ နောက်ဆက်တွဲဇာတ်ကားဖြစ်ပြီး အဆိုပါဇာတ်ကားကို ဒါရိုက်တာ လီအိုင်းဆက်ချောင်းက တာဝန်ယူရိုက်ကူးမည်ဖြစ်ရာ ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ မာ့အယ်စမစ်က တာဝန်ယူရေးသားပေးမည်ဖြစ်သည်။

သဘာဝကပ်ဘေးနောက်ခံ အက်ရှင်ဇာတ်ကားဖြစ်သည့် Twisters ဇာတ်ကားကို ၂၀၂၄ ခုနှစ် ဇူလိုင် ၁၉ ရက်တွင် ရုံတင်ပြသရန် ယူနီဗာဆယ်ရုပ်ရှင်ကုမ္ပဏီက စီစဉ်ထားကြောင်း သိရသည်။ KKO



# Speak No Evil ဇာတ်ကား၌ မင်းသား ဂျိမ်းမက်ကွိုင်း သရုပ်ဆောင်မည်

**နယူးယောက် ဇွန် ၁၈**

Speak No Evil အမည်ရှိ စိတ္တဇထိတ်လန့်သည်းဖိုဇာတ်ကား၌ မင်းသား ဂျိမ်းမက်ကွိုင်း ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း Hollywood Reporter သတင်းဝက်ဘ်ဆိုက်က ဇွန် ၁၇ ရက်တွင် ရေးသားတင်ပြထားသည်။

Speak No Evil ဇာတ်ကားကို ဒါရိုက်တာ ဂျိမ်းဝပ်ကင်းက ကိုယ်တိုင်ဇာတ်ညွှန်းရေးသား၍ ကိုယ်တိုင်ရိုက်ကူးမည်ဖြစ်သည်။

ဒါရိုက်တာ ဂျိမ်းဝပ်ကင်းသည် Eden Lake နှင့် The Woman in Black ကဲ့သို့ ကမ္ဘာကျော်ဇာတ်ကားများကို ရိုက်ကူးပေးခဲ့သော ဒါရိုက်တာဖြစ်သည်။

Speak No Evil ဇာတ်ကားသည် ကျေးလက်နေအိမ်တစ်လုံးသို့ အပန်းဖြေခရီးအဖြစ် ရောက်ရှိလာသည့် မိသားစုတစ်စုရင်ဆိုင်ခဲ့ရသော ထိတ်လန့်ချောက်ချားဖွယ် ဖြစ်စဉ်များကို ပုံဖော်ရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

အဆိုပါဇာတ်ကားသည် မင်းသား ဂျိမ်းမက်ကွိုင်းနှင့် Blumhouse ရုပ်ရှင်ကုမ္ပဏီတို့ ပထမဆုံး ပူးတွဲဆောင်ရွက်မည့် ဇာတ်ကားဖြစ်ကြောင်း သိရသည်။

Speak No Evil ဇာတ်ကားကို ၂၀၂၄ ခုနှစ် သြဂုတ် ၉ ရက်တွင် ရုံတင်ပြသရန် ထုတ်လုပ်သူများက စီစဉ်ထားကြောင်း သိရသည်။

KKO



BLUMHOUSE

# New Year Message of greetings delivered by Chairman of State Administration Council Prime Minister Senior General Thadoe Maha Thray Sithu Thadoe Thiri Thudhamma Min Aung Hlaing on New Year occasion in 1385 Myanmar Era Myanmar New Year Day, 13th Waning of Tagu 1385 ME 17 April 2023

I extend greetings to all people and all ethnic national brethren to be auspicious on the occasion of the Myanmar New Year.

Today is New Year's Day of 1385 ME when we all could overcome all challenges in the old year with the concept that "The strength of the nation lies within", by giving a helping hand to each other of the Union. I believe we all would have the capacity to pass the year 1385 ME with unity not less than the previous year.

During the past year, the State Administration Council led by myself successfully solved the Covid-19 pandemicissue through the united strength of the government, Tatmadaw and the people. Now, we are striving for shaping a safe and healthy environment for all citizens and creating good health practices in the long run. Food security is important for all citizens to have a healthy lifestyle.

The national objective was adopted to encourage manufacturing based on agriculture and livestock farms which plays a key role in the primary livelihoods of the citizens so as to ensure food security.

Our country faced economic crises in 2021. As the internal strength was stronger in 2022, productivity rose up. Reopening border trade to some extent contributed to running industries and rising about +3 per cent for the State GDP. It is necessary to operate firm businesses as well as to encourage domestic manufacturing for booming the State economy. The government is encouraging MSME businesses. I firmly believe that if people strive for exporting greater products, this year's economic development will be higher than the previous years. The family spirit is the backbone of a family and the Union spirit is the lifeblood of a Union as well. If we all value the shade of the Union as our lives in doing everything, the development momentum of the nation will not halt. I believe we will reach our goal without fail.



Senior General Min Aung Hlaing extends Myanmar New Year greetings.

Peace and tranquillity are essential for the democratization of the nation. The countries facing terror acts will delay development. If everybody makes efforts with righteousness and honesty for the sake of the nation and the Union, the country will have developed in line with the "Keep Moving Forward to Achieve Our Goal".

Likewise, the success of a person depends on the accumulation of knowledge and skills. It shows everybody needs to have an education. So, the enhancement of school education for all school-age children with the national spirit will bring prosperity to the country.

Everybody knows man matters most. A man participates in all measures such as political, social and economic matters. Leadership, obedience and the creation of humans are crucial in all aspects. If we all actively and adorably serve our duties in cooperation with each other in respective sectors, the country will achieve victory without fail as we anticipate. On the auspicious occasion of the early period in 1385 ME, I would like to urge all to serve the interests of the State while amending the weakness and enhancing the strong points of the old year.

Let's join hands to serve the interests of the nation in unison!

Thank you all.

## Work orders, statue offers higher at bronze casting in Mandalay

**Mandalay April 18**

Bronze casting industries in Mandalay get work orders and statue offers at home on a daily basis, earning incomes, said U Aung Aung Moe, Pyae Wa bronze casting industry in Amarapura Township of Mandalay Region.

Currently, bronze casting industry owners and traders are operating their businesses with cost effectiveness. Before Thingyan festival, the industries are scheduled to cast statues of venerable monks. They take K6.5 million per a portray and bronze statues are K1.8 million to K1.9 million per three feet high one and K2.5 million per 3.5 feet high one.

"Most of the offers are portraying images in the bronze casting industry. During this period, we have traded bronze Buddha images in three or 3.5 feet in height. All the industries boomed their businesses. At present, we have to cast three venerable Buddhist monk statues to be completed before Thingyan festival," he explained.

The industry owner continued, "We take charges of images depending on the sizes. Now, bronze price is high, so we can charge the possible prices for the bronze statues. When actual payment is given for charges of the image, we exactly take the honorarium. We make the best artistic works for the offer with high quality bronze. As from last 50 years, we have been maintaining out quality products and we decide to continue maintaining our quality."

The bronze casting industry focuses on casting all forms of hand postures and portraits. These bronze statues are sent to all parts of the nation depending on the offer letters. 185

## Lashio Township sends 700,000 viss of onion to Yangon within one month

**Lashio April 18**

A total of 700,000 viss of onion flew into Yangon market from Lashio of Shan State within one month period, said Daw Htar Htar Yi, owner of an onion brokerage in Lashio.

Local onion brokerages in Lashio Township purchase onion from local farmers and send them to Yangon market. Those from Lashio could send 520,000 viss of onion to Yangon in February but 700,000 from 1 to 31 March.

"Brokers from Lashio Township could send 700,000 viss of onion to Yangon market alone last month. Its onion volume was larger than that of March. Currently, demand of onion is high in the domestic market. As onion stock of other regions flows lesser to Yangon, onion from Shan State is sent to Yangon. It is expected to send greater volume of onion to Yangon before Maha Thingyan festival. Current prices of onion are cost effective for local farmers. As onion demand is high, other related businesses are booming," she added.

Price of onion sent from Lashio to Yangon market are set at K300,000 per 100 viss. As volume of onion sent to Yangon market is larger, local onion growers, businesspersons, truck drivers and owners are enjoying fruits of their businesses. Moreover, transport route of onion from Lashio to Yangon is smooth.

Kyaw Kyaw Lin

# More than 43,000 acres of summer and paddy and other crops irrigated by Hsedawgyi Dam


Photo shows part of Hsedawgyi Dam.

**Mandalay April 18**

More than 43,000 acres of summer paddy and other crops have been grown with irrigation facilities from Hsedawgyi Dam in Madaya Township of Mandalay Region, said U Myo Min Thant, assistant director of Irrigation ad Water Utilization Management Department of Mandalay Region.

It was known that Hsedawgyi Dam is irrigating summer paddy plantatios in the townships of Mandalay Region. This year, Madaya Township has grown 38,304 acres of summer paddy, Patheingyi Township 2,267 acres and Amarapura Township, 43,972 acres with other crops against the target of 71,161 acres with the irrgation water from Hsedawgyi Dam.

"As from 1 April, Hsedawgyi Dam is supplying water to summer paddy plantations in the irrigated townships. So far, townships have grown 42,352 acres of summer paddy and 1,620 acres of other crops. Today's Hsedawgyi Dam stores 398.2 feet deep of water as 226,860 acre feet of water. The dam will irrigate summer paddy plantations for having success," said the assistant director.

According to the schedules, the dam will irrigate 42,225 acres of summer paddy in Madaya and 295 acres of other crops, 19,066 acres of summer and 239 acres of other crops in Patheingyi, 6,178 acres of summer paddy and 3,114 acres of other crops in Amarapura and 44 acres of summer paddy and 71,161 acres of other crops in Chanmyathazi for having successful thriving of crops. 185

# Pre-monsoon sunflower to be cultivated for production of quality sunflower seeds

**Yamethin April 18**

A plan is underway to grow pre-monsoon sunflower on 50 acres of croplands in Yamethin Township this summer through irrigation facilities to produce quality sunflower seeds and these seeds will be distributed to local growers for cultivation of monsoon and cold season sunflower plantations, said U Aung Myo Thant, head of Yamethin Township Agriculture Department.

In this regard, the department will use Hsinshwekya-2 and Yezin hybrid-1 sunflower strains for cultivation on 50 acres of croplands in the first week of April. In so doing, the plantations will be separated as female and male lines under the supervision of the department. Quality sunflower seeds will be distributed to local farmers in coming monsoon and cold season.

"Sunflower plants are grown for ensuring local oil sufficiency. On the other hand, it aims to reduce import volume of palm oil abroad. Sunflower oil is healthy for all consumers. Among oil crops, sunflower is easy to be grown by farmers. As the plants can thrive in all parts of the nation, seed production measures are being taken for distribution to the whole nation. The quality seeds of sunflower are purposed for monsoon and cold season cultivation," he explained.

The pre-monsoon sunflower will be planted in Yamethin Township for production of sunflower seeds. Hsinshwekya-2 and Yezin hybrid-1 take 80 to 85 days for thriving. As a plan is under way to expand sown acreage of sunflower plantations, quality seeds of 50 acres of croplands will be distributed systematically to local growers. 185

# Brocolli from PyinOoLwin marketable in Mandalay market

**Mandalay April 18**

Brocolli from PyinOoLwin region flows into Thiri Malar green grocery market in Aungmyethazan District of Mandalay and its demand is still high in the market, said U Aung Moe Naing, owner of Aung Brokerage in Mandalay.

Somefive truckloads of brocolli from PyinOoLwin region flow into the vegetable market in Mandalay on a daily basis, and the vegetable fetches K700 to K800 per flower in the market.

"Brocolli can be produced at PyinOoLwin region. Its demand is hill at high prices. The vegetables flow into the markets of Mandalay daily. Brocolli from Aungban also flows into the same market but its volume is lesser. Other kinds of vegetables such as tomato, cabbage, potato, mustard, chickpea, bitter gourd, white mustard, carrot and onion are also marketable," said the brokerage owner.

Brocolli is grown in surrounding areas of PyinOoLwin. The vegetables come out in the market but same vegetabel has not come out yet in other regions. Brocolli can be grown all the year round, benefiting the farmers. At present, Thiri Malar green grocery market is open from 4 am to 8 pm daily. 185

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Foreign trade value reaches US$33 billion in 2022-2023 fiscal year


Yangon port handling cargo containers.

**Nay Pyi Taw April 18**

Foreign trade value of Myanmar reached over US$33,925.086 million in the 2022-2023 fiscal year from April 2022 to March 2023, said U Min Aung Aye, deputy director of the Trade Policy Division under the Ministry of Commerce.

During the period, goods worth US$16,575.334 million were exported and goods worth US$17,349.752 million imported.

"In the previous financial year, we exported goods worth US$10,489.088 million via maritime routes and goods worth US$6,086.246 million via border routes totalling US$16,575.334 million. In the import sector also, we imported goods worth US$14,865.2 million via maritime routes and goods worth US$2,484.552 million via border routes totalling US$17,349.752 million," said U Min Aung Aye.

The 2022-2023 FY saw a surplus of foreign trade worth over US$3 billion as the trade value in the 2021-2022 FY was US$33,925.086 million, according to official trade figures. ASH

# နိုင်ငံတကာစစ်မှုရေးရာအပြားပြား

## Stryker DE M-SHORAD တာတိုပစ်လေကြောင်းရန်ကာကွယ်ရေးစနစ်ဖြင့် လေဆာလက်နက်ပစ်ခတ်စမ်းသပ်မှုများကို အမေရိကန်စစ်ဘက် အပြီးသတ်လုပ်ဆောင်ခဲ့



အမေရိကန်စစ်ဘက်သည် အရီဇိုးနား ပြည်နယ်ရှိ Yuma Proving လေ့ကျင့်ရေး ကွင်းတွင် Stryker DE M-SHORAD တာတိုပစ် လေကြောင်းရန်ကာကွယ်ရေး စနစ်ဖြင့် လေဆာလက်နက်(မျိုးကွဲ)၏ ပစ်ခတ်စမ်းသပ်မှုများကို အပြီးသတ်လုပ်ဆောင်နိုင်ခဲ့ပြီဖြစ်ကြောင်း ကာကွယ်ရေး သတင်းရင်းမြစ်တွင် ဧပြီ ၁၇ ရက်က ရေးသားဖော်ပြထားသည်။

DE M-SHORAD သည် တာတိုပစ် လေကြောင်းရန်ကာကွယ်ရေးစနစ်အမျိုးအစားဖြစ်သည်နှင့်အညီ မောင်းသူမဲ့ ဒရုန်းစနစ်များ(UAS)၊ ဒုံးကျည်များ၊ အမြောက်၊ မော်တာများ(RAM)နှင့် ခရုဇ်ဒုံးကျည်များကို တိုက်ခိုက်ဖျက်ဆီးကာကွယ်နိုင်ရန်အတွက် ဒီဇိုင်းထုတ်ထားသောစနစ်တစ်ခုဖြစ်သည်။ အမေရိကန်ကြည်းတပ် အမြန်စွမ်းဆောင်ရည်နှင့် အရေးကြီးနည်းပညာကွပ်ကဲမှုရုံး U.S. Army Rapid Capabilities and Critical Technologies Office ၏အကြီးအကဲ ဒုတိယဗိုလ်ချုပ်ကြီး Robert Rasch က တိုက်ရိုက်စွမ်းအင်သုံး တာတိုပစ်လေကြောင်းရန်ကာကွယ်ရေးစနစ် (Directed Energy Maneuver-SHORAD) ၏ ရှေ့ပြေးပုံစံများသည် စမ်းသပ်မှုအတွင်း ၎င်းတို့အုပ်စုခွဲခြားသတ်မှတ်ထားသော အုပ်စု ၁၊ ၂ နှင့် ၃ အမျိုးအစားများပါ မောင်းသူမဲ့ ဒရုန်းစနစ်များကို ပစ်မှတ်ထားတိုက်ခိုက်ဖျက်ဆီးနိုင်မှုကို ပြသနိုင်ခဲ့ကြောင်း ပြောကြားခဲ့သည်။

DE M-SHORAD စနစ်သည် စွမ်းအင်မြင့် လေဆာရောင်ခြည်များကဲ့သို့သော တိုက်ရိုက်စွမ်းအင်သုံးလက်နက်များကို အသုံးပြုကာ ဝင်လာသောခြိမ်းခြောက်မှုများကိုဖျက်ဆီးရန် သို့မဟုတ် စွမ်းအားမဲ့သွားစေရန် ပြုလုပ်ခြင်းပင်ဖြစ်သည်။ ၎င်းစနစ်သည် စစ်မြေပြင်တွင် ပြောင်းလဲနေသောခြိမ်းခြောက်မှုများကို တန်ပြန်တိုက်ခိုက်ရန် ပိုမိုထိရောက်ပြီး ခေတ်မီသောလေကြောင်းရန်ကာကွယ်ရေးစနစ်များ တီထွင်ထုတ်လုပ်လာနိုင်ရေး အမေရိကန်ကြည်းတပ်၏ ခေတ်မီရေးကြိုးပမ်းမှု၏ တစ်စိတ်တစ်ပိုင်းလည်းဖြစ်သည်။

DE M-SHORAD လက်နက်စနစ်သည် ယာဉ်များနှင့် ပလက်ဖောင်းအမျိုးမျိုးတွင် တပ်ဆင်နိုင်သော မိုဘိုင်းစနစ်ဖြစ်ပြီး မတူညီသောနေရာအမျိုးမျိုးတွင် အလွယ်တကူ ဖြန့်ကြက်အသုံးပြုနိုင်စေသည်။ အဆိုပါစနစ်ကို Patriot ဒုံးကျည်ကာကွယ်ရေးစနစ်ကဲ့သို့သော အခြားလေကြောင်းကာကွယ်ရေးစနစ်များနှင့် တွဲဖက်လုပ်ဆောင်ရန်ဒီဇိုင်းထုတ်ထားပြီး ဝေဟင်နှင့်ဒုံးကျည်အန္တရာယ်များကို အလွှာလိုက်လေကြောင်းရန်ကာကွယ်စနစ်တွင် ပေါင်းစည်းကာကွယ်ပေးနိုင်ရန် ရည်ရွယ်ထားခြင်းဖြစ်သည်။

၂၀၁၉ ခုနှစ် ဩဂုတ်လတွင် အမေရိကန်တပ်မတော်သည် General Dynamics ၏ Land Systems ဌာနခွဲမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၀၉ ဘီလီယံ သဘောတူစာချုပ်အောက်တွင် တီထွင်ထုတ်လုပ်ထားသော SHORAD စနစ်များပေါ်၌ လေဆာစနစ်တစ်ခုကို ပေါင်းစည်းရန်အတွက် KBR လက်အောက်ခံကုမ္ပဏီခွဲ Kord Technologies နှင့် အမေရိကန်ဒေါ်လာ ၂၀၃ သန်းတန် သဘောတူစာချုပ် ချုပ်ဆိုနိုင်ခဲ့သည်။

နောက်ပိုင်းတွင် Kord ကုမ္ပဏီသည် လေဆာလက်နက်စနစ်၏ ရှေ့ပြေးပုံစံများကို တီထွင်ရန်အတွက် Subcontractors ဖြစ်သော Northrop Grumman နှင့် Raytheon Technologies တို့နှင့်အပြိုင် ထုတ်လုပ်နိုင်ရန် ပူးပေါင်းလုပ်ဆောင်ခဲ့ကြသည်။ Raytheon ကုမ္ပဏီ၏ကမ်းလှမ်းချက်ကို DE M-SHORAD အစီအစဉ်အတွက် ရွေးချယ်ခဲ့ခြင်းလည်းဖြစ်သည်။

၂၀၂၂ ခုနှစ်တွင် ပထမဆုံး DE M-SHORAD ရှေ့ပြေးပုံစံနှစ်ခုကိုလေ့ကျင့်ရေးနှင့်စမ်းသပ်ရေးတို့အတွက် အမေရိကန်ကြည်းတပ်သို့ပို့ဆောင်ပေးနိုင်ခဲ့ပြီး တတိယမြောက် နမူနာပုံစံတစ်ခုကို လွှဲပြောင်း၊ လက်ခံ၊ စမ်းသပ်မှုများပြုလုပ်ရန် စီစဉ်ထားသည်။ တပ်စုအဆင့်ဖွဲ့စည်းနိုင်ရေးအတွက် နောက်ဆုံး တစ်စုံကို ယခုနှစ်ကုန်ပိုင်းတွင် လွှဲပြောင်းပေးအပ်နိုင်ရေး မျှော်မှန်းလုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

**US Army concludes laser fire tests with Stryker DE M-SHORAD air defense system ကို ဘာသာပြန်ဆိုထားပါသည်။**

## အိန္ဒိယကြည်းတပ်က Pralay ပဲ့ထိန်းဒုံးကျည်အစင်း ၂၅၀ ဝယ်ယူရန် အမေရိကန်ဒေါ်လာ ၉၁၅ သန်း ရင်းနှီးမြှုပ်နှံမည်

အိန္ဒိယကြည်းတပ်သည် Pralay ပဲ့ထိန်းဒုံးကျည်အစင်း ၂၅၀ ဝယ်ယူရန် အမေရိကန်ဒေါ်လာ ၉၁၅ သန်း ရင်းနှီးမြှုပ်နှံမည်ဖြစ်ကြောင်း ဧပြီ ၁၆ ရက်တွင် အိန္ဒိယ Firstpost သတင်းဝက်ဘ်ဆိုက်က ထုတ်ဝေသည့် အချက်အလက်များအရ သိရသည်။

တရုတ်နှင့် ပါကစ္စတန် နှစ်နိုင်ငံစလုံးသည် နည်းဗျူဟာမြောက်ဆိုင်ရာ ရည်ရွယ်ချက်များအတွက် ပဲ့ထိန်းဒုံးကျည်များကို ပိုင်ဆိုင်ထားနိုင်သောကြောင့် Pralay ဒုံးကျည်များဝယ်ယူခြင်းသည် အိန္ဒိယစစ်ဘက်အတွက် သိသာထင်ရှားသော အားသာချက်များရရှိရန် မျှော်လင့်ထားသည်ဟုလည်းဆိုသည်။ ထိုသို့ ဒုံးကျည်စွမ်းဆောင်ရည်များတိုးမြှင့်လုပ်ဆောင်နိုင်မှုသည် အိန္ဒိယနိုင်ငံ၏ အကျိုးစီးပွားများကို ပိုမိုကောင်းမွန်စွာကာကွယ်ရန်နှင့် ဒေသတွင်းတည်ငြိမ်မှုကို ထိန်းသိမ်းနိုင်မည်ဖြစ်ကြောင်း အဆိုပါသတင်းရင်းမြစ်က ရေးသားထားသည်။

Pralay ပဲ့ထိန်းဒုံးကျည်သည် အိန္ဒိယနိုင်ငံ၏ ကာကွယ်ရေးသုတေသနနှင့်ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့က တီထွင်ထုတ်လုပ်ထားသော အဆင့်မြင့်၊ အခဲ- လောင်စာသုံး တာတိုပစ်ပဲ့ထိန်းဒုံးကျည်အမျိုးအစားဖြစ်သည်။ အိန္ဒိယနိုင်ငံ၏ မဟာဗျူဟာမြောက်ဟန့်တားနိုင်စွမ်းကို မြှင့်တင်ရန်ဒီဇိုင်းထုတ်ထားသည့် အဆိုပါပဲ့ထိန်းဒုံးကျည်သည် နိုင်ငံတော်လုံခြုံရေးအတွက် နိုင်ငံစစ်တပ်ပိုင်လက်နက်တိုက်ရှိ အရေးကြီးသော အစိတ်အပိုင်းတစ်ခုလည်းဖြစ်သည်။

ခန့်မှန်းခြေအားဖြင့် ကီလိုမီတာ ၁၅၀ မှ ၅၀၀ အတွင်း ပစ်လွှတ်တိုက်ခိုက်နိုင်စွမ်းရှိသော Pralay ဒုံးကျည်သည်သမားရိုးကျနှင့် ချူကလီးယားထိပ်ဖူးများအပါအဝင် ထိပ်ဖူးအမျိုးအစားအမျိုးမျိုးကို သယ်ဆောင်တိုက်ပွဲဝင်နိုင်စွမ်းရှိသည်။ ၎င်း၏ အဆင့်မြင့်ဒုံးထိန်းကျောင်းလမ်းညွှန်မှုစနစ်သည် တိကျမှုမြင့်မားစေရန် သေချာစေပြီး အစိုင်အခဲ-လောင်စာသုံးတွန်းကန်အားကလျင်မြန်စွာဖြန့်ကြက်နိုင်စေလျက် ဒုံးကျည်အား ပစ်လွှတ်ရန်ပြင်ဆင်ချိန်ကို များစွာလျှော့ချပေးနိုင်သည်။

Pralay ပဲ့ထိန်းဒုံးကျည်သည် အိန္ဒိယနိုင်ငံ၏ ဒုံးကျည်ကာကွယ်ရေးစနစ်တွင် အရေးပါသောထပ်ဆောင်းစွမ်းအားတစ်ခုဖြစ်ပြီး တရုတ်နှင့် ပါကစ္စတန်ကဲ့သို့သော အိမ်နီးချင်းနိုင်ငံများ၏ အလားအလာရှိသောခြိမ်းခြောက်မှုများကို တန်ပြန်ရန် ခိုင်မာပြီး ယုံကြည်စိတ်ချရသောနည်းလမ်းများထဲမှတစ်ခုဖြစ်သည်ဟုလည်း ရေးသားသုံးသပ်ထားကြသည်။ Pralay ဒုံးကျည်များဝယ်ယူခြင်းသည် ဒေသတွင်းတည်ငြိမ်ရေးနှင့် လုံခြုံရေးအတွက် မရှိမဖြစ်လိုအပ်သည့် ခိုင်မာပြီးခေတ်မီသောကာကွယ်ရေးအခြေခံအဆောက်အအုံကို ထိန်းသိမ်းရန် အိန္ဒိယ၏ ကတိကဝတ်ကို သက်သေပြနေသည်။



Pralay ဒုံးကျည်ကိုစစ်ဆင်ရေးကာလအတွင်း ၎င်း၏ရှင်သန်နိုင်စွမ်းနှင့် လိုက်လျောညီထွေမှုတို့ကို တိုးမြှင့်စေနိုင်သည့် Transporter Erector Launchers (TELs)ကဲ့သို့သော မိုဘိုင်းဒုံးပစ်လောင်ချာများမှ ပစ်လွှတ်နိုင်သည်။

နေရာအမျိုးမျိုးမှ ရွှေ့ပြောင်းပစ်လွှတ်နိုင်မှုသည် ရန်သူများအတွက် ဒုံးကျည်စနစ်ကို ပစ်မှတ်ထားတုံ့ပြန်ဖျက်ဆီးရန် ပိုမိုခက်ခဲစေမည်ဖြစ်သည်။ Pralay ပဲ့ထိန်းဒုံးကျည်၏ တိုက်ခိုက်ရေးစွမ်းရည်သည် အိန္ဒိယနိုင်ငံ၏ မဟာဗျူဟာမြောက် အဟန့်အတားစွမ်းရည်ကို သိသိသာသာမြှင့်တင်ပေးပြီး ဒေသတွင်းတည်ငြိမ်ရေးနှင့် လုံခြုံရေးကိုထိန်းသိမ်းရန် အထောက်အကူဖြစ်စေသည်။

**India to invest $915 Million in purchase of 250 Pralay ballistic missiles ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်တွင် မြေပဲတင်ပို့မှုမှ အမေရိကန်ဒေါ်လာ သန်း ၄၀ ကျော်ရရှိခဲ့



**နေပြည်တော် မေ ၁၈**

၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်တွင် မြေပဲတင်ပို့မှုမှ အမေရိကန်ဒေါ်လာ သန်း ၄၀ ကျော် ရရှိခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန သတင်းများအရ သိရသည်။

မြေပဲသီးနှံသည် ပြည်တွင်းပြည်ပဈေးကွက်ရှိနေသည့် စိုက်ပျိုးသီးနှံဖြစ်နေသဖြင့် ပြည်တွင်းစားသုံးမှုနှင့် ပြည်ပပဲတင်ပို့မှုကဏ္ဍတွင် အရေးပါသည့် ဆီထွက်သီးနှံဖြစ်ကြောင်း၊ မြန်မာနိုင်ငံမှ စိုက်ပျိုးထွက်ရှိနေသည့် ပဲအမျိုးအစား ၂၀ ကျော်ကို ပြည်ပသို့ တင်ပို့ရောင်းချပေးလျက်ရှိရာ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်တွင် မြေပဲသီးနှံသည် ဆဋ္ဌမမြောက် အများဆုံးတင်ပို့ရောင်းချပေးခဲ့ရသည့် လယ်ယာထွက်ကုန်သီးနှံတစ်ခုဖြစ်ကြောင်း သိရသည်။

၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်တွင် ပြည်ပပဲတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၄၇၀ ဒသမ ၆၆၁ သန်း ရရှိခဲ့ရာ မတ်ပဲတင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၅၃၁ ဒသမ ၇၉၇ သန်းဖြင့် အများဆုံးတင်ပို့ရောင်းချပေးခဲ့ရပြီး ပဲတီစိမ်းကို အမေရိကန်ဒေါ်လာ ၄၈၉ ဒသမ ၀၈၉ သန်းဖြင့် ဒုတိယအများဆုံး၊ ပဲစင်းငုံကို အမေရိကန်ဒေါ်လာ ၁၈၇ ဒသမ ၃၉၃ သန်းဖြင့် တတိယအများဆုံး၊ ပဲယင်းကို အမေရိကန်ဒေါ်လာ ၆၀ ဒသမ ၇၇၁ သန်းဖြင့် စတုတ္ထအများဆုံး၊ မြေထောက်ပဲကို အမေရိကန်ဒေါ်လာ ၅၀ ဒသမ ၃၁ သန်းဖြင့် ပဉ္စမအများဆုံးတင်ပို့ရောင်းချပေးခဲ့ရပြီး မြေပဲကို အမေရိကန်ဒေါ်လာ ၄၀ ဒသမ ၁၆ သန်းဖြင့် ဆဋ္ဌမအများဆုံးတင်ပို့ရောင်းချပေးခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်တွင် မြေပဲသီးနှံကို ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းမှအမေရိကန်ဒေါ်လာ ၂ ဒသမ ၅၃၁ သန်းဖိုးနှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ ၃၇ ဒသမ ၆၂၉ သန်းဖိုး စုစုပေါင်း အမေရိကန်ဒေါ်လာ ၄၀ ဒသမ ၁၆ သန်းဖိုး တင်ပို့ရောင်းချပေးခဲ့ခြင်းဖြစ်သည်။

မြေပဲကို ပြည်ပဖောက်သည်ဈေးကွက်နိုင်ငံများသို့ တင်ပို့ရောင်းချပေးရာတွင် အခွံချွတ်ပြီးမြေပဲဆန်နှင့် အခွံပါမြေပဲများကိုပါ တင်ပို့ရောင်းချပေးခဲ့သော်လည်း ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်တွင် အခွံပါမြေပဲများကို တင်ပို့ ရောင်းချပေးခဲ့ခြင်းမရှိကြောင်း သိရသည်။ SKL

# ဟိုပုံးမြို့နယ် ပါပန့်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဟိုပုံး မေ ၁၈**

ရှမ်းပြည်နယ် (တောင်ပိုင်း) ဟိုပုံးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေများ အဌမအကြိမ် ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက လုံခုတ်ကျေးရွာအုပ်စု ပါပန့်ကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဟိုပုံးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးလွင်မြင့်က ပါပန့်ကျေးရွာရှိ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန်၊ တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများတိုးချဲ့လုပ်ကိုင်နိုင်ရန် ရည်ရွယ်၍ ထုတ်ချေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဒေါ်လှယမင်းဌေးနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်သိန်း ၅၆၀ ကို လွှဲပြောင်းပေးအပ်ခဲ့သည်။



ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ပါပန့်ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၇ ဦးအား အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်သိန်း ၅၆၀ ကို တစ်ဦးချင်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ရှိုသန်းညွန့်**

# ဆိပ်ဖြူမြို့နယ် ရှားပင်အိုင့်ကျေးရွာ၌ VRFP စီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ဆိပ်ဖြူ မေ ၁၈**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရှားပင်အိုင့်ကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေ (VRFP) စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဆိပ်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရဲမင်းအောင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာစီမံကိန်းကော်မတီဝင်များနှင့်အတူ ရှားပင်အိုင့်ကျေးရွာတွင် VRFP စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ လစဉ်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားများ စနစ်တကျဖြည့်သွင်းထားရှိမှုနှင့် စီမံကိန်းဆိုင်ရာ ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါရှားပင်အိုင့်ကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်က စတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၇၂ ဦးအား ငွေကျပ် ၂၉ ဒသမ ၄၃ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၄ ဦးအား ငွေကျပ် ၃ ဒသမ ၄ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၆ ဦးအား ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၃၂ ဒသမ ၈၃ သန်းထိ ထုတ်ချေးပေးထားကြောင်း ဆိပ်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**နွဲ့ယဉ်**


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်



အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။



## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၁၈-၄-၂၀၂၂

| | | |
|---|---|---|
| **ရွှေ** | | |
| ၁၆ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၇၅၀၀၀၀ |
| ၁၅ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၆၂၈၀၀၀ |
| **(စွဲထက်ရွှေဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၂၀၀၀/၈၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၀၀၀၀/၇၃၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၅၃၀၀၀/၅၆၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၄၂၀၀၀/၄၅၀၀၀ |
| ဧည့်ဗီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၄၁၀၀၀/၄၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၃၅၀၀၀/၃၉၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၁၀၀၀/၁၂၅၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၁၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၅၆၀၀/၆၀၀၀ |
| **ဓာတ်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၁၂၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၂၀၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၁၉၅ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၂၂၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၃၂၀ |
| **(သာ ဓာတ်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ** | | |
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၈၅)

# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တ ကုမာရာဘိဝံသ(ဗန်းမော်ဆရာတော်)၏ နှစ်သစ်ကူးမေတ္တာပို့သလွှာ



ကောဇာသက္ကရာဇ် – ၁၃၈၅ ခုနှစ်
မြန်မာနှစ်သစ်ကူးမေတ္တာပို့သလွှာ

နှစ်သစ်မှာ မြန်မာနိုင်ငံသူ/နိုင်ငံသားများ၊ ကမ္ဘာသူ/ကမ္ဘာသားများအားလုံး စိတ်၏ချမ်းသာခြင်း ကိုယ်၏ကျန်းမာခြင်းတို့ ထာဝရပြီးပြည့်စုံကြပါစေ။ စိတ်သောကတွေ ကင်းဝေးကြပါစေ။ စားဝတ်နေရေးတွေလည်း အဆင်ပြေပါစေ။ မြန်မာနိုင်ငံသူ/ နိုင်ငံသားများအားလုံး မေတ္တာတရားထားနိုင်ကြပါစေ။

# အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဒေါက်တာ ဘဒ္ဒန္တ ဆေကိန္ဒ၏ နှစ်သစ်ကူးမင်္ဂလာစကား

ဘဝတု သဗ္ဗမင်္ဂလံ၊ ရက္ခန္တု သဗ္ဗဒေဝတာ။
သဗ္ဗဗုဒ္ဓါနုဘာဝေန၊ သဒါ သုခီ ဘဝန္တု တေ။



အလုံးစုံသော မင်္ဂလာအပေါင်းသည် အသင်သူတော်ကောင်းတို့အား ဖြစ်ပါစေသတည်း။ အလုံးစုံသော နတ်မြတ်နတ်ကောင်း နတ်အပေါင်းတို့သည် အသင် သူတော်ကောင်းတို့အား ကောင်းစွာ စောင့်ရှောက်ကြပါစေကုန်သတည်း။ အလုံးစုံသော မြတ်စွာဘုရားရှင်အပေါင်းတို့၏ တန်ခိုးတေဇော် အာနုဘော်ကြောင့် လည်းကောင်း၊ အလုံးစုံသော တရားတော်မြတ်အပေါင်းတို့၏ တန်ခိုးတေဇော် အာနုဘော်ကြောင့် လည်းကောင်း၊ အလုံးစုံသော သံဃာတော်မြတ်အပေါင်းတို့၏ တန်ခိုးတေဇော် အာနုဘော်ကြောင့် လည်းကောင်း၊ အသင်သူတော်ကောင်းတို့အား အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းရှိကြကုန်သည် ဖြစ်ကြပါစေကုန်သတည်း။

ဤသည်ကား လိုလားသောဆုကို ပေးခြင်းသဘောသာတည်း။ စင်စစ်သော်ကား ဗုဒ္ဓသာသနာဟူသည်မြတ်စွာဘုရားရှင်၏ အဆုံးအမတော်သာတည်း။ ဗုဒ္ဓသာသနာ အဆုံးအမစကားတော်အားဖြင့်ကား အသင်သူတော်ကောင်းတို့အား အလုံးစုံသောမင်္ဂလာအပေါင်းသည်ဖြစ်စေရန် အသင်တို့သည် ကောင်းမြတ်သော ကုသိုလ်အကျင့်တရားတို့ကို ကျင့်ကြံအားထုတ်၍ နေထိုင်ကြပါလေ။ အသင်သူတော်ကောင်းတို့အား အလုံးစုံသော နတ်မြတ်နတ်ကောင်း နတ်အပေါင်းတို့သည် ကောင်းစွာ စောင့်ရှောက်ကြစေရန် အသင်တို့သည် ကောင်းမြတ်သော ကုသိုလ်အကျင့်တရားတို့ကို ကျင့်ကြံအားထုတ်၍နေကြပါလေ။

အလုံးစုံသော မြတ်စွာဘုရားရှင်အပေါင်းတို့ကို ကြည်ညိုကြကုန်သော အသင်သူတော်ကောင်းတို့၏ တန်ခိုးတေဇော်အာနုဘော်ကြောင့် လည်းကောင်း၊ အလုံးစုံသော တရားတော်မြတ်အပေါင်းတို့ကို ကြည်ညိုကြကုန်သော အသင်သူတော်ကောင်းတို့၏ တန်ခိုးတေဇော်အာနုဘော်ကြောင့် လည်းကောင်း၊ အလုံးစုံသောသံဃာတော်မြတ်အပေါင်းတို့ကို ကြည်ညိုကြကုန်သော အသင်သူတော်ကောင်းတို့၏ တန်ခိုးတေဇော် အာနုဘော်ကြောင့် လည်းကောင်း၊ အသင်သူတော်ကောင်းတို့အား အခါခပ်သိမ်းကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းတို့ ရရှိကြစေရန် (အသင်တို့သည် ကောင်းမြတ်သော ကုသိုလ်အကျင့်တရားတို့ကို) ကျင့်ကြံအားထုတ်၍နေကြပါလေ။ ဤသို့လျှင် မြတ်စွာဘုရားရှင်သည် သတ္တဝါအပေါင်းတို့အား လိုလားသောဆုကို ပေးခြင်းသည်သာမက ကိုယ်တိုင် ကျင့်ကြံအားထုတ်သောအားဖြင့် ကောင်းကျိုးချမ်းသာတို့ကို ကိုယ်တိုင်ရရှိခံစားနိုင်ကြစေရန် အဆုံးအမသာသနာတော်မြတ်တို့ကို သွန်သင်ဆုံးမတော်မူခဲ့ပါသည်။

ထို့ကြောင့် အသင်သူတော်ကောင်းတို့နှင့် အကျွန်ုပ်တို့သည် နှစ်သစ်ကူးအခါသမယမှအစပြု၍ နောင်ကာလနိဗ္ဗာန်ရောက်သည့်တိုင်အောင် ဘုရား၊ တရား၊ သံဃာတည်းဟူသော ရတနာသုံးပါးတို့ကို ကြည်ညိုကြကုန်လျက် မိမိတို့ကိုယ်တိုင် ကောင်းမြတ်သောကုသိုလ်အကျင့်တရားတို့ကို ကျင့်ကြံအားထုတ်ကြသောအားဖြင့် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းရှိကြကုန်လျက် မိမိကောင်းကျိုး၊ အများကောင်းကျိုး၊ သာသနာတော်ကောင်းကျိုး၊ တိုင်းပြည်ကောင်းကျိုးတို့ကို ဆောင်ရွက်နိုင်ကြသော သူတော်ကောင်းတို့သည်ဖြစ်ကြလေကုန်ရာသတည်း။

# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ စန္ဒိမာဘိဝံသ (ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ မင်းကျောင်း ပထမပြန်စာသင်တိုက်)၏ နှစ်သစ်ကူးမင်္ဂလာစကား

**အကျင့်ကောင်းလျှင် အားလုံးကောင်းမည်**




ယနေ့သည် မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ်ဟု ဆိုအပ်သော နှစ်ဟောင်းကုန်ပျောက်၍ ၁၃၈၅ ခုနှစ်ဟု ဆိုအပ်သော မြန်မာ့နှစ်သစ်သို့ရောက်ရှိသည့် မင်္ဂလာရှိသော နေ့ထူးနေ့မြတ်ဖြစ်ပေသည်။ ယနေ့ကျရောက်သည့် မြန်မာ့နှစ်သစ်မင်္ဂလာနေ့ထူးနေ့မြတ်မှစ၍ နိုင်ငံသူ နိုင်ငံသား ခုနစ်ရက်သားသမီးများ အားလုံး ဘေးဥပဒ်အန္တရာယ်ရန်စွယ်ဟူသမျှ၊ အနှောင့်အယှက်ဟူသမျှ ကင်းစင်ပပျောက်၍ လိုရာဆန္ဒအဝဝတို့ ပြည့်ဝနိုင်ကြပါစေကြောင်း ဆုတောင်းပတ္ထနာပြုလျက် နှစ်သစ်မင်္ဂလာကောင်းမြတ်သောအချိန်အခါ၌ မေတ္တာဖြင့် တိုက်တွန်းလိုသည်မှာ ဘုန်းကြီးတို့ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ပုဗ္ဗဏှသုတ်ပါဠိတော်မှာ

**သုနက္ခတ္တံ သုမင်္ဂလံ၊ သုပ္ပဘာတံ သုဟုဋ္ဌိတံ။ သုခဏော သုမုဟုတ္တော စ၊ သုယိဋ္ဌံ ဗြဟ္မစာရိသု။**

**ပဒက္ခိဏံ ကာယကမ္မံ၊ ဝါစာကမ္မံ ပဒက္ခိဏံ။ ပဒက္ခိဏံ မနောကမ္မံ၊ ပဏိဓိတေ ပဒက္ခိဏာ။** ဟု ဟောတော်မူခဲ့ပါသည်။

ထိုဒေသနာတော်၏အဓိပ္ပာယ်မှာ "နံနက်အခါ၊ မွန်းတည့်အခါ၊ ညချမ်းအခါတို့၌" ကိုယ်၊ နှုတ်၊ စိတ်တို့ဖြင့် သုစရိုက်တရားကို ကျင့်ကြကုန်သောသူတို့အား "ကောင်းသော နံနက်အခါ၊ ကောင်းသော မွန်းတည့်အခါ၊ ကောင်းသော ညချမ်းအခါ"ဖြစ်၍ ထိုသုစရိုက်တရားကို ကျင့်သောသူတို့အား "နက္ခတ်ကောင်း၊ မင်္ဂလာကောင်း၊ အခါကောင်း၊ ခဏကောင်း အားလုံးအကောင်းချည်းဖြစ်ကြောင်း သုစရိုက်ကျင့်သောသူ၏ ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှု ဟူသမျှသည်လည်းပဲ တိုးတက်ကြီးပွားကြောင်း အကောင်းချည်းသာဖြစ်ကြောင်း ဟောတော်မူခဲ့ပါသည်။ ထိုပုဗ္ဗဏှသုတ်ဒေသနာတော်၌ ဟောတော်မူသည်နှင့်အညီ ယနေ့ကျရောက်သော မြန်မာတို့၏ နှစ်သစ်မင်္ဂလာအခါတော်နေ့မှစ၍ အားလုံးသော မြန်မာနိုင်ငံသူ နိုင်ငံသား ခုနစ်ရက်သားသမီး အားလုံးတို့ဟာ မိမိတို့သန္တာန်၌ အမြဲတမ်း နက္ခတ်ကောင်း၊ မင်္ဂလာကောင်း၊ အခါကောင်း၊ ခဏကောင်း စသည်တို့နှင့် တွေ့ကြုံနိုင်ကြပြီး ကြီးပွားတိုးတက်ခြင်း စသောကောင်းကျိုးချမ်းသာကျက်သရေ မင်္ဂလာအဖြာဖြာတို့ ရရှိသုံးဆောင်ခံစားနိုင်ကြစေရန်နှင့် ကြံတိုင်းအောင်၍ ဆောင်တိုင်းမြောက်ကြစေရန် နေ့စဉ် နေ့စဉ် သုစရိုက်ဆယ်ပါး အကျင့်တရားတို့ကို ကျင့်ကြံကြိုးကုတ် အားထုတ်တော်မူနိုင်ကြပါစေကြောင်း မေတ္တာဖြင့်တိုက်တွန်းနှိုးဆော်အပ်ပါသည်။

# နန္ဒာအောင်မြေကျောင်း ပဓာနနာယကဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဒေါက်တာ ဘဒ္ဒန္တ နိမလ (Ph.D. Buddhism) ( ရန်ကုန်မြို့ ဗဟန်းမြို့နယ် ငါးထပ်ကြီးမြောက်ရပ်ကွက် လိပ်ပြာကန်ကျောင်းတိုက်)၏ နှစ်သစ်မင်္ဂလာဆုတောင်း



ဒီကနေ့ဟာ ၁၃၈၄ ခုနှစ်ကုန်ဆုံးလို့ ၁၃၈၅ ခု မြန်မာနှစ်သစ်အခါသမယပဲ ဖြစ်ပါတယ်။ အခုလို မင်္ဂလာရှိလှတဲ့ မြန်မာတို့ရဲ့ နှစ်သစ်မင်္ဂလာအခါသမယမှာ ဘုန်းဘုန်းအနေနဲ့ နှစ်သစ်မင်္ဂလာ နှစ်ဦးဆုမွန်ပတ္ထနာပြုပေးပါမယ်။

**ယာဒိသံ ဝပတေဗီဇံ – တာဒိသံ ဟရတေဖလံ**
**ကလျာဏကာရီ ကလျာဏံ – ပါပကာရီစ ပါပကံ။**
သဂါထာဝဂ္ဂသံယုတ်။

**ကလျာဏကာရီ ကလျာဏံ** – ကောင်းသောစေတနာဖြင့် ကောင်းသောကုသိုလ်မျိုးစေ့တို့ကိုစိုက်ပျိုးနိုင်သော မြန်မာနိုင်ငံသူ မြန်မာနိုင်ငံသား၊ ကမ္ဘာသူ ကမ္ဘာသားများ ဖြစ်နိုင်ကြပါစေ။

**ပါပကာရီစ ပါပကံ** – မကောင်းသောစေတနာဖြင့် မကောင်းသောအကုသိုလ်မျိုးစေ့တို့ကို စိုက်ပျိုးမိသော မြန်မာနိုင်ငံသူ မြန်မာနိုင်ငံသား၊ ကမ္ဘာသူ ကမ္ဘာသားများ မဖြစ်ကြပါစေနှင့်။

❖ ကောင်းပင်ပျိုး၍ ကောင်းကျိုးကိုယ်၌တည်စေသူများဖြစ်ကြပါစေ။
❖ ဆိုးပင်ပျိုး၍ ဆိုးကျိုးများ ကင်းဝေးသောသူများဖြစ်ကြပါစေ။

နံနက်မိုးလင်းမှမိုးချုပ် ရှာဖွေစုဆောင်းထားသော ပစ္စည်းဥစ္စာတို့သည် မိမိနောက်သို့ လိုက်ပါခြင်းမပြု။ ကုသိုလ်၊ အကုသိုလ် (၂)ပါးသာလျှင် လိုက်ပါခြင်းဖြစ်သည်။

သို့အတွက်ကြောင့် မိုးလင်းတဲ့အချိန်မှ မိုးချုပ်တဲ့အချိန်ထိ ကုသိုလ်တရားပွားများပြီးသကာလ ကောင်းကျိုးတွေရရှိပြီး ချမ်းသာသုခ ပြည့်ဝနိုင်ကြပါစေ။

မကောင်းတာတွေ ဖယ်ရှား၊ ကောင်းတာတွေ ပွား၊ ကောင်းကျိုးချမ်းသာ ရကြပါစေ။

နှစ်သစ်အခါသမယမှာ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်း ပြည့်စုံပြီး ဒုက္ခခပ်သိမ်း၊ ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေလို့ နှစ်သစ်ကာလအခါသမယ၌ ဆုတောင်း "ပတ္ထနာ"ပြုလိုက်ပါသည်။

# နိုင်ငံတော်သြဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု ရွှေကျင်နိကာယသာသနာပိုင် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များနှင့် သီတဂူဆေးရုံတော်များ၏အဓိပတိ သီတဂူဆရာတော် ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရ၏ နှစ်သစ်ကူးသြဝါဒကထာ

သတ္တလောကကြီးတစ်ခုလုံး သီတဂူ စန်းလပမာ ချမ်းမြသာယာရှိကြပါစေ။ နှစ်ဟောင်းကိုထားခဲ့ပြီး နှစ်သစ်ကို နှုတ်ဆက်ပါတယ်။ "လ"က အေးမြတဲ့ ရောင်ခြည်ကို နေရာမရွေးလွှတ်တယ်။ သူပုန်၊ ဓားပြနေတဲ့တောတောင်မှာ "လ"က အလင်းရောင်ပေးသလို သူတော်ကောင်းတွေနေတဲ့ တော၊ တောင် တွေမှာလည်း "လ"က အလင်းရောင်ပေးတယ်။ မေတ္တာတရားဆိုတာ "လ"နဲ့ ပမာတူတယ်။ နှစ်ဟောင်းကုန်လို့ နှစ်သစ်အကူး တစ်ကမ္ဘာလုံး သီတဂူ စန်းလပမာ ချမ်းမြသာယာရှိကြပါစေလို့ နှုတ်ခွန်းဆက်ပါတယ်။

၁၃၈၄ ခုနှစ်ကုန်လို့ ၁၃၈၅ ခုနှစ်သို့ ကူးကြတဲ့ နှစ်ဟောင်းကို ဘာနဲ့ နှုတ်ဆက်မလဲ။ နှစ်သစ်ကို ဘယ်လို နှုတ်ဆက်မလဲ။ နှစ်သစ်ကို ဘယ်လို ဆက်လက် လျှောက်လှမ်းမလဲဆိုတဲ့ အပေါ် အားလုံးသဘောပေါက်ဖို့ လိုတယ်။ လောကကြီးတစ်ခုလုံး အားလုံးအဟောင်းနဲ့ အသစ်၊ အသစ်နဲ့ အဟောင်း၊ပြောင်းလဲနေတာပဲဆိုတာကို လူသားတွေ သဘောပေါက်ကြဖို့လို တယ်။ အဲ့ဒါက ဓမ္မပဲ။ ဘာသာအလိုက် ယုံကြည်မှုတွေ၊ ကိုးကွယ်မှုတွေ မတူကြပေမယ့်၊ အဟောင်းအသစ်ပြောင်းလဲခြင်းတွေ အားလုံးအတူတူပဲ။ နှစ်တွေပြောင်းပြီး အသစ်တွေဟောင်းတာ နှစ်သစ်ရောက်သလို၊ ခေတ်တွေ၊ စနစ်တွေဟောင်းပြီး ပြောင်းသွားပြန်တော့ ခေတ်သစ်၊ စနစ်သစ်ရောက်လာပြန်တာ။ ခေတ်တွေ၊ နှစ်တွေဟောင်းပြီး ပြောင်းသွားသလို ပျောက်သွားသလို၊ ပေါ်လာတဲ့ စနစ်သစ်တွေလည်း ဟောင်းပြီးတော့ ဒီလိုပျောက်နေကြမှာပဲ။

ခေတ်တွေ၊ စနစ်တွေကိုတည်ဆောက်နေကြတဲ့ လူသားတွေရော၊ ဆင်းရဲသား၊ မုဆိုး၊ တံငါ၊ သူဌေး၊ သူကြွယ်၊ နိုင်ငံရေးသမား၊ ဘာသာရေးခေါင်းဆောင်တွေ အားလုံးက မိနစ်တိုင်း၊ စက္ကန့်တိုင်း၊ နာရီတိုင်း၊ မိနစ်မလပ်၊ စက္ကန့်မလပ် ခြေဖျားမှ ဆံပင်ဖျားတစ်လုံးမျှရှိတဲ့ ခန္ဓာထဲက ရုပ်တရား၊ နာမ်တရားတွေဟာ နာရီတွေပြောင်းသလို၊ နေ့ရက်တွေဟောင်းသလို၊ ခေတ်တွေ စနစ်တွေပြောင်းသလို၊ မိမိခန္ဓာမှာရှိတဲ့ ရုပ်တရား၊ နာမ်တရားတွေကပဲ အကုန်ဟောင်းဟောင်းပြီး



ပြောင်းပြောင်း ပျက်နေကြတယ်ဆိုတာ အဲ့ဒါသင်္ခါရခေါ်တယ်။ အဲဒီတော့ စိတ်ဟောင်းတွေ စိတ်သစ်သို့ ပြောင်းဖို့ရန်အတွက် အဲဒီသင်္ခါရကို မြင်အောင် ကြည့်နိုင်မှဖြစ်မယ်။

လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ မနာလိုခြင်း၊ ဝန်တိုခြင်းဆိုတဲ့ အဲဒီကိလေသာ စိတ်ယုတ်မာတွေဟာ အလွန်ဟောင်းနွမ်းနေတဲ့စိတ်တွေဖြစ်တယ်။ ကမ္ဘာဦးကတည်းက ပေါ်လာတဲ့ စိတ်တွေ၊ မွေးကတည်းကရလာတဲ့ စိတ်ဟောင်းတွေ၊ ဒါတွေကို အသစ်ဖြစ်အောင် မလုပ်နိုင်ရင် ဘယ်တော့မှ ကမ္ဘာကြီးက သာယာချမ်းမြေ့ဖွယ်ကောင်းတဲ့ ကမ္ဘာကြီးဖြစ်လာမှာမဟုတ်ဘူး။ အရေးအကြီးဆုံးက လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ စိတ်ညစ်၊ စိတ်ယုတ်မာ၊ စိတ်ဟောင်းတွေအကုန်လုံး သန့်ရှင်းသုတ်သင်ပြီးတော့ သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ၊ ဟိရိဩတ္တပ္ပဆိုတဲ့ အဲဒီသူတော်ကောင်းစိတ်ဓာတ်တွေသို့ ပြောင်းနိုင်မှ အသစ်ကနေအဟောင်းပြောင်းတာလို့ခေါ်တယ်။ ရေလောင်းရုံနဲ့ အဲဒီစိတ်ယုတ်မာတွေက မကုန်ပါဘူး။

မြတ်စွာဘုရား ကိုယ်တော်မြတ်နဲ့ ခေတ်ပြိုင် ဘာသာရေးဂိုဏ်းတချို့က တစ်ဆောင်းတွင်းလုံး ဂင်္ဂါမြစ်၊ ယမုံနာမြစ်၊ နေရဉ္ဇရာမြစ်တို့မှာ ကိလေသာ အညစ်အကြေးကုန်မလားလို့ ရေစိမ်နေကြတာတွေရှိတယ်။ တချို့ အယူအဆကလည်း ရေမျောရုံနဲ့ ကိလေသာ မမျောပါဘူး။ တို့က မီးလှုံမယ်ဆိုပြီး နွေခေါင်ခေါင်မီးမြိုက်ပြီး ကိလေသာကို ရှို့မြိုက်နေတဲ့ လူတွေလည်းရှိတယ်။ ဒီကနေ့အထိ အိန္ဒိယပြည်မှာ မီးလှုံခြင်း၊ ရေမျောခြင်း၊ ရေငုတ်ခြင်းဆိုတဲ့ အကျင့်တွေ ကျန်နေသေးတယ်။ အတွင်းစိတ်ဓာတ်ကို မီးရှို့လို့ မလောင်ဘူး။ ရေနဲ့ဆေးလို့ မပြောင်ဘူး။ အတာရေ သင်္ကြန်ဆိုတာက အထိမ်းအမှတ် သဘောတစ်ခုပဲ။ ပြောချင်တာက ကမ္ဘာဦးကတည်းက ရလာတဲ့ စိတ်ညစ်၊ စိတ်ဟောင်း၊ လောဘ၊ ဒေါသ၊ မောဟ၊ မာနတွေကို ဒီကနေ့အထိ အကုန်လုံးညစ်နေကြတဲ့ စိတ်ညစ်တွေကို ဆေးကြောဖို့ဆိုရင် **မြတ်စွာဘုရားဟောကြားတဲ့ သီလ၊ သမာဓိ၊ ပညာဆိုတဲ့ ဓမ္မသီတာရေနဲ့ ဆွတ်ဖျန်းမှ အေးချမ်းမှာပါ။** ဓမ္မသီတာရေချမ်းနဲ့ဆေးကြောမှ ဒီစိတ်ဟောင်းတွေ သစ်လွင်တောက်ပလာမှာဆိုတဲ့ အကြောင်း သတင်းကောင်းပါးအပ်ပါတယ် သူတော်ကောင်းတို့...။

**မိမိတို့ရဲ့ စိတ်ဟောင်းတွေကို ဓမ္မသီတာရေချမ်းနဲ့ ဆေးကြောပြီးတော့ စိတ်ဓာတ်အသစ်ကိုပြောင်းနိုင်ကြပါစေ။**

# မြန်မာနိုင်ငံသို့ အလည်အပတ်ရောက်ရှိနေသည့် ရုရှား Bloggers အဖွဲ့ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်းက ညစာဖြင့် တည်ခင်းဧည့်ခံ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ဇော်မင်းထွန်း မြန်မာနိုင်ငံသို့အလည်အပတ်ရောက်ရှိနေသည့် ရုရှား Bloggers အဖွဲ့ကို ညစာဖြင့် တည်ခင်းဧည့်ခံပွဲတွင် ခရီးစဉ်နှင့်ပတ်သက်၍ နှုတ်ခွန်းဆက်စကားပြောကြားစဉ်။

**နေပြည်တော် မေ ၁၈**

မြန်မာနိုင်ငံသို့ အလည်အပတ်ရောက်ရှိနေသည့် ရုရှား Bloggers အဖွဲ့ကို ယနေ့ညနေပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ဇော်မင်းထွန်းက နေပြည်တော်ရှိ မြတ်တော်ဝင်ဟိုတယ်၌ ညစာဖြင့် တည်ခင်းဧည့်ခံသည်။

ညစာစားပွဲသို့ မြန်မာ-ရုရှားချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်း ဥက္ကဋ္ဌ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်သော်နှင့်အတူ တာဝန်ရှိသူများ တက်ရောက်ကြပြီး ရုရှား Bloggers အဖွဲ့ခေါင်းဆောင် ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်း အတွင်းရေးမှူး Mr. Seferov Rushen နှင့်ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်းက ခရီးစဉ်နှင့်ပတ်သက်၍ နှုတ်ခွန်းဆက်စကားပြောကြားပြီး ရုရှားနိုင်ငံ Bloggers အဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်းက ရုရှားနိုင်ငံ Bloggers အဖွဲ့ခေါင်းဆောင် Mr. Seferov Rushen ကို အမှတ်တရလက်ဆောင်ပစ္စည်းပေးအပ်သည်။

အဆိုပါ ရုရှား Bloggers အဖွဲ့သည် မြန်မာ-ရုရှား ချစ်ကြည်ရေးအသင်း၏စီစဉ်မှုဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ရုရှား Bloggers အဖွဲ့တွင် ရုရှားနိုင်ငံမှ ရုပ်ရှင်၊ ဂီတ၊ ဒီဇိုင်နာ၊ ပန်းချီနှင့် မီဒီယာပညာရှင်များ ပါဝင်ပြီး မြန်မာနိုင်ငံသို့ မေ ၁၂ ရက်တွင် စတင်ရောက်ရှိခဲ့ကာ နိုင်ငံအတွင်းရှိ ရန်ကုန်၊ နေပြည်တော်၊ မန္တလေး၊ ပုဂံ၊ ပြင်ဦးလွင်စသည့် မြို့များရှိ အထင်ကရနေရာများကို လေ့လာကြည့်ရှုခြင်း၊ မြန်မာနှစ်သစ်ကူး အတာသင်္ကြန်ပွဲတော်တွင် ပါဝင်ဆင်နွှဲခြင်းများဆောင်ရွက်ခဲ့ကြောင်း၊ ၎င်းတို့သွားရောက်ခဲ့သည့် မြန်မာနိုင်ငံ၏အထင်ကရနေရာများနှင့် အတာသင်္ကြန်ပွဲတော်ပါဝင်ဆင်နွှဲခဲ့မှုများကို ၎င်းတို့နိုင်ငံရှိ Online Website များ၌ လွှင့်တင်ခြင်းများနှင့် ထုတ်လွှင့်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း၊ ထိုသို့ဆောင်ရွက်မှုများကြောင့် မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုရိုးရာဓလေ့အစားအသောက်များ၊ မြန်မာနိုင်ငံ၏ရှုခင်းအလှအပများကို ရုရှားပြည်သူများ ပိုမိုသိရှိလာနိုင်မည်ဖြစ်ကြောင်းနှင့် ယခုကဲ့သို့ ရုရှား Bloggers အဖွဲ့ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ခြင်းဖြင့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကိုသာမက ပြည်သူများအကြား ချစ်ကြည်ရင်းနှီးမှုကို ပိုမိုတိုးတက်ခိုင်မာစေမည်ဖြစ်သကဲ့သို့ ခရီးသွားလုပ်ငန်းများ တိုးတက်ရေးအတွက်လည်း တစ်ဖက်တစ်လမ်းမှအထောက်အကူပြုစေမည်ဖြစ်ကြောင်း သိရှိရသည်။

မြန်မာနိုင်ငံသို့ အလည်အပတ်ရောက်ရှိနေသည့် ရုရှား Bloggers အဖွဲ့ ၁၆-၅-၂၀၂၄ ရက်တွင် မန္တလေးနန်းတွင်းရှိ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် မိသားစုရေကစားမဏ္ဍပ်များသို့ လှည့်လည်ဖျော်ဖြေမှု မှတ်တမ်းဓာတ်ပုံ။



## အကျဉ်းသား/အကျဉ်းသူ ၃၀၁၅ ဦးတို့အား ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ် ၂၈ /၂၀၂၃
၁၃၈၅ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၃ ရက်
( ၂၀၂၃ ခုနှစ်၊ ဧပြီလ ၁၇ ရက် )
ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် မြန်မာနှစ်သစ်မင်္ဂလာအခါသမယ အထိမ်းအမှတ်အားဖြင့်လည်းကောင်း၊ ပြည်သူလူထု နှလုံးစိတ်ဝမ်းအေးချမ်းစေရေးနှင့် လူသားချင်း စာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း အကျဉ်းထောင်/အချုပ်ထောင်/စခန်း အသီးသီးတွင် ပြစ်ဒဏ်ကျခံနေရသည့် အကျဉ်းသား/သူ ၃၀၁၅ ဦးတို့အား ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၄၀၁၊ ပုဒ်မခွဲ (၁) အရ **" နောက်တစ်ကြိမ် ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခု ကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည် "** ဟူသော စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များအပေါ် လျှော့ပေါ့၍ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

## နိုင်ငံခြားသား အကျဉ်းသား/သူ ၉၈ ဦးတို့အား ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု၍ ပြည်နှင်ဒဏ်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ် ၂၉ /၂၀၂၃
၁၃၈၅ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၃ ရက်
( ၂၀၂၃ ခုနှစ်၊ ဧပြီလ ၁၇ ရက် )
ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် မြန်မာနှစ်သစ်မင်္ဂလာအခါသမယ အထိမ်းအမှတ်အားဖြင့်လည်းကောင်း၊ နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက်ဆက်ဆံရေးကို ရှေးရှုသောအားဖြင့်လည်းကောင်း၊ လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း အကျဉ်းထောင်/အချုပ်ထောင်အသီးသီးတွင် ပြစ်ဒဏ်ကျခံနေရသည့် နိုင်ငံခြားသား အကျဉ်းသား/သူ ၉၈ ဦးတို့အား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ (၁) အရ **" နောက်တစ်ကြိမ် ပြစ်မှုထပ်မံ ကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည် "** ဟူသော စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များအပေါ် လျှော့ပေါ့ပြီး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု၍ ပြည်နှင်ဒဏ်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

## သီရိလင်္ကာနိုင်ငံသား ၅ ဦးကို ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု၍ ပြည်နှင်ဒဏ်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ် ၃၀ / ၂၀၂၃
၁၃၈၅ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၃ ရက်
( ၂၀၂၃ ခုနှစ်၊ ဧပြီလ ၁၇ ရက် )
ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် မြန်မာနှစ်သစ်မင်္ဂလာအခါသမယ အထိမ်းအမှတ်အားဖြင့်လည်းကောင်း၊ နိုင်ငံအချင်းချင်းမိတ်ဝတ်မပျက်ဆက်ဆံရေးကို ရှေးရှုသောအားဖြင့်လည်းကောင်း၊ လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း အင်းစိန်ဗဟိုအကျဉ်းထောင်တွင် ပြစ်ဒဏ်ကျခံနေရသည့် အောက်ပါ သီရိလင်္ကာနိုင်ငံသား ၅ ဦးကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ (၁) အရ **" နောက်တစ်ကြိမ် ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည် "** ဟူသော စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များအပေါ် လျှော့ပေါ့ပြီး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု၍ ပြည်နှင်ဒဏ်ပေးလိုက်သည်-

(၁) အစ / ၂၃ / ၀၂၅၁၉ / က Mr. R.R. GAMINI
(၂) အစ / ၂၃ / ၀၂၅၂၀ / က Mr. M.M.R.D DILSHAN
(၃) အစ / ၂၃ / ၀၂၅၂၁ / က Mr. L.S.J NANAYAKKARA
(၄) အစ / ၂၃ / ၀၂၅၂၂ / က Mr. V.G.L.R KUMARA
(၅) အစ / ၂၃ / ၀၂၅၂၃ / က Mr. L.H.N KARUNASINGHE

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် သတင်းထုတ်ပြန်ချက် (၅/၂၀၂၃)

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် ၂၀၂၃ ခုနှစ် ဧပြီ ၁၇ ရက်တွင် မြန်မာနှစ်သစ်မင်္ဂလာအခါသမယအထိမ်းအမှတ်အားဖြင့်လည်းကောင်း၊ပြည်သူလူထု နှလုံးစိတ်ဝမ်း အေးချမ်းစေရေးနှင့် လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အမိန့်အမှတ် (၂၈/ ၂၀၂၃)ဖြင့် အကျဉ်းထောင်၊ အချုပ်ထောင်၊ စခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံနေရသည့် အကျဉ်းသား/ သူ ၃၀၁၅ ဦးကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ (၁)အရ ယင်းတို့ကျခံရန်ရှိသည့် ပြစ်ဒဏ်များအပေါ် လျှော့ပေါ့ပြီး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခဲ့ပါသည်။

၂။ ထို့ပြင် နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက်ဆက်ဆံရေးကို ရှေးရှုသောအားဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အမိန့်အမှတ် (၂၉/ ၂၀၂၃)ဖြင့် နိုင်ငံခြားသား အကျဉ်းသား/ သူ ၉၈ ဦးတို့အားလည်းကောင်း၊ အမိန့်အမှတ် (၃၀/ ၂၀၂၃)ဖြင့် သီရိလင်္ကာနိုင်ငံသား ၅ ဦးကိုလည်းကောင်း ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ(၁)အရ ယင်းတို့ကျခံရန်ရှိသည့် ပြစ်ဒဏ်များအပေါ် လျှော့ပေါ့ပြီး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု၍ ပြည်နှင်ဒဏ်ပေးခဲ့ပါသည်။

၃။ ဤဆောင်ရွက်မှုသည် လူ့အခွင့်အရေးဆိုင်ရာ အပြုသဘောဆောင်သော ခြေလှမ်းတစ်ရပ်ဖြစ်ပြီး အကျိုးဆက်အဖြစ် ပြစ်ဒဏ်လွတ်ငြိမ်းချမ်းသာခွင့်ရသူများသည် မိသားစုဝင်များနှင့် ပြန်လည်ပေါင်းစည်းခွင့်ရကြသဖြင့် မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်အနေဖြင့် သက်ဆိုင်ရာမိသားစုဝင်များနှင့် ထပ်တူလွန်စွာ ဝမ်းမြောက်ပီတိဖြစ်ရပါသည်။

၄။ အလားတူ အပြုသဘောဆောင်သောခြေလှမ်းများကို ဆက်လက်လုပ်ဆောင်သွားမည်ဟု ကော်မရှင်အနေဖြင့် မျှော်လင့်ပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

ရက်စွဲ၊ ၂၀၂၃ ခုနှစ်၊ ဧပြီ ၁၈ ရက်

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ဧပြီ ၁၈ ရက်ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ကိုးဦး တွေ့ရှိ

### ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၃၄၁၇၄ ဦး |
| သေဆုံးသူ | ၁၉၄၉၀ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၁၄၆၃၄ ဦး |

**နေပြည်တော် ဧပြီ ၁၈**

ဧပြီ ၁၇ ရက်ည ၈ နာရီမှ ယနေ့ ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၂၉၉၃ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ကိုးဦးတွေ့ရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

# ၂၀၁၉ ခုနှစ်၊ ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၂ ခုနှစ်များအတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနားကို မေ ၆ ရက်တွင် ခမ်းနားထည်ဝါစွာ ကျင်းပသွားမည်



**နေပြည်တော် မေ ၁၈**

၂၀၁၉ ခုနှစ်၊ ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၂ ခုနှစ်များအတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနားကို မေ ၆ ရက်တွင် နေပြည်တော်မြို့တော်ခန်းမအနီးရှိ လဟာပြင်ကဇာတ်ရုံ၌ခမ်းနားထည်ဝါစွာ ကျင်းပသွားမည်ဖြစ်သည်။

ထိုသို့ကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုများကို ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ညနေပိုင်းတွင် သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နားနေဆောင်သို့ ရောက်ရှိရာ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ကုမ္ပဏီမှ တာဝန်ရှိသူများက MRTV ၏ နိုင်ငံတော်သံစုံတီးဝိုင်းနှင့် မြန်မာ့ဆိုင်းဝိုင်း နေရာချထားမှု၊ အခမ်းအနားတွင်ဖျော်ဖြေမည့်တေးသီချင်းများရွေးချယ်မှု၊အခမ်းအနားမှူးများ နေရာချထားမှု၊ဧည့်သည်တော်များ ဖိတ်ကြားမည့် အစီအစဉ်၊ ကြိုဆိုဧည့်ခံရေး ဆောင်ရွက်ထားရှိမှုနှင့်ဧည့်သည်တော်များ တည်းခိုနေရာချထားမည့်အစီအစဉ်များကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အခမ်းအနားကျင်းပမည့် စင်မြင့်ဆောက်လုပ်နေမှု၊ ထိုင်ခုံခင်းကျင်းမှုနှင့် အနုပညာရှင်များအတွက် အနီရောင်ကော်ဇောလျှောက်လမ်းနေရာလျာထားမှုတို့ကို အသေးစိတ်လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ကဆုန်လပြည့်(ဗုဒ္ဓနေ့) နေ့ထူးနေ့မြတ်အခါသမယတွင် မန္တလေးမြို့ လေးပြင်လေးရပ်မှ သံဃာတော် ၁၀၂၆၈ ပါးအား ဆွမ်း၊ ဆွမ်းဟင်း၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လောင်းလှူပွဲကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**မန္တလေး မေ ၁၈**

ကဆုန်လပြည့်နေ့(ဗုဒ္ဓနေ့) နေ့ထူးနေ့မြတ်အခါသမယတွင် မန္တလေးမြို့ လေးပြင်လေးရပ်မှ သံဃာတော် ၁၀၂၆၈ ပါးအားဆွမ်း၊ဆွမ်းဟင်း၊လှူဖွယ်ပစ္စည်းနှင့် နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လောင်းလှူပွဲကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး နှစ်ထပ်ဆောင်အစည်းအဝေးခန်းမတွင် ယနေ့မွန်းလွဲပိုင်းက ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က သာသနာတော်နှစ် ၂၅၆၆ နှစ်ပြည့်ပြီး ၂၅၆၇ နှစ်သို့ကူးပြောင်းရောက်ရှိမှုအထိမ်းအမှတ်နှင့် မြန်မာနိုင်ငံသူ၊ နိုင်ငံသားများ ဘေးအန္တရာယ်ကင်းရှင်းစေရန်ရည်ရွယ်၍ ကဆုန်လပြည့်(ဗုဒ္ဓနေ့) နေ့ထူးနေ့မြတ်အခါသမယတွင် မန္တလေးမြို့ လေးပြင်လေးရပ်ရှိ ဆရာတော်၊သံဃာတော် ၁၀၂၆၈ ပါးတို့ကို ဆွမ်း၊ဆွမ်းဟင်း၊လှူဖွယ်ပစ္စည်းနှင့် နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လောင်းလှူပွဲ အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးဖြစ်ပါကြောင်း၊ ယခင်နှစ်က ကျင်းပခဲ့သည့် အတွေ့အကြုံများအပေါ် မူတည်၍ ယခုနှစ်တွင် ပိုမိုပြည့်စုံအောင် ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း၊ ဖွဲ့စည်းပေးထားသည့် လုပ်ငန်းကော်မတီများအနေဖြင့် လုပ်ငန်းများအပေါ် စေတနာထားပြီး လစ်ဟာမှုမရှိစေရေး အချင်းချင်း ချိတ်ဆက်ပူးပေါင်းကာ ဟန်ချက်ညီစွာဖြင့် စနစ်တကျဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ အလှူခံ သံဃာတော်များနှင့် အလှူရှင်များ အဆင်ပြေစိတ်ချမ်းမြေ့စေရေးအလေးအနက်ထားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဦးစီးကော်မတီနှင့်လုပ်ငန်းကော်မတီတို့မှ သက်ဆိုင်ရာလုပ်ငန်းကဏ္ဍများအလိုက် ဆောင်ရွက်ထားရှိမှုလုပ်ငန်းအစီအစဉ်များနှင့် အကြံပြုဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က တင်ပြချက်များအပေါ် သက်ဆိုင်ရာဝန်ကြီးများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးဆောင်ရွက်မည့် သာသနာတော်နှစ် ၂၅၆၇ အထိမ်းအမှတ် ကဆုန်လပြည့်(ဗုဒ္ဓနေ့) မေ ၃ ရက် နံနက်ပိုင်းတွင် ကျုံးအရှေ့ဘက်(အရှေ့ပြင်) ၆၆ လမ်းအတိုင်း သံဃာတော် ၂၅၆၇ ပါး၊ ကျုံးတောင်ဘက်(တောင်ပြင်) ၂၆ လမ်းအတိုင်း သံဃာတော် ၂၅၆၇ ပါး၊ ကျုံးနောက်ဘက်(နောက်ပြင်) လမ်း ၈၀ အတိုင်း သံဃာတော် ၂၅၆၇ ပါး၊ ကျုံးမြောက်ဘက်(မြောက်ပြင်) ၁၂ လမ်းအတိုင်း သံဃာတော် ၂၅၆၇ ပါး စုစုပေါင်းသံဃာတော် ၁၀၂၆၈ ပါးတို့ကို ဆွမ်း၊ဆွမ်းဟင်း၊လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများလောင်းလှူသွားမည်ဖြစ်ကြောင်း၊ကိုယ်တိုင်လောင်းလှူနိုင်ရန်နှင့်အလှူငွေများ ထည့်ဝင်လှူဒါန်းခြင်းများကိုလည်း လက်ခံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# ဒေသတွင်း စိုက်ပျိုး၊မွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေးအတွက် စိုက်ပျိုး၊မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်



**ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း တပ်ရင်း၊ တပ်ဖွဲ့များ၌ စိုက်ပျိုး၊ မွေးမြူရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးစဉ်။**

**နေပြည်တော် မေ ၁၈**

ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများဆောင်ရွက်နေချိန်တွင် ဒေသတွင်းစားရေရိက္ခာဖူလုံရေးနှင့် ပြည်သူများ၏ စားသောက်ရေးကိုအထောက်အကူဖြစ်စေရန်အတွက် တိုင်းစစ်ဌာနချုပ်များ၊ တပ်ရင်း၊ တပ်ဖွဲ့များ၌ စိုက်ပျိုး၊ မွေးမြူရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့နေ့လယ်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့် တာဝန်ရှိသူများသည် မှော်ဘီမြို့နယ်ရှိ ဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်း(ဝါးနက်ချောင်း)၊အမှတ်(၂)စိုက်ပျိုး၊ မွေးမြူရေးစခန်း(မှော်ဘီ)နှင့် မင်္ဂလာဒုံမြို့နယ်ရှိ အမှတ်(၄)စိုက်ပျိုးမွေးမြူရေး(စခန်း)တို့၌ ဆိတ်၊ အသားတိုးကြက်၊ ဥစားကြက်၊ အသားတိုးနွားနှင့် နို့စားနွား မွေးမြူထားရှိမှု၊ သီးပင်စားပင်များနှင့် ဟင်းသီးဟင်းရွက်များ စိုက်ပျိုးထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့်တွေ့ဆုံကာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေးနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

➤ ➤ ➤

# မြိုင်မြို့နယ် မကြီးကန်ကျေးရွာနှင့် ကန်ကြီးကျေးရွာတို့အတွင်း PDF အမည်ခံ အကြမ်းဖက်သမားများ သိုဝှက်ထားသည့် ခဲယမ်း၊ ဗုံးသီးများနှင့် ဆက်စပ်ပစ္စည်းများ အများအပြားဖော်ထုတ်သိမ်းဆည်းရမိ

**နေပြည်တော် ဧပြီ ၁၈**

မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် အတွင်းရှိ ကျေးရွာများအတွင်းသို့ PDF အမည်ခံ အကြမ်းဖက်သမားများအနေဖြင့် ဒေသခံများအသွင် စိမ့်ဝင်၍ ခိုအောင်းနေထိုင်လျက်ရှိကြောင်းနှင့်ဒေသခံပြည်သူများကို အနိုင်ကျင့်နှိပ်စက်ခြင်း၊အဓမ္မဆက်ကြေးကောက်ခံခြင်း၊ ခြိမ်းခြောက်အကျပ်ကိုင်ခြင်းနှင့် ၎င်းတို့၏ အကြမ်းဖက်လုပ်ရပ်များကို ထောက်ခံအားပေးမှုမရှိသည့် ဒေသခံများကို ဖမ်းဆီးသတ်ဖြတ်လျက်ရှိကြောင်း သိရှိရသည်။

ထိုသို့လုပ်ဆောင်လျက်ရှိရာ မြိုင်မြို့နယ် မကြီးကန်ကျေးရွာနှင့် ကန်ကြီးကျေးရွာတို့အတွင်း၌ PDF အမည်ခံ အကြမ်းဖက်သမားများခိုအောင်းနေထိုင်လျက်ရှိကြောင်းနှင့် ၎င်းတို့အကြမ်းဖက်လုပ်ရပ်များလုပ်ကိုင်ရာတွင် အသုံးပြုသည့် လက်နက်၊ ခဲယမ်းများနှင့် ဖောက်ခွဲရေးဆက်စပ်ပစ္စည်းများ သိုဝှက်ထားရှိကြောင်း အကြမ်းဖက်မှုကိုမလိုလားသည့် တာဝန်သိဒေသခံများ ကျေးရွာသူ၊ ကျေးရွာသားများ၏ သတင်းပေးပို့မှုအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက ယနေ့နံနက်ပိုင်းတွင် အလစ်အငိုက်ဝင်ရောက်ခဲ့ပြီး လိုအပ်သည့် စုံစမ်းစစ်ဆေးခြင်းနှင့် သတင်းဖော်ထုတ်ခြင်းများကို ဆောင်ရွက်ခဲ့သည်။

မြိုင်မြို့နယ်၊ မကြီးကန်ကျေးရွာနှင့် ကန်ကြီးကျေးရွာတို့အတွင်း PDF အမည်ခံအကြမ်းဖက်သမားများ သိုဝှက်ထားသည့် ခဲယမ်း၊ ဗုံးသီးများနှင့် ဆက်စပ်ပစ္စည်းများ အများအပြား ဖော်ထုတ်သိမ်းဆည်းရမိသည့် ဖြစ်စဉ်ပြပုံ




လုံခြုံရေးတပ်ဖွဲ့ဝင်များက မကြီးကန်ကျေးရွာကိုဝင်ရောက်၍ လိုအပ်သည့် စုံစမ်းစစ်ဆေးခြင်းများနှင့် ရှာဖွေဖော်ထုတ်ခြင်းများဆောင်ရွက်ခဲ့ရာ၌ PDF အမည်ခံ အကြမ်းဖက်သမားများနှင့် ၎င်းတို့နှင့် ပတ်သက်ဆက်နွယ်သူများဟု ယူဆရသူ အမျိုးသား ၁၀ ဦး၊ အမျိုးသမီးဦးရေ ၂၀ ကို လိုအပ်သည့်စစ်ဆေးမှုများ ဆောင်ရွက်နိုင်ရန် ခေတ္တထိန်းသိမ်းထားရှိခဲ့ပြီး မကြီးကန်ကျေးရွာကျေးလက်ဆေးပေးခန်းအတွင်းမှ ကျည်အိမ်မျိုးစုံ ၁၀ ခု၊ လက်ပစ်ဗုံးမျိုးစုံ ၁၈ လုံး၊ ၆၀ မမ ဗုံးသီး နှစ်လုံး၊ လက်လုပ်လက်ပစ်ဗုံးနှင့် Drop ဗုံးသီး သုံးလုံး၊ ကျည်မျိုးစုံ အတောင့် ၇၈၀၊ ဆက်သွယ်ရေးစက်နှင့် ဆက်စပ်ပစ္စည်းများ၊ People Defence Force(Myaing) စာတန်းပါ ယူနီဖောင်းများအပါအဝင် ယူနီဖောင်းမျိုးစုံ ၅၃ စုံ၊ ကျည်ကာအင်္ကျီ နှစ်ထည်၊ Myaing PDF စာတန်းပါ လက်မောင်းဘက်တံဆိပ်များ၊ ဗုံးခွဲကျင်း တစ်ခု၊ မော်တော်ယာဉ်မျိုးစုံ သုံးစီးနှင့် မော်တော်ဆိုင်ကယ်မျိုးစုံ ငါးစီးတို့ကို သိမ်းဆည်းရမိခဲ့သည်။

ကန်ကြီးကျေးရွာအတွင်းသို့ဝင်ရောက်၍ လိုအပ်သည့်စုံစမ်းစစ်ဆေးခြင်းများနှင့် ရှာဖွေဖော်ထုတ်ခြင်းများ ဆောင်ရွက်ခဲ့ရာ အဆိုပါ ကျေးရွာအခြေခံပညာမူလတန်းကျောင်းအတွင်းမှ လက်လုပ်လက်ပစ်ဗုံး တစ်လုံး၊ Nissan အမျိုးအစားမော်တော်ယာဉ် တစ်စီးနှင့် မော်တော်ဆိုင်ကယ်မျိုးစုံ ၁၅ စီးတို့ကိုဖော်ထုတ်သိမ်းဆည်းရမိခဲ့သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် မြိုင်မြို့နယ်အတွင်း PDF အမည်ခံ အကြမ်းဖက်သမားများ ခိုအောင်းနေထိုင်မှုမရှိစေရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

# သံဖြူဇရပ်မြို့နယ် ပင‌ကျေးရွာရေကစားမဏ္ဍပ်ကို လက်ပစ်ဗုံးဖြင့် ဖောက်ခွဲဖျက်ဆီးရန်ပြုလုပ်ခဲ့သူ PDF အမည်ခံအကြမ်းဖက်သမား နှစ်ဦးကို အသေပစ်ခတ်ဖမ်းဆီးရမိ

**နေပြည်တော် ဧပြီ ၁၈**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ပင‌ကျေးရွာရေကစားမဏ္ဍပ်ကို လက်ပစ်ဗုံးဖြင့် အကြမ်းဖက်ဖောက်ခွဲရန် ပြုလုပ်ခဲ့သော PDF အမည်ခံ အကြမ်းဖက်သမား နှစ်ဦးကို ဧပြီ ၁၇ ရက် မွန်းလွဲ ၂ နာရီ ၁၅ မိနစ်ခန့်တွင် ဒေသခံပြည်သူများက ဝိုင်းဝန်းဖမ်းဆီးရမိခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ KNLA တပ်မဟာ(၆) ရင်း(၁၆)မှ ဒုခွဲမှူးအဆင့်ရှိ ချနေလား၏ စေခိုင်းချက်အရ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် တလက်ခွကျေးရွာနေ အာကာမင်းနှင့် ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ်နေ အောင်မျိုးထက်တို့ နှစ်ဦးသည် သံဖြူဇရပ်မြို့နယ် ပင‌ကျေးရွာ ရေကစားမဏ္ဍပ်ကို လက်ပစ်ဗုံးဖြင့် ဖောက်ခွဲဖျက်ဆီးရန်အတွက် ရေးမြို့နယ် လိမ္မော်ခြံကျေးရွာမှ ဧပြီ ၁၇ ရက် နံနက် ၉ နာရီခန့်တွင် မော်တော်ဆိုင်ကယ်ဖြင့် ထွက်ခွာခဲ့ပြီး ရေကစားမဏ္ဍပ်အနီး၌ အခြေအနေစောင့်ကြည့်ခဲ့ကြောင်း၊ မွန်းလွဲ ၂ နာရီ ၁၅ မိနစ်ခန့်တွင် အာကာမင်းက လက်ပစ်ဗုံးကို ဘောင်းဘီအိတ်အတွင်းမှ ပစ်ခတ်ရန်ထုတ်ယူစဉ် လက်ပစ်ဗုံး၏ လုံခြုံရေးပင်မှာဘောင်းဘီအိတ်အတွင်းပြုတ်၍ ကျန်ရှိခဲ့သဖြင့် လက်ပစ်ဗုံးကိုလမ်းဘေးရေမြောင်းအတွင်းသို့ ထိတ်လန့်စွာဖြင့် လွှင့်ပစ်ခဲ့ရာ ပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း၊ ပေါက်ကွဲမှုကြောင့် လူနှင့်အဆောက်အအုံ ထိခိုက်မှုမရှိကြောင်းနှင့် အဆိုပါအကြမ်းဖက်သမား နှစ်ဦးကို ဒေသခံပြည်သူများက ဝိုင်းဝန်းဖမ်းဆီးခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့အပ်နှံခဲ့ကြောင်း သိရှိရသည်။

အဆိုပါဖမ်းဆီးရမိသူများ၏ ပြောကြားချက်အရ သံဖြူဇရပ်မြို့နယ် သင်္ဘောကျေးရွာ၏ အရှေ့တောင်ဘက် မီတာ ၁၃၀၀ ခန့်အကွာရှိ လှိုအတွင်း၌ လက်လုပ်မိုင်း သုံးလုံးသိမ်းဆည်းထားကြောင်း သိရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ၎င်းတို့နှင့်အတူ သွားရောက်ရှာဖွေခဲ့ရာ လက်လုပ်မိုင်း သုံးလုံးကို သိမ်းဆည်းရမိခဲ့ပြီး ၎င်းနေရာ၌ပင် ဖောက်ခွဲဖျက်ဆီးရှင်းလင်းခဲ့ကြောင်း၊ ထို့နောက် အဆိုပါနေရာမှ ပြန်လည်ထွက်ခွာလာစဉ် ဖမ်းဆီးရမိ အကြမ်းဖက်သမား နှစ်ဦးကထွက်ပြေးခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များကခြောက်လန့်ပစ်ခတ်တားဆီးခဲ့သော်လည်း ရပ်တန့်ခြင်းမရှိသောကြောင့် ပစ်ခတ်ဖမ်းဆီးခဲ့ရာ အကြမ်းဖက်သမားနှစ်ဦးသည် ကျည်ထိမှန်ဒဏ်ရာများရရှိကာ သေဆုံးသွားခဲ့သည်။

အထက်ပါဖြစ်စဉ်မှ အကြမ်းဖက်သမား နှစ်ဦးသေဆုံးမှုနှင့်ပတ်သက်၍ ဥပဒေနှင့်အညီ သေမှုသေခင်းရေးဖွင့်ဆောင်ရွက်လျက်ရှိကြောင်းနှင့် ၎င်းတို့၏ရုပ်အလောင်းများကို သံဖြူဇရပ်မြို့နယ် ဝဲကလိကျေးရွာ သုသာန်၌ ကောင်းမွန်စွာမီးသဂြိုဟ်ပေးခဲ့ကြောင်း သတင်းရရှိသည်။



သံဖြူဇရပ်မြို့နယ် ပင‌ကျေးရွာ ရေကစားမဏ္ဍပ်ကို လက်ပစ်ဗုံးဖြင့် ဖောက်ခွဲဖျက်ဆီးရန်ပြုလုပ်စဉ် လက်ပစ်ဗုံးကျရောက်ပေါက်ကွဲခဲ့သည့်နေရာကို တွေ့ရစဉ်။



သံဖြူဇရပ်မြို့နယ် ပင‌ကျေးရွာ ရေကစားမဏ္ဍပ်ကို လက်ပစ်ဗုံးဖြင့် ဖောက်ခွဲဖျက်ဆီးရန်ပြုလုပ်ခဲ့သူ PDF အမည်ခံအကြမ်းဖက်သမား နှစ်ဦး သိုဝှက်ထားသည့် လက်လုပ်မိုင်းများကို တွေ့မြင်ရစဉ်။

**"ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်**

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်မှ **"ငေးကျိုက်ဘုတာမှ ပုဇွန်တောင်ဘုတာသို့ ထွက်ခွာလာသည့် မြန်မာ့မီးရထားကျောက်ရထားကို NUG၊CRPHတို့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်များက မိုင်းထောင်ဖောက်ခွဲဖျက်ဆီးတိုက်ခိုက်ခဲ့မှု"**ခေါင်းစဉ်ဖြင့် ၁၉-၄-၂၀၂၃ ရက်**(ယနေ့)** မွန်းလွဲ ၁ နာရီတွင်ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"ဇာခ်ကိုင်းမြို့နယ်အတွင်း PDF အမည်ခံအကြမ်းဖက်သမားများ၏ Drop Bomb များဖြင့် ပစ်ချတိုက်ခိုက်မှုကြောင့် ရေကစားနေသည့် ကျေးရွာသူ၊ ကျေးရွာသားများနှင့်ကလေးသူငယ်များသေဆုံးထိခိုက်ဒဏ်ရာရရှိမှု"**ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# ပြင်သစ်နှင့် စပိန်နိုင်ငံနယ်စပ်တွင် တောမီးလောင်ကျွမ်းမှုကြောင့် သစ်တောဟတ်တာ ၁၀၀၀ ခန့်ပျက်စီး



**ပဲရစ် ဧပြီ ၁၈**

ပြင်သစ်နှင့် စပိန်နိုင်ငံနယ်စပ်တွင် ဧပြီ ၁၆ ရက်နှင့် ၁၇ ရက်က တောမီးလောင်ကျွမ်းခဲ့မှုကြောင့် သစ်တောမြေဟတ်တာ ၁၀၀၀ ခန့် ပျက်စီးခဲ့ကြောင်းနှင့် တောမီးကို အပြည့်အဝ မငြိမ်းသတ်နိုင်သေးသော်လည်း ထိန်းချုပ်နိုင်သော အဆင့်သို့ ရောက်ရှိပြီဖြစ်ကြောင်း ပြင်သစ်နိုင်ငံ ပြည်ထဲရေးဝန်ကြီး Gerald Darmanin က ဧပြီ ၁၇ ရက်က ပြောကြားခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဧပြီ ၁၇ ရက်တွင် ရေးသားဖော်ပြထားသည်။

ပြင်သစ်နိုင်ငံနယ်စပ်တွင် ယခုနှစ်အတွင်း ပထမဆုံးအကြိမ် လောင်ကျွမ်းခဲ့သော တောမီးသည် အပြည့်အဝမငြိမ်းသေးသော်လည်း ကောင်းစွာ ထိန်းချုပ်နိုင်ပြီဖြစ်ကြောင်းနှင့် မီးသတ်သမားတစ်ဦး အနည်းငယ် ထိခိုက်ဒဏ်ရာရခဲ့ကြောင်း ပြင်သစ်နိုင်ငံ ပြည်ထဲရေးဝန်ကြီး Gerald Darmanin က ပြောကြားခဲ့သည်။

ပြင်သစ်နိုင်ငံ Cerbere နှင့် Banyuls-Sur-Mer ကျေးရွာများ အနီးမှစ၍ ဧပြီ ၁၆ ရက်တွင် တောမီးလောင်ကျွမ်းခဲ့ပြီး မီးငြိမ်းသတ်ရေးလေယာဉ်များ အပါအဝင် မီးသတ်သမားဦးရေ ၅၀၀ ခန့်ဖြင့် ငြိမ်းသတ်ခဲ့ကြောင်း၊ တောမီးလောင်ကျွမ်းမှုကြောင့် နေအိမ်လေးလုံးပျက်စီးခဲ့ပြီး ပြင်သစ်နိုင်ငံ နယ်နိမိတ်အတွင်း တောမီးထိန်းချုပ်နိုင်ခဲ့ကြောင်း ဒေသဆိုင်ရာအာဏာပိုင်များက ပြောကြားခဲ့ကြောင်း သိရသည်။

တောမီးသည် နယ်စပ်မှတစ်ဆင့် စပိန်နိုင်ငံဘက်သို့ ကူးစက်လောင်ကျွမ်းခဲ့မှုကြောင့် စပိန်နိုင်ငံဘက်တွင် သစ်တောမြေဟတ်တာ ၅၀၀ ခန့် မီးလောင်ကျွမ်းခဲ့ပြီး လူဦးရေ ၅၀ ကျော်ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း စပိန်နိုင်ငံ ကက်တလန်မီးသတ်တပ်ဖွဲ့က ပြောကြားခဲ့ကြောင်း သိရသည်။

AZH

# အော့တဝါမြစ်ရေလျှံတက်မှုဖြစ်ပေါ်နိုင်ခြင်းကြောင့် ရေဘေးအန္တရာယ်သတိပေးချက်ထုတ်ပြန်

**အော့တဝါ ဧပြီ ၁၈**

ကနေဒါနိုင်ငံ အွန်တာရီယိုပြည်နယ်ကို ဖြတ်သန်းစီးဆင်းနေသည့် အော့တဝါမြစ်ရေပမာဏ မြင့်တက်နေပြီး အော့တဝါမြစ်ရေလျှံတက်မှု ဖြစ်ပေါ်လာနိုင်ခြင်းကြောင့် ရေဘေးအန္တရာယ်သတိပေးချက်ထုတ်ပြန်ထားကြောင်း အွန်တာရီယိုပြည်နယ် သဘာဝအရင်းအမြစ်နှင့် သစ်တောရေးရာဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်ဟု CTV News သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

အော့တဝါမြစ်သည် ၂၀၁၇ ခုနှစ်နှင့် ၂၀၁၉ ခုနှစ်တို့တွင် စံချိန်တင်မြစ်ရေလျှံတက်မှုဖြစ်ပွားခဲ့ဖူးပြီး ယခုဖြစ်ပေါ်လာနိုင်သည့် မြစ်ရေလျှံတက်မှုသည် ၂၀၁၇ ခုနှစ်နှင့် ၂၀၁၉ ခုနှစ်တို့တွင် ဖြစ်ပေါ်ခဲ့သော အခြေအနေမျိုးမဟုတ်သော်လည်း အချို့ကိုအတွင်း ရေကြီးရေလျှံမှု ဖြစ်ပေါ်လာစေနိုင်သည့် အခြေအနေဖြစ်ကြောင်း အွန်တာရီယိုပြည်နယ် သဘာဝအရင်းအမြစ်နှင့် သစ်တောရေးရာဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။

အော့တဝါမြစ်ရေလျှံတက်မှုပမာဏမှာ မိုးရေချိန်နှင့် ဆီးနှင်းများအရည်ပျော်ကျမှု အခြေအနေပေါ် မူတည်နေပြီး မိုးရေချိန်မြင့်မားပြီး ဆီးနှင်းများအရည်ပျော်ကျမှုနှုန်းမြင့်မားပါက အော့တဝါမြစ်ရေလျှံတက်မှုမှာလည်း အခြေအနေဆိုးရွားလာနိုင်ကြောင်း သိရသည်။

"အော့တဝါမြစ်ဝှမ်းမှာ ရေပမာဏ သိသိသာသာမြင့်တက်နေပါတယ်။ ပိခ်မြစ်ဝှမ်းမှာလဲ ရေပမာဏ သိသိသာသာမြင့်တက်နေပါတယ်။ အော့တဝါမြစ်ရေလျှံတက်မှုအခြေအနေဟာလဲ မိုးရေချိန်အပြောင်းအလဲနဲ့ ဆီးနှင်းအရည်ပျော်ကျမှုအပေါ်မှာ မူတည်နေပါတယ်။ လက်ရှိ မိုးရေချိန်လဲ မတည်ငြိမ်သေးတဲ့အတွက် မြစ်ရေလျှံတက်မှုအခြေအနေကို ခန့်မှန်းရခက်နေပါတယ်။ ဒါပေမဲ့လဲ မြစ်ရေလျှံတက်မှုဖြစ်ပေါ်လာရင် အန္တရာယ်ရှိနိုင်တဲ့နေရာ ၁၃ နေရာထိရှိနေတယ်။ လမ်းမကြီးတချို့ကိုလဲ ယာယီပိတ်ထားဖို့ ညွှန်ကြားထားပြီးဖြစ်ပါတယ်"ဟု ကနေဒါသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

**ခိုင်းဆက်**



# သဘာဝဓာတ်ငွေ့နှင့် နျူကလီးယားစွမ်းအင်ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံသည့် EU ကို Greenpeace အဖွဲ့နှင့် အခြားသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလှုပ်ရှားသူများ ဆန္ဒထုတ်ဖော်

**ပဲရစ် ဧပြီ ၁၈**

ဥရောပသမဂ္ဂအဖွဲ့အစည်း (EU) အနေဖြင့် သဘာဝဓာတ်ငွေ့နှင့် နျူကလီးယားစွမ်းအင်ကဏ္ဍတို့တွင် ရင်းနှီးမြှုပ်နှံမှုပြုလုပ်နေသည့်အတွက် Greenpeace အဖွဲ့အစည်း အပါအဝင် အခြားသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတက်ကြွလှုပ်ရှားသူများက ယနေ့ ဆန္ဒထုတ်ဖော်ခဲ့ကြကြောင်း France 24 သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

သဘာဝဓာတ်ငွေ့နှင့် နျူကလီးယားစွမ်းအင်တို့သည် ကာဗွန်ထုတ်လွှတ်သည့် စွမ်းအင်မဟုတ်သော်လည်း အန္တရာယ်ရှိသည့် စွမ်းအင်ဖြစ်ကြောင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတက်ကြွလှုပ်ရှားသူများအဖွဲ့အစည်းများက သန့်ရှင်းသည့်စွမ်းအင်ကဏ္ဍအတွက် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍ၌သာ ရင်းနှီးမြှုပ်နှံမှုပြုလုပ်သင့်သည်ဟု တိုက်တွန်းထားကြကြောင်း သိရသည်။

"သဘာဝဓာတ်ငွေ့ဆိုတာ သန့်ရှင်းတဲ့စွမ်းအင်မဟုတ်ပါဘူး။ ဈေးပေါတဲ့စွမ်းအင်လဲ မဟုတ်သလို သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် လုံခြုံမှုပေးနိုင်တဲ့ စွမ်းအင်အရင်းအမြစ်လဲ မဟုတ်ပါဘူး။ နျူကလီးယားစွမ်းအင်ကဏ္ဍဟာလဲ သန့်ရှင်းတဲ့စွမ်းအင်မဟုတ်ဘူး။ တအားကို အန္တရာယ်များတဲ့ စွမ်းအင်ကဏ္ဍဖြစ်ပါတယ်။ နျူကလီးယားအညစ်အကြေးတွေဟာ နှစ်ပေါင်းများစွာ လူသားတွေကို အန္တရာယ်ပြုနိုင်တယ်။ ဒါကြောင့် သန့်ရှင်းတဲ့ စွမ်းအင်ကဏ္ဍမှာ ရင်းနှီးမြှုပ်နှံမှု ပြုလုပ်နေတယ်လို့ ခေါင်းစဉ်တပ်ပြီး သဘာဝဓာတ်ငွေ့နဲ့ နျူကလီးယားစွမ်းအင်ကဏ္ဍတွေမှာ ရင်းနှီးမြှုပ်နှံနေတာကို သဘောမကျတဲ့အတွက် အခုလို အဖွဲ့လေးဖွဲ့ပေါင်းပြီး ဆန္ဒထုတ်ဖော်နေတာဖြစ်ပါတယ်"ဟု သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့အစည်းလေးဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

**ခိုင်းဆက်**

# အိန္ဒိယနိုင်ငံမြောက်ပိုင်းတွင် အပူလှိုင်းကြောင့် စံချိန်တင်အပူချိန်မြင့်တက်လာနိုင်

**နယူးဒေလီ ဧပြီ ၁၈**

အိန္ဒိယနိုင်ငံ မြောက်ဘက်ပိုင်းပြည်နယ်များတွင် ယခုရက်သတ္တပတ်အတွင်း အပူလှိုင်းဖြတ်သန်းသဖြင့် အပူချိန်စံချိန်တင်မြင့်တက်လာနိုင်ဖွယ်ရှိနေကြောင်း အိန္ဒိယမိုးလေဝသညွှန်ကြားရေးဦးစီးဌာနက သတိပေးချက်ထုတ်ပြန်ခဲ့သည်ဟု Hindustan Times သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

အပူလှိုင်းဖြတ်သန်းကာ အပူချိန် စံချိန်တင်မြင့်တက်ဖွယ်ရှိနေသည့် ပြည်နယ်ကိုးပြည်နယ်ထိရှိနေပြီး အပူလှိုင်းဖြတ်သန်းမှုအဓိကဖြစ်ပေါ်ဖွယ်ရှိနေသည့် ပြည်နယ်နှစ်ပြည်နယ်မှာ ပန်ဂျပ်ပြည်နယ်နှင့် ဟာယာနာပြည်နယ်တို့ဖြစ်ကြောင်း၊ အပူလှိုင်းဖြတ်သန်းပြီးပါက အပူချိန်ပမာဏမှာ ၄၀ ဒီဂရီစင်တီဂရိတ်ထိရှိနိုင်ပြီး ပုံမှန်ဖြစ်ပေါ်လေ့ရှိသည့် အပူချိန်ပမာဏထက် ၄ ဒသမ ၅ ဒီဂရီစင်တီဂရိတ်နှင့် ၆ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်လာနိုင်ကြောင်း အိန္ဒိယမိုးလေဝသညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်ခဲ့သည်။

"မြောက်ဘက်ပိုင်းပြည်နယ်တွေမှာ ဒီနှစ်အတွင်း ပထမဦးဆုံး အပူလှိုင်းဖြတ်သန်းမှုနဲ့ ရင်ဆိုင်ရဖွယ်ရှိနေပါတယ်။ အပူလှိုင်းဖြတ်သန်းလာရင် အပူချိန်ဟာလဲ စံချိန်တင်မြင့်တက်လာဖွယ်ရှိနေပါတယ်။ ဒါပေမဲ့လဲ မိုးရွာသွန်းလာနိုင်ဖွယ်ရှိနေတဲ့အတွက် အပူချိန်မြင့်တက်မှုဟာ ကြာမြင့်နိုင်ဖွယ်မရှိပါဘူး"ဟု အိန္ဒိယမိုးလေဝသညွှန်ကြားရေးဦးစီးဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

အပူချိန်မြင့်တက်လာပါက လေထုညစ်ညမ်းမှုပြဿနာလည်း ဖြစ်ပေါ်လာနိုင်သည့်အတွက် အိန္ဒိယနိုင်ငံအနေဖြင့် ပိုမိုခက်ခဲသည့် နွေကာလကို ဖြတ်သန်းရဖွယ်ရှိနေကြောင်း၊ အပူလှိုင်းဖြတ်သန်းဖွယ်ရှိနေသော်လည်း မိုးလေဝသခန့်မှန်းချက်အရ မိုးရွာသွန်းလာဖွယ်ရှိနေသည့်အတွက် အပူလှိုင်းဖြတ်သန်းသည့်ကာလမှာ ကြာမြင့်ဖွယ်မရှိနိုင်သည့် အခြေအနေဖြစ်ကြောင်း၊ မိုးအနည်းငယ် ရွာသွန်းလာဖွယ်ရှိနေသည့်အတွက် အပူချိန်မြင့်တက်မှုမှာ ကာလတိုဖြစ်သည့်အတွက်ကြောင့် အပူချိန်မြင့်တက်မှု သတိပေးချက်ထုတ်ပြန်ထားသည့် ပြည်နယ်ကိုးခုမှ ဒေသခံများအတွက် ကြီးကြီးမားမားအခက်အခဲမရှိနိုင်ကြောင်း အိန္ဒိယမိုးလေဝသညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်ခဲ့သည်။

**ခိုင်းဆက်**

# ပါကစ္စတန်နိုင်ငံ Torkham မြို့အနီး အဝေးပြေးလမ်းတွင် မြေပြိုမှုကြောင့် လူတချို့ထိခိုက်ဒဏ်ရာရရှိ

**အစ္စလာမ်မာဘတ် ဧပြီ ၁၈**

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်းရှိ Torkham နယ်စပ်မြို့အနီး အဝေးပြေးလမ်းတစ်ခုတွင် ယနေ့နံနက်ပိုင်းက မိုးသည်းထန်စွာရွာသွန်းပြီး မြေပြိုမှုကြောင့် ထရပ်ကားအများအပြားပျက်စီးခဲ့ပြီး လူတချို့ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ဒေသဆိုင်ရာရဲတပ်ဖွဲ့၏ ပြောကြားချက်များကို ကိုးကား၍ AP သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြထားသည်။

ပါကစ္စတန်နိုင်ငံ Torkham နယ်စပ်မြို့အနီး ယနေ့နံနက်အရုဏ်တက်အချိန်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် အဝေးပြေးလမ်းပေါ်တွင် မြေပြိုကျမှုဖြစ်ပွားခဲ့ပြီး ထရပ်ကားအများအပြား မြေစာပုံများအောက်သို့ ရောက်ရှိခဲ့ကြောင်းနှင့် လူတချို့ ထိခိုက်ဒဏ်ရာရရှိပြီး ပျောက်ဆုံးနေသူများကို ဒေသဆိုင်ရာမီးသတ်တပ်ဖွဲ့ဝင်များနှင့် ကယ်ဆယ်ရေးသမားများအပြင် စေတနာ့ဝန်ထမ်းများပါ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြေပြိုကျမှုဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ဒဏ်ရာရသူများကို နီးစပ်ရာဆေးရုံများသို့ ပို့ဆောင်ထားကြောင်းနှင့် ပျောက်ဆုံးနေသူများကို ကယ်ဆယ်ရန်ကြိုးစားနေကြောင်း၊ ရွှံ့မြေပြိုမှုအပျက်အစီးများကို ဖယ်ရှားနိုင်ရေး အာဏာပိုင်များက စက်ယန္တရားကြီးများ စေလွှတ်ထားကြောင်း ဒေသဆိုင်ရာရဲတပ်ဖွဲ့မှ ရဲအရာရှိ Ishrat Khan က ပြောကြားသည်။

အဆိုပါမြေပြိုကျမှုဖြစ်ပွားရာ အဝေးပြေးလမ်းသည် ပါကစ္စတန်နိုင်ငံနှင့် အာဖဂန်နစ္စတန်နိုင်ငံတို့ကြားဆက်သွယ်ထားသော ကုန်သွယ်ရေးလမ်းကြောင်းတစ်ခုဖြစ်ပြီး အချိန်အခါမဟုတ် မိုးရွာသွန်းမှုများကြောင့် မြေပြိုမှု၊ လမ်းပိတ်ဆို့မှု မကြာခဏဖြစ်ပွားလေ့ရှိပြီး ပြီးခဲ့သောနွေရာသီကလည်း မုတ်သုန်မိုးရွာတရက်ရွာသွန်းသဖြင့် ရေကြီးရေလျှံမှုများကြောင့် ပါကစ္စတန်နိုင်ငံတွင် လူ ၁၇၃၉ ဦးသေဆုံးခဲ့ရကြောင်း သိရသည်။

AZH

0 w Kw d @

# နကွတ်များပြီးပွင့်တဲ့ပန်း

စိုင်းသု(ဝဏ္ဏရေး)




(၁)

"သမီးရယ် ဖြစ်ပါ့မလား သေချာစဉ်းစားပါအုံး။ တော်ကြာ ပတ်ဝန်းကျင်ကပြောနေပါအုံးမယ်"

"အို. . . အမေရယ် ပတ်ဝန်းကျင်ကို ဂရုစိုက်ရအောင် ပတ်ဝန်းကျင်က နနုတို့ကို ထမင်းကျွေးထားလို့လား ကိုယ့်ဘဝကိုယ်ကျောင်းရမှာပါ အမေရယ်"

သမီးဖြစ်သူနနု၏စကားကြောင့် ဒေါ်ခင်လေး ဘာမျှပြန်မပြောတော့ဘဲ မျက်နှာလွှဲလိုက်တော့သည်။ နနုသည် ခေါင်းမာသည်။ ဒေါ်ခင်လေးပြောနေလည်း လက်ခံမည်မဟုတ်။ အိမ်ထောင်ကွဲပြီးတာမှ တစ်လ မပြည့်သေး။ ယခုနောက်အိမ်ထောင်ထပ်ပြုတော့မည်။ ပုခက်ထဲအိပ်နေသော တစ်နှစ်အရွယ်မြေးမလေးကို ကရုဏာသက်စွာကြည့်ရင်း ဒေါ်ခင်လေး သက်ပြင်း ချလိုက်တော့သည်။

"ဩော်. . . အမေ သမီး ကိုဇော့်ကို မနက်ဖြန် တစ်ခါတည်းအိမ်ခေါ်လာမယ်နော်။ သူ ဒီမှာပဲ နေလိမ့်မယ်"

နနု၏စကားကြောင့် ဒေါ်ခင်လေး ထပ်မံအံ့ဩရပြန်သည်။ မနက်ဖြန်တောင် ချက်ချင်းရောက်လာတော့မည်ဆိုတော့ ပြောသင့်သည်ကို ပြောရပေတော့မည်။

"နနု သမီးရယ် အဲဒီလောက်ကြီးမြန်ရလားကွယ်။ နည်းနည်းပါးပါးထပ်စဉ်းစားပါအုံး"

"မမြန်ပါဘူးအမေရယ် ဖြစ်နိုင်ရင် နနုက ဒီနေ့တောင်ခေါ်ချင်သေးတာ"

"မြေးလေးမျက်နှာ မထောက်တော့ဘူးလား နနုရယ်"

"သမီးလေးမျက်နှာထောက်လို့ အခုလို ဆုံးဖြတ်တာပေါ့။ စကားပုံတောင်ရှိသေးတာပဲ တစ်ပင်လဲမှတစ်ပင်ထူတဲ့။ အရင်ယောကျ်ားမကောင်းတာနဲ့ နောက်ယောကျ်ားမကောင်းရတော့ဘူးလားအမေရယ်။ ပတ်ဝန်းကျင်ဆိုတာလဲ ချီးမွမ်းခုနစ်ရက်၊ ကဲ့ရဲ့ခုနစ်ရက် အချိန်တန်ပြောလို့ဝပြီး မောသွားရင် ပါးစပ်ပေါက်တွေ ပိတ်သွားလိမ့်မယ်။ အရင်ယောကျ်ားမကောင်းလို့ အခုယောကျ်ားထပ်ယူတယ်။ အခုယောကျ်ားမကောင်းရင်လဲ နနုက နောက်ထပ်နောက်ထပ် ထပ်ယူအုံးမှာပဲ"

"ဘုရား ဘုရား"

ဒေါ်ခင်လေး ရင်ဘတ်ပေါ်လက်ဖိရင်း မည်သည့်စကားမျှမပြောနိုင်တော့ပေ။ နနုကတော့ မည်သည့်အရာကိုမျှ စိတ်မဝင်စားဘဲ လက်သည်းနီအဆိုးမပျက်။ ပုခက်ထဲကမြေးမလေးငိုလာသောကြောင့် ဒေါ်ခင်လေး ယူပြီးပွေ့ချီလိုက်သည်။ နနုကတော့ ကလေးကိုလည်း နို့တိုက်မည့်ပုံမပေါ်သောကြောင့် အသင့်ဖျော်ထားသော နို့ဘူးသာ တိုက်လိုက်ရတော့သည်။

(၂)

"အမေအဆင်ပြေရဲ့လား။ ကျွန်တော်လဲ နနုမရှိတုန်း ခဏလာတွေ့တာ။ လာသမီးလေးလာအဖေ့ဆီလာ"

နနု၏ ပထမယောကျ်ား မောင်စိုးသိန်းရောက်လာခြင်းဖြစ်သည်။ မောင်စိုးသိန်းသည် သူ၏ သမီးလေးကိုပွေ့ချီပြီး နမ်းမဝဖြစ်နေသည်။ မောင်စိုးသိန်းသည် လူတော်တစ်ဦးဖြစ်မှန်း ဒေါ်ခင်လေးသိသည်။ ထို့ကြောင့်လည်း မောင်စိုးသိန်းနှင့်တုန်းက ဝမ်းသာအားရကိုယ်တိုင်သဘောတူစီစဉ်ပေးခဲ့ခြင်းဖြစ်သည်။ ယခုအိမ်ထောင်ရေးပြဿနာဖြစ်ရခြင်းမှာ နနုဘက်က ဖောက်ပြန်မှုကြောင့်ဆိုသည်ကို မည်သူမျှမပြောသော်လည်း ဒေါ်ခင်လေးသိသည်။ မောင်စိုးသိန်းသည် ဘွဲ့ရပညာတတ်ဖြစ်ပြီး ကုမ္ပဏီတစ်ခုတွင် ရုံးစာရေးတစ်ဦးဖြစ်သည်။ မိဘများမရှိတော့သော်လည်း ငယ်စဉ်ကတည်းက ဒေါ်ခင်လေးတို့လက်အောက်တွင်ပင် ကြီးပြင်းခဲ့သူဖြစ်သည်။

"အမေ သမီးလေးအတွက်လိုအပ်တာရှိရင် အချိန်မရွေးဖုန်းဆက်ပြောနော်။ အမေကော ဘာလိုသေးလဲ"

"ဘာမှမလိုတော့ပါဘူး မောင်စိုးသိန်းရယ်။ အခုလဲ ဝယ်လာတာအများကြီးပဲ။ တကယ်တော့ နနုကြောင့် မောင်စိုးသိန်းကို မျက်နှာတောင်မပြဝံ့ပါဘူးကွယ်"

"ဟာ မဟုတ်တာအမေရာ ဒီအချိန်မှာ ဒီလိုဖြစ်လာဖို့ကံတရားပါလာတာပဲ။ ကျွန်တော် ဘယ်သူကိုမှ အပြစ်မတင်ပါဘူး။ နနုသတင်းလဲ ကျွန်တော်ကြားပါတယ်။ သမီးလေးအတွက်စိုးရိမ်မိပေမဲ့ အဆင်ပြေပါစေလို့ ကျွန်တော်ဆုတောင်းပေးနေပါတယ်။ သမီးလေးအတွက် အမေ့ကိုပဲ အစစအရာရာအားကိုးပါတယ်နော်"

"စိတ်ချပါမောင်စိုးသိန်းရယ် မြေးလေးကို အမေ့မျက်စိအောက်ကနေ အပျောက်မခံပါဘူး။ ဩော်. . . ဒါနဲ့ မောင်စိုးသိန်း ထမင်းမစားရသေးရင် တစ်ခါတည်းစားသွားပါလား"

"မစားတော့ပါဘူး အမေ။ ကျွန်တော်လဲ အလုပ်ကိစ္စရှိလို့ သွားတော့မယ်။ တော်ကြာ ကျွန်တော်လာတာ နနုတို့သိသွားရင်မကောင်းဘူးလေ။ ကျွန်တော့်ကိုခွင့်ပြုပါအုံး"

ကျောခိုင်းနှုတ်ဆက်သွားသော မောင်စိုးသိန်းကို ကြည့်ရင်း စိတ်မကောင်းဖြစ်မိတာတော့အမှန်ပင်။

(၃)

"အမေတို့ကလဲ တအားဇာတ်ရှုပ်တာပဲ"

"ဘာကိုပြောတာလဲနနု"

"အခုမှ မသိချင်ယောင်ဆောင်နေတယ်။ အမေ့သမက်ဟောင်း အိမ်ကိုခဏခဏလာနေတာ သမီးသတင်းတွေကြားတယ်နော်။ အခုပတ်ဝန်းကျင်က ပြောနေကြပြီ"

အမေကို ဒေါသဖြင့်ပြောဆိုနေသောနနုကြောင့် ဒေါ်ခင်လေး ဒေါသများထွက်လာပြီး ကြက်သွန်လှီးနေရာမှ မတ်တတ်ထရပ်လိုက်သည်။

"ဟဲ့ ဒီမှာနနု မောင်စိုးသိန်းက သူ့သမီးဆီသူလာတာ ဘယ်ပတ်ဝန်းကျင်ကို ဂရုစိုက်ရမှာလဲ။ နင်ပြောတော့ ပတ်ဝန်းကျင်ကိုဂရုမစိုက်ပါဘူး။ ပတ်ဝန်းကျင်က ထမင်းကျွေးတာမဟုတ်ပါဘူးဆို။ အခုမှ လင်ငယ်ပြောလို့ ပတ်ဝန်းကျင်ကိုဂရုစိုက်နေတယ်ပေါ့ဟုတ်လား"

"အို. . . ဘာပဲဖြစ်ဖြစ် သူ့ကြောင့် နနုတို့ပြဿနာခဏခဏတက်နေတာ အမေသိလား။ အမေ စိုးသိန်းဘက်က အဲဒီလောက်ဖြစ်နေရင် အမေ စိုးသိန်းကို ယူလိုက်ပါလား"

"ဘာ ကဲဟာ"

"ဖြန်း"

နနုစကားကြောင့် ဒေါ်ခင်လေးဒေါသပြင်းစွာထွက်ပြီး ပါးရိုက်လိုက်သည်။ အရှိန်ပြင်းသောကြောင့် နနု ကြမ်းပြင်ပေါ်ပုံလျက်သား လဲကျသွားသည်။ ဆူညံနေသောအသံများကြောင့် အိပ်ခန်းထဲမှ အိပ်ချင်မူးတူးဖြင့် နနု၏နောက်ယောကျ်ားဇော်ကြီးရောက်ချလာသည်။

"ဘာတွေဖြစ်နေကြတာလဲ။ ငရဲပြည်ရောက်နေသလိုပဲ အိပ်ကောင်းခြင်းမအိပ်ရ။ ဟိုကောင်မ ကြမ်းပြင်ပေါ်ဘာလို့လဲနေတာလဲ မအေရိုက်လိုက်လို့လား။ ငါပြောပါတယ် နင့်အမေက သူ့ကောင်ထိရင်မရပါဘူးလို့"

"ခွေးသူတောင်းစား ငါ့အိမ်ပေါ်လဲလာတက်နေသေးတယ် ငါ့လာစော်ကားနေတယ်။ နင် အခု ငါ့အိမ်ပေါ်ကဆင်းသွား သွား"

"ဘာလို့ဆင်းရမှာလဲ။ ကျုပ်က ခင်ဗျားသမီးကို ယူထားတာ။ ဆင်းမဲ့ဆင်း ခင်ဗျားဘာသာဆင်းပြီး ခင်ဗျားလင်ငယ်ငယ်လေးဆီသွား"

"ဘာ"

ဒေါ်ခင်လေး ဒေါသများအထွတ်အထိပ်သို့ရောက်သွားသည်။ နနုကိုကြည့်လိုက်တော့လည်း ထောက်ခံသည့်ပုံစံမျက်နှာပေးဖြင့်ကြည့်နေပြန်သည်။ ဆုံးဖြတ်ချက်တစ်ခုကိုချရင်း ဓားကိုကောက်ကိုင်လိုက်ပြီး ပြေးဝင်လိုက်တော့သည်။

"ခဏနေကြပါအုံးဗျ"

အသံလာရာကြည့်လိုက်တော့ မောင်စိုးသိန်းနှင့်အတူ ရပ်ကွက်လူကြီးများ၊ ရဲအရာရှိများကို တွေ့လိုက်ရသည်။ ရဲအရာရှိသည် အိမ်ပေါ်သို့တက်လာပြီး စကားဆိုလိုက်တော့သည်။

"ဒီအိမ်က ကိုဇော်ကြီးနဲ့ မနုနုတို့ မူးယစ်ဆေးဝါးရောင်းဝယ်မှုလုပ်နေတာ သတင်းအတိအကျရလို့လာဖမ်းတာပါ။ စခန်းရောက်မှဆက်ရှင်းကြတာပေါ့။ အခုလိုက်ခဲ့ပါ"

နနုနှင့် သူ့ယောကျ်ားသည် ယခုတော့ သူတို့မဟုတ်သည့်အလား မျက်နှာငယ်လေးဖြင့်လိုက်ပါသွားကြတော့သည်။ နနုသည် အမေကို အားကိုးသည့်မျက်နှာဖြင့်ကြည့်သော်လည်း ဒေါ်ခင်လေးကတော့ မျက်နှာလွှဲနေလိုက်တော့သည်။ နနုအတွက် ရင်ထဲမကောင်းသော်လည်း ဒေါ်ခင်လေးမှာ မျက်ရည်ကျစရာပင် အင်အားမရှိတော့ပေ။

(၄)

ယခုတော့ အရာအားလုံးအဆုံးသတ်သွားပြီဖြစ်သည်။ နနုနှင့် ဇော်ကြီးသည်လည်း သူတို့၏ မိုက်ပြစ်ကို တရားဥပဒေက အဆုံးအဖြတ်ပေးသွားခဲ့ပြီလေ။ ကိုယ့်ဝမ်းနှင့်လွယ်သောသမီးမို့ မည်မျှပင်ဆိုးသွမ်းရိုင်းစိုင်းနေပါစေ ဒေါ်ခင်လေးကြေကွဲဝမ်းနည်းခဲ့ရသည်။

❖ ယခုတော့ အရာအားလုံးအဆုံးသတ်သွားပြီဖြစ်သည်။ နနုနှင့် ဇော်ကြီးသည်လည်း သူတို့၏ မိုက်ပြစ်ကို တရားဥပဒေက အဆုံးအဖြတ်ပေးသွားခဲ့ပြီလေ။ ကိုယ့်ဝမ်းနှင့်လွယ်သောသမီးမို့ မည်မျှပင်ဆိုးသွမ်းရိုင်းစိုင်းနေပါစေ ဒေါ်ခင်လေးကြေကွဲဝမ်းနည်းခဲ့ရသည်။ မြေးမလေးကိုလည်း မောင်စိုးသိန်းလက်ထဲသို့ စိတ်ချလက်ချအပ်လိုက်တော့သည်။ ❖

မြေးမလေးကိုလည်း မောင်စိုးသိန်းလက်ထဲသို့ စိတ်ချလက်ချအပ်လိုက်တော့သည်။ နကွတ်များပြီးပွင့်ခဲ့ရတဲ့ပန်းကလေးသဖွယ် ယခုလိုအဖြစ်ဆိုးများကြားကြုံခဲ့ရသော်လည်း ဖခင်ရင်းဖြစ်သည့် မောင်စိုးသိန်းကတော့ မြေးမလေးကို အကောင်းဆုံးပျိုးထောင်သွားနိုင်မည်ဆိုသည်ကိုယုံကြည်သည်။ နနုသည်လည်း မည်သည့်နကွတ်ဆိုးများကြောင့် မလှမပပွင့်ခဲ့ရလည်း မသိသော်လည်း နနု၏အနာဂတ်ကို ယခုလိုအဖြစ်ဆိုးများ ထပ်မံမဖြစ်ရန် ဒေါ်ခင်လေးမျှော်လင့်မိသည်။ ယခုဆိုလျှင် အရာအားလုံးကိုပယ်ခွာ၍ အေးချမ်းခြင်းအတိနှင့် ထိတွေ့ခဲ့ရပြီဖြစ်သည်။ အနာဂတ်ထက် အရေးကြီးသည့်ပစ္စုပ္ပန်ကို အကောင်းဆုံးပုံဖော်ရင်း ဒေါ်ခင်လေးမှသည် သီလရှင်ဆရာလေး ဒေါ်ခေမာဘဝသို့ အပြီးတိုင်ကူးပြောင်းလိုက်ပါတော့သည်။

# သတ်မှတ်ထားသည့်အရည်အသွေးနှင့် အလေးချိန်ကိုက်ညီကြောင်း စစ်ဆေးချက်ရရှိပြီးမှ ဆန်နှင့်ဆန်ထွက်ပစ္စည်းများ ပြည်ပတင်ပို့ခွင့်ပြုမည်



**နေပြည်တော် ဧပြီ ၁၈**

ဆန်နှင့် ဆန်ထွက်ပစ္စည်းများ ပြည်ပတင်ပို့ရာတွင် သတ်မှတ်ထားသည့်အရည်အသွေးနှင့်အလေးချိန်ကိုက်ညီကြောင်း မြန်မာကုန်ပစ္စည်းစစ်ဆေးရေးနှင့် စမ်းသပ်မှုလုပ်ငန်းလီမိတက်၏ စစ်ဆေးချက်ရရှိပြီးမှသာ တင်ပို့ခွင့်ပြုမည်ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန သတင်းများအရ သိရသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ဆန်၊ စပါးအရည်အသွေး တိုးတက်ကောင်းမွန်မှန်ကန်စေရေးအတွက် စမ်းသပ်စစ်ဆေးနိုင်ရန် မြန်မာကုန်ပစ္စည်းစစ်ဆေးရေးနှင့် စမ်းသပ်မှုလုပ်ငန်းလီမိတက်ကို ဆန်နှင့် ဆန်ထွက်ပစ္စည်းများ ပြည်ပသို့ တင်ပို့ရာတွင် အလေးချိန်နှင့် အရည်အသွေးစစ်ဆေးမည့်ကျွမ်းကျင်အဖွဲ့အစည်းအဖြစ် တာဝန်ပေးအပ်ခဲ့ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

ထို့ကြောင့် မြန်မာကုန်ပစ္စည်းစစ်ဆေးရေးနှင့် စမ်းသပ်မှုလုပ်ငန်းလီမိတက်သည် ဆန်နှင့် ဆန်ထွက်ပစ္စည်းများ၏အလေးချိန်ကိုက်ညီမှုရှိ၊ မရှိ၊ အရည်အသွေးသတ်မှတ်ချက်ကိုက်ညီမှုရှိ၊ မရှိနှင့် အရည်အသွေးထိန်းသိမ်းခြင်းလုပ်ငန်းစဉ်များပြည့်စုံစွာဆောင်ရွက်မှုရှိ၊ မရှိကို စစ်ဆေးခွင့်ရရှိမည်ဖြစ်ပြီး ဆန်နှင့်ဆန်ထွက်ပစ္စည်းများကို ပြည်ပတင်ပို့ရာတွင် သတ်မှတ်အရည်အသွေးနှင့် အလေးချိန်ကိုက်ညီကြောင်း စစ်ဆေးချက်များရရှိပြီးမှသာ ပြည်ပတင်ပို့မှုကို ဆက်လက်ဆောင်ရွက်ခွင့်ရရှိမည်ဖြစ်ကြောင်း သိရသည်။

မြန်မာကုန်ပစ္စည်းစစ်ဆေးရေးနှင့် စမ်းသပ်မှုလုပ်ငန်းလီမိတက်အနေဖြင့် လုပ်ငန်းတာဝန်များဆောင်ရွက်ရာတွင် ပြည်တွင်း၊ ပြည်ပ ပညာရပ်ဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်တွင်းရှိ ဆန်၊ စပါးကဏ္ဍမှ စီးပွားရေးအသင်းအဖွဲ့များ၊ အစုအဖွဲ့များ၊ ကုန်စည်ဒိုင်များ၊ ကုမ္ပဏီများနှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စစ်ဆေးမှုအလိုက်ဝန်ကြီးဌာနက အတည်ပြုပေးသည့် စမ်းသပ်စစ်ဆေးခများကိုဖြစ်စေ၊ ဝန်ဆောင်ခကိုဖြစ်စေ ကောက်ခံပိုင်ခွင့်ရှိကြောင်း သိရသည်။

SKL

# ဖြူးမြို့နယ် ကွာရီကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဖြူး ဧပြီ ၁၈**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကွာရီကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဖြူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်မျိုးအောင်နှင့် ဝန်ထမ်းများက ကွာရီကျေးရွာရှိ ရပ်မိ၊ ရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံပြီး ကျေးလက်နေပြည်သူများထားရှိရမည့် ကျေးရွာစိတ်ဓာတ်များ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့်အကျိုးကျေးဇူးများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလက်စွဲစာစောင်ပါ အသင်းသား၊ အသင်းသူများလိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ၏တာဝန်များ၊ ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဖြူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဇော်မင်းညွန့်က စီမံကိန်းစက်ဝန်းကာလ သတ်မှတ်ချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၃၈ ဒသမ ၉ သန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ကွာရီကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းသတ္တမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ ရောင်းဝယ်ရေးလုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၈ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၃၈ ဒသမ ၉ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကိုညို**



# သံတောင်ကြီးမြို့နယ် အလယ်ချောင်း(အောက်)ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**သံတောင်ကြီး ဧပြီ ၁၈**

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အလယ်ချောင်း(အောက်)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် ကျေးရွာအဝင်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့ နံနက် ၁၀ နာရီက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးချမ်းငြိမ်းဝင်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် ဆောင်ရွက်ခဲ့သည့် ကျေးရွာအဝင်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးချမ်းငြိမ်းဝင်းက လုပ်ငန်းများ ရေရှည်တည်တံ့ရေး ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားသည်။

အလယ်ချောင်း(အောက်)ကျေးရွာ၌ ကျေးရွာအဝင်လမ်း အရှည်ပေ ၄၀၀၊ အကျယ် ၁၀ ပေ၊ အမြင့် ခြောက်လက်မ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေကျပ် ၈၆ သိန်းအသုံးပြုပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနဝန်ထမ်းများက နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဇန်နဝါရီလ ဒုတိယပတ်က စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**သုသု**

## ထိန်းသိမ်းကြလေ ဂန္ထဝင်စာပေ

- မြန်တစ်ခွင် အမှန်ပင်စံတင်ရတဲ့  
ဂန္ထဝင်အလှနဲ့ တို့စာပေဗျာ့။

- နှစ်ရှည် သစ်လေ ပြစ်တွေမရှိတော့  
ချစ်နေမိပေါ့ တို့စာပေရှင့်။

- ဘိုးမွေ မညှိုးစေ ဖြိုးဝေလှဖို့  
အမျိုးတွေမ ဖို့ လိုပါမည်ဗျာ့။

- ယှက်လက် တစ်သက် မပျက်ရအောင်လို့  
ဆက်ကြမောင်တို့ ဆိုပါရစေရှင့်။

- ကဗျာတွေညှိကြ စာပေအသိက  
ကမ္ဘာမြေ၏အလှ ကြွယ်လာစေ  
ဘယာတွေထိမရ ဖယ်ကာနေလေ့။

- အရိုင်းဟူသမျှ ပျော့ပျောင်းလာ  
နှိုင်းအတူပြုရ ဖော့ဖယောင်းပမာရှင့်။

- မဟာဆွေအမျိုး ကဗျာတွေပျိုးလို့  
စာပေတန်ခိုး ပြသစို့ဗျာ့။

- ဆရာမြတ်အပေါင်း တျာထပ်လောင်းလို့  
ကဗျာအသတ်ကြောင်း လမ်းညွှန်လျက်ရှင့်။

- အမြန်နောက်မကျ သံပေါက်စလို့  
ဖန်ဖန်ထောက်မ လမ်းညွှန်လျက်ဗျာ့။

- ကာရန်မှုတ တျာသံလှဖို့  
အမှန်ပြလို့ ဖေးကူလျက်ရှင့်။

- အသံနေထား အမှန်တွေမမှားဖို့  
မြန်ပြည်သားတို့ လေ့လာစို့ဗျာ့။

- ဆရာပြောသမျှ လေ့လာကာ  
ကဗျာဒေါသ မမေ့ပါနဲ့ရှင့်။

- နဘေဝင်နင်း စွဲဖတ်ကာ  
အရှည်ပျက်မယွင်း အမြဲမှတ်ပါဗျာ့။

- အလင်္ကာရသ စုံလင်စွာ  
ဘဝင်မှာတသသ ခုံမင်ပါရှင့်။

- တို့စာပေမို့ ရင်အတွင်းမှာ  
မချို့လာစေဖို့ အစဉ်သွင်းပါဗျာ့။

- စာပေချစ်က အမျက်ပြေ  
ကဗျာအမွေစစ်က အသက်ရှည်သရှင့်။


- အလိုဗျာ  
မြန်မာစာပေ လျှံဖြာဝေလို့  
မှန်စွာမသွေ တင့်တယ်လျက်  
ဝင့်ထည်မပျက် အရှည်တည်စေရန်  
အဆွေညီ မဟာမျိုးငယ်တို့  
နဘေအလီလီ ကဗျာပျိုးပါလို့  
ကြိုးပမ်းစို့လေး။ ။

**စိုင်းနေဝန်း**




ရတနာပုံစာအုပ်စင်တွင် မန္တလေးမြို့၌ အသစ်ထွက်ရှိသော စာအုပ်များကို စာပေချစ်သူများ သိရှိနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။

# ကမ္ဘာကို ကိုင်လှုပ်သော တရုတ်ပြည် ပုံနှိပ်ထုတ်ဝေ




တိုးမြစ်စာပေက ထုတ်ဝေသော မြသန်းတင့်မြန်မာပြန်သည့် ကမ္ဘာကိုကိုင်လှုပ်သော တရုတ်ပြည် စာအုပ် ထွက်ရှိလာသည်။

ယခုစာအုပ်မူရင်းမှာ JACK BELDEN ၏ CHINA SHAKES THE WORLD ဖြစ်သည်။


ယခုစာအုပ်တွင် တိုးမြစ်စာအုပ်တိုက်၏ မှတ်ချက်ပါဝင်ပြီး ကောက်နုတ်ဖော်ပြရလျှင် တရုတ်ပြည်သမိုင်းတွင် အရေးကြီးသော အချိန်ကာလနှင့် အဖြစ်အပျက်များ ဖြစ်ပါသည်။ ဤစာအုပ်သည် သမိုင်းတန်ဖိုးနှင့်ကြည့်လျှင်လည်း အဖိုးတန်သည်။ ဆရာမြသန်းတင့် ညွှန်းသကဲ့သို့ ခရီးသွားသတင်း မှတ်တမ်းအဖြစ်လည်း ဖတ်နိုင်သည် စသည်ဖြင့် ဖော်ပြပါရှိသည်။

ယခုစာအုပ်တွင် အပိုင်း ၁ တရုတ်နီပြည်သို့မှ အပိုင်း ၁၃ တရုတ်မိုးကုပ်စက်ဝိုင်းထိ အပိုင်း ၁၃ ခုပါဝင်ပြီး အပိုင်းတစ်ခုချင်းစီတွင် ခေါင်းစဉ်ခွဲများဖြင့် ဖော်ပြထားသည်။

ယခုစာအုပ်ပါ အပိုင်း ၄ မှ သူတောင်းစား စာရေးဆရာကို ဤသို့တွေ့ရသည်။ အရှက်တကဲစကတည်းက နှင်းပွင့်တွေ တဖွဲဖွဲကျနေသည်။ ကျောက်တုံးခင်းသည့် ကျွန်တော့်အိမ်ထဲတွင် တယောက်တည်းထိုင်နေစဉ် ဂွမ်းကပ်အကျီ၊ ကက်ဦးထုပ်တို့ကို ဝတ်ဆင်ထားသည့် လူတယောက် ကျွန်တော့်အိမ်ထဲ သို့ဝင်လာသည်။ ကျောင်းဆရာအို ကြီးတယောက်သည် ကျွန်တော့်ကို ဦးညွှတ်နှုတ်ဆက်ပြီးနောက် မီးလင်းဖိုဘေး ခွေးခြေပေါ်တွင် ဝင်ထိုင်ရင်း လက်ချင်းပွတ်၍ မီးကင်နေသည်။ သူတကိုယ်လုံး တုန်နေရင်းက ကျွန်တော့်ကိုမော့ကြည့်ပြီး ရှေ့က ကွာစေ့ပန်းကန်ထဲလှမ်းနှိုက်ပြီး ကွာစေ့စားနေသည်။ ထို့နောက် အခွံကိုပါးစပ်မှကျွမ်းကျင်စွာ ထွေးထုတ်လိုက်ပြီး ကျွန်တော့်ကို ခေတ္တမျှစိုက်ကြည့်ပြီး ပြုံးနေသည်။ သူ့ကြည့်ရသည်က အရှက်အကြောက်ကြီးသည့်ဟန်။ မရှိ့မရဲ။ စာ-၁၀၉ မှ

ယခုစာအုပ်ကို အုပ်ရေ ၁၀၀၀ ပုံနှိပ်ထုတ်ဝေပြီး တန်ဖိုးငွေကျပ် ၂၀၀၀၀ ဖြင့် ဖြန့်ချိကြောင်း သိရသည်။

# ဘာလာလာ. . . အေးဆေးပါ ထုတ်ဝေဖြန့်ချိ



ဂျူတီစာပေက ထုတ်ဝေသော လှမိုးအောင်(အညာမြေ)၏ ဘာလာလာ. . . အေးဆေးပါ စာအုပ် ထွက်ရှိလာသည်။

ယခုစာအုပ်တွင် အောင်ဇင်မင်း၊ မိချမ်းဝေ၊ မောင်မိုးဦးတို့၏ အမှာစာများပါရှိသည်။ စာရေးသူကလည်း ဖြောင့်ချက်ဟုအမှာစာ ရေးသားထားသည်။

ယခုစာအုပ်တွင် သတိညဏ် ပညာအလင်းရောင်မှ သိမြင်ခံစား နှလုံးသားဖြင့်အထိ စာစု ၂၄ ပုဒ် ပါဝင်ပြီး အဆုံးစွန်အထိ ရိုးသားပါ။ ဒါပေမဲ့ 'အ'တော့ 'မအ'ပါစေနဲ့မှ ကောက်နုတ်ဖော်ပြရလျှင် တစ်ခါ တုန်းက ရွာတစ်ရွာမှာ အလွန်ရိုးသားလှတဲ့ လင်မယားနှစ်ယောက်ရှိတယ်။ တစ်ယောက်နဲ့တစ်ယောက် ချစ်လိုက်ကြတာကလည်း အလွန့်အလွန်ပါပဲတဲ့။ ဒီလိုနဲ့ တစ်ရက်မှာတော့ ယောကျ်ားဖြစ်သူဟာ သူတို့နေထိုင်ရာ ခြံဝင်းအတွင်းကနေ မှန်လေးတစ်ချပ်ကို ကောက်ရပါလေရော။ သူတို့ရဲ့သက်တမ်းတစ်လျှောက်မှာ မှန်ဆိုတာကို လုံးဝမမြင်ဖူး၊ မတွေ့ဖူး၊ မသိခဲ့ကြဖူးတော့ မှန်လေးကိုကောက်ရတဲ့ ယောကျ်ားဖြစ်သူဟာ မှန်လေးထဲက သူ့ပုံရိပ်ကို သူစိမ်းတစ်ယောက်ထင်ပြီး မျက်နှာပျက်သွားတော့တာပေါ့ စသည်ဖြင့် ရေးသားဖော်ပြထားပြီး ဇနီးဖြစ်သူကို အထင်လွဲပုံ၊ ဇနီးဖြစ်သူကလည်း မှန်ကိုကြည့်၍ မိန်းမတစ်ယောက် ပုံတွေ့ရသဖြင့် ယောကျ်ားကို အထင်လွဲပုံ၊ ထိုမှ ရွာဦးကျောင်းဆရာတော်ထံ သွားရောက်ပြသရာ ဆရာတော်က သူ၏ပျံလွန်တော်မူသွားသောဆရာတော်ဟုဆိုပုံတို့မှာ ပြုံးစရာဖြစ်သလို ဆင်ခြင်ဖွယ်လည်းဖြစ်သည်။

ယခုစာအုပ်မှာ တိုတိုထွာထွာ သိမှတ်ဆင်ခြင်ဖွယ်ရာများကို အရေးသွက်သွက်ဖြင့် တင်ဆက်ထားကြောင်း တွေ့ရသည်။

ယခုစာအုပ်ကို အုပ်ရေ ၁၀၀၀ ပုံနှိပ်ထုတ်ဝေပြီး တန်ဖိုးငွေကျပ် ၃၅၀၀ ဖြင့် ဖြန့်ချိကြောင်း သိရသည်။

# စွဲလမ်းနှစ်ခြိုက်ခဲ့ရသော မြန်မာ့အသံ ရေဒီယိုသီချင်းများ ထွက်ရှိလာ




လင်းလွန်းခင်စာပေက ထုတ်ဝေသော မောင်ဟံသာ၏ စွဲလမ်းနှစ်ခြိုက်ခဲ့ရသောမြန်မာ့အသံရေဒီယို သီချင်းများစာအုပ် ထွက်ရှိလာသည်။


ယခုစာအုပ်သည် စံတော်ချိန် နေ့စဉ်သတင်းစာတွင် ဖော်ပြခဲ့သောသီချင်းခံစားမှုဆောင်းပါးများကို စုစည်းထားခြင်းဖြစ်သည်။

ယခုစာအုပ်တွင် တစ်ချိန်က ရေဒီယိုသောတရှင်များ၏နှလုံးစိတ်ဝမ်းကို အေးချမ်းကာ ကြည်နူးပျော်ရွှင်စေခဲ့သည့်တေးသီချင်းများ၊ လွမ်းဆွတ်ဖွယ်ကောင်းသည့် တေးသီချင်းများကို စနစ်တကျချဉ်းကပ်တင်ပြထားကြောင်း တွေ့ရသည်။ ငယ်ချစ်ဟောင်းနှင့် နှစ်ပေါင်းများစွာ၊ ချစ်အားငယ်ရသူမယ် စသည်ပရိသတ်ကြား ရေပန်းစားခဲ့သောသီချင်းများကိုလည်း ပြန်လည်မိတ်ဆက်တင်ပြထားသည်မှာ နှစ်သက်ဖွယ်ဖြစ်သည်။

ယခုစာအုပ်ပါ မြန်မာ့အသံ ရေဒီယိုသီချင်းများနဲ့ ကျွန်တော်မှ ကောက်နုတ်ဖော်ပြရလျှင် သောတရှင်များ မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေရှင်။ ကျွန်မတို့မြန်မာ့အသံ နံနက်ပိုင်းရေဒီယိုအစီအစဉ်များကို စတင်ပါတော့မယ်ရှင်။ ချိုချိုအေးအေး လေးတွဲ့တွဲ့အသံလေးဖြင့် အစီအစဉ် ကြေညာတဲ့အသံကိုကြားချင်တာမို့ မနက် ၇ နာရီထိုးတာနဲ့ ရေဒီယိုခလုတ်ကို ဖွင့်တတ်တာ ကျွန်တော်တို့ ရေဒီယိုပရိသတ်များ ပါပဲ။ မြန်မာ့အသံမှ အစီအစဉ် ကြေညာသူများရဲ့အသံကို နားဆင်ပြီးတာနဲ့ သုတိသာယာဖြစ်လှသော နံနက်ချိန်ခါ တေးသံသာများကို စတင်နားဆင်ရပါတော့သည်။ နံနက်ခင်းနှင့်လိုက်ဖက်စွာပင် ကြည်နူးဖွယ်ကောင်းသော ဓမ္မတေးသီချင်းများ၊ သဘာဝပတ်ဝန်းကျင်ဖွဲ့တေးသီချင်းများ(ဥပမာ-ရွှေမင်းဂုံ၊ ရွှေဘိုသနပ်ခါး၊ လူချွန်လူကောင်း စသည်)ကို နံနက်ချိန်ခါ တေးသံသာများလို့ အမည်တပ်ပြီး ထုတ်လွှင့်ပေးခဲ့တာကို မှတ်မိနေပါသည်။ စာ-၂၅ မှ

ယခုစာအုပ်ကို အုပ်ရေ ၅၀၀ ပုံနှိပ်ထုတ်ဝေပြီး တန်ဖိုးငွေကျပ် ၆၀၀၀ ဖြင့် ဖြန့်ချိကြောင်း သိရသည်။

# အောင်မြင်ချင်ရင် အနာခံနိုင်မှ ထုတ်ဝေဖြန့်ချိ





ဇင်ရတနာစောစာပေက ထုတ်ဝေသော ဝေယံထွန်း(ဇေယျာမြေ)၏ အောင်မြင်ချင်ရင် အနာခံနိုင်မှ စာအုပ် ထွက်ရှိလာသည်။

ယခုစာအုပ်တွင် စာရေးသူ၏ အမှာစကားဖော်ပြပါရှိပြီး ကောက်နုတ်ဖော်ပြရလျှင် စာပေကို နေ့စဉ်နှင့်အမျှ လေ့လာဖတ်ရှုမှတ်သားနေတဲ့ ပုဂ္ဂိုလ်တစ်ယောက်ရဲ့ ဘောပင်တစ်ချောင်းဟာ နှစ်ကြာလာတာနဲ့အမျှ အနှစ်သာရနှင့်ပြည့်စုံသော စာအုပ်ကောင်းတစ်အုပ် ဖြစ်လာနိုင်ပါတယ်။ တကယ်တော့ စာရေးဆရာဆိုတာ မိမိဘဝတစ်လျှောက် တွေ့ကြုံခဲ့ရတဲ့ ဘဝအတွေ့အကြုံနှင့် စာသင်စာဖတ်ရင်းရရှိလာခဲ့တဲ့ အတွေ့အကြုံနှစ်ခုကို ပညာဉာဏ်ဖြင့်နှိုင်းယှဉ်စိစစ်ပြီး ပန်းကောက်သမားလေးတစ်ယောက်လို ပန်းပွင့်လေးတွေကို တစ်ပွင့်ချင်းစီ ကောက်ယူပြီး အပ်ချည်ဖြင့် သီကုံးရသကဲ့သို့ စာရေးသူ၏ "အောင်မြင်ချင်ရင် အနာခံနိုင်မှ"၊ စာအုပ်သည်လည်း ဒယ်ဆရာတော်၏ ဩဝါဒပန်းပွင့်လေးများကိုလည်းကောင်း၊ စာရေးသူ၏ဘဝအတွေ့အကြုံပန်းပွင့်လေးများကိုလည်းကောင်း၊ စာသင်၊ စာဖတ်ရင်းရရှိလာခဲ့တဲ့ပန်းပွင့်လေးများကိုလည်းကောင်း ရေးဖွဲ့သီကုံးထားသော စာအုပ်တစ်အုပ်ဖြစ်လေသောကြောင့် စသည်ဖြင့်ဖော်ပြပါရှိသည်။

ယခုစာအုပ်ပါ တိုက်ရင်းနဲ့ပျော်မှ ကောက်နုတ်ဖော်ပြရလျှင် လူ့ဘဝဆိုတာတိုက်ပွဲပေါ့ လူ့ဘဝတိုက်ပွဲကိုလည်း တိုက်ရင်းနဲ့ပျော်မည်။ (ပထမအရွယ်) ဒါကတော့ ပညာရေးတိုက်ပွဲပေါ့ ပညာရေးတိုက်ပွဲကိုတိုက်ရင်းနဲ့ ပျော်မည်။ (ဒုတိယအရွယ်) ဒါကတော့ စီးပွားရေးတိုက်ပွဲပေါ့ဟု လည်းကောင်း၊ (တတိယအရွယ်) ဒါကတော့ ကုသိုလ်တရားပွားများရေး တိုက်ပွဲပေါ့ဟုလည်းကောင်း ရှင်းလင်းဖော်ပြထားထားသည်မှာ တိုတိုရှင်းရှင်းနှင့် ထိထိမိမိရှိလှသည်။

ယခုစာအုပ်ကို အုပ်ရေ ၅၀၀ ပုံနှိပ်ထုတ်ဝေပြီး တန်ဖိုး ငွေကျပ် ၂၅၀၀ ဖြင့်ဖြန့်ချိကြောင်း သိရသည်။

# ကြောင်တလေရဲ့ ခရီးသွားမှတ်တမ်း ပုံနှိပ်ထုတ်ဝေ




ဇလပ်နီစာပေက တတိယအကြိမ် ထုတ်ဝေသော မျိုးဇော်ဝင်း၏ ကြောင်တေလေရဲ့ ခရီးသွား မှတ်တမ်းစာအုပ် ထွက်ရှိလာသည်။

ယခုစာအုပ်၏မူရင်းမှာ HIRO ARIKAWA ၏ The Travelling Cat Chronicles ဖြစ်သည်။

ယခုစာအုပ်တွင် ဘာသာပြန်သူက စာအုပ်မိတ်ဆက်အဖြစ် ဤသို့ ဖော်ပြထားသည်။ အင်မတန်ဉာဏ်ကောင်းတဲ့ လမ်းဘေးကြောင်လေးဟာ ကံကြမ္မာအလှည့်အပြောင်းတစ်ခုကြောင့် လူတစ်ယောက်ဆီမှာ မွေးစားခံလိုက်ရတယ်။ အဲဒီလိုနဲ့ ငါးနှစ်ကြာပြီးတဲ့အခါ ပိုင်ရှင်ဖြစ်သူက သူ့ကြောင်လေးကို စောင့်ရှောက်ဖို့မဖြစ်နိုင်တော့တဲ့ အကြောင်းတစ်ရပ်ပေါ်လာတယ်။ အဲဒီအခါ သူက ကြောင်လေးကို ခေါ်ထားပေးနိုင်မယ့် ငယ်သူငယ်ချင်းတွေဆီ သူ့ဗင်ကားနဲ့ခရီးထွက်ပါတော့တယ်။ သူ့သခင်က သူ့ကိုသိပ်ချစ်ပေမဲ့ ဘာကြောင့် သူ့များပေးပစ်လဲဆိုတာ ကြောင်လေးခမျာ မသိရှာဘူး။

သည်စာအုပ်ရဲ့ ထူးခြားချက်က စကားပြောနဲ့ စကားပြေရေးဟန်တို့ကို တလှည့်စီသုံးထားတာပဲ။ ၂၀၁၂ ခုနှစ်မှာ ထွက်ရှိခဲ့တာဖြစ်ပြီး ဘာသာပေါင်းများစွာပြန်ဆိုခံထားရပါတယ်။ ၂၀၁၈ တုန်းက ရုပ်ရှင်အနေနဲ့ ပြန်လည်ရိုက်ကူးခဲ့တာတော်တော်လေး အောင်မြင်ခဲ့တယ်။ ကြောင်တစ်ကောင်နဲ့ လူတစ်ယောက်ကြားက ချစ်ခြင်းမေတ္တာ၊ သစ္စာတရားနဲ့ သံယောဇဉ်ကို အံ့ဖွယ်သရဲပုံဖော်ထားတာမို့ ဖတ်ရှုပြီးတဲ့ တိရစ္ဆာန်ချစ်သူတိုင်းရဲ့ရင်ထဲမှာ အစဉ်ထာဝရစွဲထင်ကျန်ရစ်နေမှာပဲဖြစ်ပါတယ်ဟု ဖော်ပြပါရှိသည်။

ယခုစာအုပ် တစ်နေရာတွင် ဤသို့တွေ့ရသည်။ ရေဒီယိုမှာ ရှော့ခ်သီချင်းတစ်ပုဒ်လာနေတယ်။ ဝုန်းဝုန်းဒိုင်းဒိုင်းအသံတွေကြောင့် အူတွေရော၊ အသည်းတွေရော တုန်ခါလာတယ်။ ဒီလိုဆူဆူညံညံ သီချင်းက ကျွန်တော့်အကြိုက်မဟုတ်ဘူး။ ကြောင်တွေကြိုက်တဲ့သီချင်း အမျိုးအစားတွေရှိပါတယ်။ စာ-၆၅ မှ

ယခုစာအုပ်ကို အုပ်ရေ ၁၀၀၀ ပုံနှိပ်ထုတ်ဝေပြီး တန်ဖိုးငွေကျပ် ၇၀၀၀ ဖြင့်ဖြန့်ချိကြောင်း သိရသည်။

နေမျိုး
စုစည်းသည်
ထွန်းဦးစာပေက
ပံ့ပိုးသည်

# ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် မြန်မာနိုင်ငံနှင့် ပြည်ပနိုင်ငံများကြား ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၃၃၉၂၅ ဒသမ ၀၈၆ သန်းပိုး ဆောင်ရွက်နိုင်ခဲ့




**နေပြည်တော် ဧပြီ ၁၈**

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံနှင့် ပြည်ပနိုင်ငံများကြား ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၃၃၉၂၅ ဒသမ ၀၈၆ သန်းပိုး ဆောင်ရွက်နိုင်ခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်မှုမူဝါဒဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းအောင်အေးက ပြောပြ၍ သိရသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ၂၀၂၂ ခုနှစ် ဧပြီလမှ ၂၀၂၃ ခုနှစ် မတ်လကုန်ထိ ကာလအတွင်း မြန်မာနိုင်ငံအနေဖြင့် ပြည်ပနိုင်ငံများသို့ ပို့ကုန်များတင်ပို့ရာတွင် ပို့ကုန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၆၅၇၅ ဒသမ ၃၃၄ သန်းရရှိခဲ့ကြောင်း၊ ပြည်ပမှ သွင်းကုန် အမေရိကန်ဒေါ်လာ ၁၇၃၄၉ ဒသမ ၇၅၂ သန်းဖိုး ပြန်လည် တင်သွင်းခဲ့ကြောင်း သိရသည်။

"၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ၂၀၂၂ ခုနှစ် ဧပြီလကနေ ၂၀၂၃ ခုနှစ် မတ်လကုန်ထိ ကာလအတွင်း ပို့ကုန်တင်ပို့ရာမှာ ပင်လယ်ရေကြောင်းမှတစ်ဆင့် အမေရိကန်ဒေါ်လာ ၁၀၄၈၉ ဒသမ ၀၈၈ သန်းနဲ့ နယ်စပ်ကုန်သွယ်ရေးစခန်းတွေက တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၆၀၈၆ ဒသမ ၂၄၆ သန်း စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၆၅၇၅ ဒသမ ၃၃၄ သန်းဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ အဲဒီဘဏ္ဍာနှစ်အတွင်း သွင်းကုန်တင်သွင်းရာမှာလဲ ပင်လယ်ရေကြောင်းကနေ အမေရိကန်ဒေါ်လာ ၁၄၈၆၅ ဒသမ ၂ သန်းနဲ့ နယ်စပ်ကုန်သွယ်ရေးစခန်းတွေက အမေရိကန်ဒေါ်လာ ၂၄၈၄ ဒသမ ၅၅၂ သန်း စုစုပေါင်းအမေရိကန်ဒေါ်လာ ၁၇၃၄၉ ဒသမ ၇၅၂ သန်းဖြစ်ပါတယ်"ဟု ဦးမင်းအောင်အေးက ပြောပြသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်၌ မြန်မာနိုင်ငံ၏ ကုန်သွယ်မှုပမာဏသည် အမေရိကန်ဒေါ်လာ ၃၃၉၂၅ ဒသမ ၀၈၆ သန်းရှိခဲ့ပြီး ပြီးခဲ့သည့် ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်နှင့်နှိုင်းယှဉ်ပါက အမေရိကန်ဒေါ်လာ သုံးဘီလီယံကျော် ကုန်သွယ်မှု ပိုမိုပြုလုပ်နိုင်ခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ သိရသည်။

ASH

# လွိုင်လင်မြို့နယ် ကျေးရွာနှစ်ရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း စစ်ဆေး

**လွိုင်လင် ဧပြီ ၁၈**

ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်ခရိုင် လွိုင်လင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေဖြင့် လွိုင်လင်မြို့နယ် ကျေးရွာနှစ်ရွာ၌ စီမံကိန်းလုပ်ငန်းများဆောင်ရွက်နေမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လွိုင်လင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်သိန်းနွဲ့ဦး၊ လွိုင်လင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနဦးစီးအရာရှိ ဒေါ်မေပိုးဦး၊ စီမံကိန်းတာဝန်ခံများနှင့် တာဝန်ရှိသူများသည် ချိုခမ်းကျေးရွာနှင့် ကွမ်းလောင်ကျေးရွာတို့တွင် အရင်းမပျောက်လည်ပတ်ရန်ပုံငွေများဖြင့် အသင်းသား၊ အသင်းသူ ၅၉ ဦးမှ စိုက်ပျိုးရေးလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများနှင့် အရောင်းအဝယ်လုပ်ငန်းများ လုပ်ကိုင်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်၍ လွိုင်လင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများသည် အဆိုပါကျေးရွာရှိ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှန်ကန်မှုရှိမရှိ စစ်ဆေးခဲ့သည်။

အဆိုပါ ကျေးရွာနှစ်ရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ်သိန်း ၃၀၀ ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ အဆိုပါ ကျေးရွာနှစ်ရွာရှိ အသင်းသား၊ အသင်းသူ ၅၉ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၄၀၃ သိန်းထိ ထုတ်ချေးနိုင်ခဲ့ပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မောင်နိုင်

# မနဖြူမြို့နယ် ဥမ္မာဒန္တီအပန်းဖြေကမ်းခြေသို့ သင်္ကြန်ကာလအတွင်း ခရီးသွားဦးရေ ၇၀၀၀၀ ကျော် လာရောက်လည်ပတ်ခဲ့

**မနဖြူ ဧပြီ ၁၈**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မနဖြူမြို့နယ် ဥမ္မာဒန္တီအပန်းဖြေကမ်းခြေသို့ သင်္ကြန်ရုံးပိတ်အတွင်း ခရီးသွားဦးရေ ၇၀၀၀၀ ကျော်ထိ လာရောက်လည်ပတ်ခဲ့ကြောင်း မနဖြူမြို့နယ် ခရီးသွားလုပ်ငန်းအသင်းတာဝန်ခံ ဦးသက်ဆွေက ပြောပြ၍ သိရသည်။

မနဖြူမြို့နယ်တွင် ဥမ္မာဒန္တီအပန်းဖြေကမ်းခြေကို ပြီးခဲ့သည့်သင်္ကြန်ကာလမတိုင်မီက တစ်ရက်လျှင် ခရီးသွားဦးရေ ၁၀၀ ကျော်ထိသာ လာရောက်ခဲ့ပြီး သင်္ကြန်ကာလ ရုံးပိတ်ရက်ဖြစ်သည့် ဧပြီ ၁၂ ရက်မှ ဧပြီ ၁၇ ရက်ထိ ခရီးသွား ၇၁၁၆၅ ဦးထိ လာရောက်လည်ပတ်ခဲ့ကြောင်း သိရသည်။

"အခုနှစ် သင်္ကြန်တွင်းမှာ ညအိပ် လာရောက်လည်ပတ်တဲ့ ဧည့်သည်တွေလဲရှိသလို နေ့ချင်းပြန်လာတဲ့သူတွေလဲ ရှိခဲ့ပါတယ်။ အခုနှစ် သင်္ကြန်ကာလရုံးပိတ်ရက်တွေမှာ အခြားရက်တွေထက်ခရီးသွားတွေ ပိုမိုလာရောက်လည်ပတ်ခဲ့တာတွေ့ရပါတယ်။ မနှစ်က သင်္ကြန်တွင်းကထက်လဲ ခရီးသွားတွေ ပိုမိုလာရောက်ခဲ့ပါတယ်။ ကမ်းခြေကို လာရောက်လည်ပတ်ခဲ့တဲ့ဧည့်သည်တွေထဲမှာ ရန်ကုန်တိုင်းဒေသကြီးကနေ အများဆုံးလာခဲ့တာ တွေ့ရပါတယ်"ဟု မနဖြူမြို့နယ် ခရီးသွားလုပ်ငန်း အသင်းတာဝန်ခံ ဦးသက်ဆွေက ပြောပြသည်။



ဥမ္မာဒန္တီအပန်းဖြေကမ်းခြေသို့ လာရောက်လည်ပတ်သည့်ခရီးသွားဧည့်သည်များအတွက် လုံခြုံရေး၊ စည်းကမ်းထိန်းသိမ်းရေး လုပ်ငန်းများကို ရဲတပ်ဖွဲ့၊ စီမံအုပ်ချုပ်ရေးအဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ စည်ပင်ဌာနအဖွဲ့အစည်းများက ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ဥမ္မာဒန္တီကမ်းခြေကို ၂၀၁၁ ခုနှစ်ကစတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး လက်ရှိကမ်းခြေတွင် စားသောက်ဆိုင်များဖြင့် ဒေသထွက် အစားအစာအမျိုးမျိုး၊ အမှတ်တရလက်ဆောင်ပစ္စည်းအမျိုးမျိုး၊ လူသုံးကုန်ပစ္စည်းအမျိုးမျိုး၊ အဝတ်အထည်အမျိုးမျိုးကို ဆိုင်ခန်းများဖွင့်လှစ် ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

# ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် လုပ်ငန်းသုံး ကုန်ကြမ်းပစ္စည်းများကို အများဆုံးတင်သွင်းခဲ့

**နေပြည်တော် ဧပြီ ၁၈**

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများကို အများဆုံးတင်သွင်းခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန သတင်းများအရ သိရသည်။

မြန်မာနိုင်ငံအနေဖြင့် နိုင်ငံထွက်ကုန်ပစ္စည်းများကို ပြည်ပဖောက်သည် ဈေးကွက်နိုင်ငံများသို့ တင်ပို့ရောင်းချပေးနေသကဲ့သို့ နိုင်ငံတော်အတွက် လိုအပ်သည့် ကုန်ပစ္စည်းများကိုလည်း လိုအပ်ချက်အလိုက် ပြည်ပကုန်သွယ်ဖက်နိုင်ငံများမှ မှာယူတင်သွင်းလျက်ရှိကြောင်း သိရသည်။

ထိုသို့တင်သွင်းဆောင်ရွက်ရာတွင် လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းအုပ်စု၊ ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းအုပ်စု၊ လူသုံးကုန်ပစ္စည်းအုပ်စုနှင့် CMP ကုန်ပစ္စည်းအုပ်စုဟူ၍ သွင်းကုန်အုပ်စု(၄)အုပ်စုအဖြစ် ခွဲခြားတင်သွင်း ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် အဆိုပါသွင်းကုန် အုပ်စု(၄)ခုမှ အမေရိကန်ဒေါ်လာ ၁၇၃၄၉ ဒသမ ၇၅၂ သန်းဖိုး တင်သွင်းဆောင်ရွက်ခဲ့ပြီး ထိုသို့တင်သွင်းခဲ့ရာတွင် လုပ်ငန်းသုံး ကုန်ကြမ်းပစ္စည်းအုပ်စုတွင် အမေရိကန်ဒေါ်လာ ၈၂၉၃ ဒသမ ၄၁၄ သန်းဖြင့် အများဆုံး တင်သွင်းခဲ့ပြီး ရင်းနှီးမြှုပ်နှံမှု ကုန်ပစ္စည်းများကို ၃၆၂၈ ဒသမ ၈၄၃ သန်းဖြင့် ဒုတိယအများဆုံး တင်သွင်းခဲ့ကြောင်း၊ ထို့အတူ လူသုံးကုန်ပစ္စည်းအုပ်စုကို အမေရိကန်ဒေါ်လာ ၂၉၃၀ ဒသမ ၀၆၄ သန်းဖြင့် တတိယအများဆုံး တင်သွင်းခဲ့ပြီး CMPပစ္စည်းများကို အမေရိကန်ဒေါ်လာ ၂၄၉၇ ဒသမ ၄၃၁ သန်းဖြင့် စတုတ္ထအများဆုံး တင်သွင်းခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများကို နိုင်ငံတော်ကဏ္ဍမှရော၊ ပုဂ္ဂလိကကဏ္ဍမှပါ တင်သွင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး နိုင်ငံတော်ကဏ္ဍမှ လုပ်ငန်းသုံး ကုန်ကြမ်းပစ္စည်း အမေရိကန်ဒေါ်လာ ၁၂၆ ဒသမ ၉၀၇ သန်းနှင့် ပုဂ္ဂလိကမှ အမေရိကန်ဒေါ်လာ ၈၁၆၆ ဒသမ ၅၇ သန်းဖိုး တင်သွင်းခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများကို ပုဂ္ဂလိကကဏ္ဍက နိုင်ငံတော်ကဏ္ဍထက် အမေရိကန်ဒေါ်လာ ၈၀၃၉ ဒသမ ၆ သန်း ပိုမိုတင်သွင်းခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

SKL

# ရေနံချောင်းမြို့နယ် ဖောင်းကွဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း စစ်ဆေး

**ရေနံချောင်း ဧပြီ ၁၈**

မကွေးတိုင်းဒေသကြီး ချောက်ခရိုင် ရေနံချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖောင်းကွဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်နေမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရေနံချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးထွန်းမင်းနှင့် စီမံကိန်း တာဝန်ခံဝန်ထမ်းများက ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ဖောင်းကွဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ လစဉ်ဖြည့်သွင်းရမည့်ငွေစာရင်းဇယားများ စနစ်တကျဖြည့်သွင်းထားရှိမှုနှင့် စီမံကိန်းဆိုင်ရာ ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ဖောင်းကွဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၆ ဦးကို ငွေကျပ် ၁၅၅ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၅၅ ဦးကို ငွေကျပ် ၁၄၆ သိန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၁၁ ဦးတို့ကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၃၀၁ သိန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

နွဲ့ယဉ်

# ရေရှားပါးပြတ်လပ်မှုကြုံတွေ့နေရသော တူရကီနိုင်ငံ

မောင်စိန်အိ(နဘဲမြေ)



တူရကီနိုင်ငံတွင် ရေအရင်းအမြစ်စီမံခန့်ခွဲမှု ညံ့ဖျင်းမှုများကြောင့် ရေရှားပါးပြတ်လပ်လာပြီဖြစ်ကြောင်းနှင့် အနာဂတ်တွင် ရေနှင့်ဆက်စပ်သော နောက်ဆက်တွဲပြဿနာများ ကြုံတွေ့ရနိုင်ကြောင်း မိုးလေဝသဇလဗေဒဆိုင်ရာပညာရှင်များက ကြိုတင်သတိပေးထားသည်ဟုဆိုသည်။

၂၀၂၂ ခုနှစ် ဒီဇင်ဘာလက တူရကီနိုင်ငံ၌ နှစ်ပေါင်း ၅၀ ကျော်ကာလအတွင်း အပူပြင်းဆုံး အခြေအနေကိုကြုံတွေ့ခဲ့ရသည်။ အပူချိန်သည် ၂၀၂၁ ခုနှစ်ကထက် ၈ ဒီဂရီစင်တီဂရိတ်ခန့်မြင့်တက်ခဲ့ပြီး အပူလှိုင်းများကြောင့် မိုးရေချိန်လက်မလည်း စံချိန်တင်ကျဆင်းခဲ့သည်။ လွန်ခဲ့သော သုံးလကြာကာလအတွင်း စုစုပေါင်း မိုးရေချိန်လက်မသည် ပြီးခဲ့သည့် ဆယ်စုနှစ်သုံးခုထက် ၄၀ ရာခိုင်နှုန်းခန့် နိမ့်ခဲ့ပြီး ၂၀၂၁ ခုနှစ်ကထက် ၃၀ ရာခိုင်နှုန်း နိမ့်ခဲ့သည်။

ရာသီဥတုပြောင်းလဲမှုသည် တူရကီနိုင်ငံတစ်ခုတည်းမဟုတ်ဘဲ အခြားနေရာများကိုလည်း သက်ရောက်မှုဖြစ်ပေါ်စေခဲ့သည်။ ဥရောပဒေသသည် ဆောင်းရာသီ၏ပထမလများတွင် ဆီးနှင်းကျဆင်းမှုမရှိသည့်အတွက် အားလပ်ရက်အပန်းဖြေသွားမည့် အစီအစဉ်များကိုဖျက်သိမ်းခဲ့ရသည်။ ပြင်းထန်သော အပူချိန်များသည် အာဂျင်တီးနားနိုင်ငံရှိ လယ်သမားများကို ဆင်းရဲတွင်းနက်စေခဲ့ပြီး အမေရိကန်တွင် တောမီးလောင်ကျွမ်းမှုများဖြစ်စေခဲ့သည့်အပြင် ကမ္ဘာတစ်ဝန်းတွင် ကျား၊ မ သာတူညီမျှကွာဟမှုများ မြင့်တက်လာစေခဲ့သည်။

သို့သော် တူရကီနိုင်ငံ၏ အကျပ်အတည်းမှာမူ ကြိုတင်အစီအမံများမရှိခြင်းကြောင့် ပုံမှန်မဟုတ်သော အခြေအနေများကိုဖြစ်ပေါ်စေခဲ့ပြီး နိုင်ငံတစ်ဝန်းရှိ ပြည်သူသန်းပေါင်းများစွာကို သက်ရောက်မှုများ ဖြစ်ပေါ်စေခဲ့သည်။ တူရကီနိုင်ငံသည် ရေနှင့်စပ်လျဉ်း၍ အကျပ်ရိုက်နေသော နိုင်ငံတစ်နိုင်ငံဖြစ်သည်။ နိုင်ငံတော်ရေအရင်းအမြစ်စီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့၏အဆိုအရ တူရကီနိုင်ငံရှိ လူတစ်ဦးချင်းစီ၏ နှစ်စဉ်ရေသုံးစွဲနိုင်မှု ပမာဏသည် ၂၀၀၀ ပြည့်နှစ်တွင် ၁၆၅၂ ကုဗမီတာရှိခဲ့ရာမှ ၂၀၂၀ ပြည့်နှစ်တွင် ၁၃၄၆ ကုဗမီတာသို့ လျော့နည်းကျဆင်းလာခဲ့သည်ဟုဆိုသည်။ ထို့ပြင် ကမ္ဘာ့ရေအရင်းအမြစ်သုံးစွဲမှု အညွှန်းကိန်းအရ ရေရှားပါးမှုဖြစ်ပေါ်နေသောနိုင်ငံများရှိပြည်သူများသည် နှစ်စဉ်ရေသုံးစွဲနိုင်မှု ကုဗမီတာ ၁၇၀၀ အောက်တွင်သာရှိသည်ဟုဆိုသည်။

၂၀၂၃ ခုနှစ်အတွင်း တူရကီနိုင်ငံတွင် နိုင်ငံသားတစ်ဦးချင်းစီ၏ရေရရှိနိုင်မှုသည် ကုဗမီတာ ၁၂၀၀ ထိပင် လျော့နည်းကျဆင်းနိုင်သည်ဟုဆိုသည်။ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကုလသမဂ္ဂဘုတ်အဖွဲ့က တူရကီနိုင်ငံ၏မြေဧရိယာ ၆၀ ရာခိုင်နှုန်းခန့်သည် သဲကန္တာရများဖြစ်ရန် အလားအလာရှိနေသည်ဟု ခန့်မှန်းတွက်ချက်ထားရှိသည်။

အင်မီယာ၊ အစ္စတန်ဘူလ်၊ အန်ကာရာတို့ကဲ့သို့သော တူရကီ၏မြို့ကြီးများသည် ရေရှားပါးမှုအန္တရာယ်နှင့်ကြုံတွေ့ရလျက်ရှိသည်။ လွန်ခဲ့သော နှစ်နှစ်အတွင်း အစ္စတန်ဘူလ်မြို့တော်ကို ရေပေးဝေနေသောရေလှောင်တမံသည် ရေပေးဝေနိုင်မှုစွမ်းအား ၂၅ ရာခိုင်နှုန်းကျဆင်းခဲ့ပြီး ၎င်းပမာဏသည် ၁၅ နှစ်အတွင်း အနိမ့်ဆုံးပမာဏပင်ဖြစ်သည်။ ထို့ကြောင့် အစ္စတန်ဘူလ်မြို့တော် ရေနှင့်မိလ္လာစနစ်စီမံခန့်ခွဲမှုအဖွဲ့(ISKI)သည် ပြည်သူများကို ရေအရင်းအမြစ်များ ချွေတာသုံးစွဲရန် ပန်ကြားထားရှိသည်။ အစ္စတန်ဘူလ်မြို့တော်ရှိ ပြည်သူများသည် နောက်ဆုံးတွင် ရေကိုအကန့်အသတ်ဖြင့်အသုံးပြုရတော့မည်ဖြစ်ကြောင်း ဘိုဂါဇီစီတက္ကသိုလ်မှ ရာသီဥတုဆိုင်ရာ ကျွမ်းကျင်ပညာရှင် လက်ဗင့်ခူနက်ဇ်က သတိပေးပြောကြားသွားသည်။

စင်စစ်အားဖြင့် ရာသီဥတုပြောင်းလဲမှုလျော့ချရေးလုပ်ငန်းစဉ်များသည် လုံလောက်မှုမရှိတော့သဖြင့် လိုက်လျောညီထွေရှိအောင် ဆောင်ရွက်သွားရန်လိုအပ်ပေသည်။ စိတ်မကောင်းစရာကောင်းသည့်အချက်မှာ တူရကီ၏ခေါင်းဆောင်များသည် မကြာသေးမီအချိန်တွင်းကမှပင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြောင်းလဲမှုဖြစ်စဉ်များအပေါ် အလွန်အမင်းစိုးရိမ်ပူပန်မိကြောင်း ထုတ်ဖော်ပြောကြားလာခြင်းပင်ဖြစ်သည်။ သာဓကအနေဖြင့် တူရကီနိုင်ငံသည် လွန်ခဲ့သော နှစ်နှစ်ခန့်မှပင် ၂၀၁၅ ခုနှစ် ပဲရစ်ရာသီဥတုသဘောတူညီချက်ကို အတည်ပြုခဲ့ပြီး ရာသီဥတုဆိုင်ရာရည်မှန်းချက်များအတွက် အစည်းအဝေးများ ပြုလုပ်လာခဲ့သည်။

ဥရောပနှင့် ကမ္ဘာတစ်ဝန်းရှိ နိုင်ငံ ၆၃ နိုင်ငံတွင် ရာသီဥတုပြောင်းလဲမှုဆိုင်ရာတိုးတက်မှုကို သုတေသနပြုလုပ်ခဲ့သော ၂၀၂၃ ခုနှစ် ရာသီဥတုပြောင်းလဲမှုဆိုင်ရာဆောင်ရွက်မှုအညွှန်းကိန်း၌ တူရကီနိုင်ငံသည် အဆင့် ၄၇ ရပ်တည်လျက်ရှိပြီး အီဂျစ်၊ အိန္ဒိယနှင့် ဘယ်လာရုစ်နိုင်ငံတို့၏အောက်တွင်သာရှိသည်။ ဆိုရလျှင် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အစီအမံများ လုပ်ဆောင်ရန်ပျက်ကွက်ခြင်းသည် တူရကီနိုင်ငံ၏ ပူပြင်းခြောက်သွေ့မှုအခြေအနေများကို ပိုမိုဆိုးရွားလာစေခဲ့သည်။

လွန်ခဲ့သော နှစ်ပေါင်း ၂၀ ကျော်ကာလအတွင်း တိုင်းပြည်၏ ရေကန် ၃၂၀ အနက် ၆၀ ရာခိုင်နှုန်းခန့်သည် လုံးဝရေခန်းခြောက်လျက်ရှိသည်။ မြို့ပြများတည်ဆောက်ခြင်း၊ စီးပွားရေးလုပ်ငန်းများ တိုးချဲ့လုပ်ဆောင်ခြင်းများနှင့် နည်းလမ်းမကျသော လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများသည် ရေအရင်းအမြစ် အကျပ်အတည်းကိုပိုမိုကြီးမားလာစေခဲ့သည်။

နိုင်ငံအနောက်ပိုင်းရှိ Marmara ရေကန်သည် ခန်းခြောက်လာသည့်ရေကန်များအနက်မှ တစ်ခုပင်ဖြစ်သည်။ ၂၀၁၁ ခုနှစ်နှင့် ၂၀၂၁ ခုနှစ်ကြားတွင် အဆိုပါရေကန်သည် ရေသိုလှောင်ထားနိုင်မှု ၉၈ ရာခိုင်နှုန်းခန့်ထိ ကျဆင်းလာခဲ့သည်။ တစ်ချိန်က ငှက်မျိုးစိတ် ၁၀၀ ကျော် ကျက်စားနေထိုင်ခဲ့သည့် အဆိုပါ Marmara ရေကန်သည် လက်ရှိအချိန်တွင် ရွှံ့ညွန်များသာရှိတော့ပြီး အစိုးရတာဝန်ရှိသူများအနေဖြင့်လည်း ရေကန်ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများကို တစ်စုံတစ်ရာမျှ လုပ်ဆောင်နိုင်ခြင်းမရှိပေ။ ထို့ကြောင့် ဒေသခံရေလုပ်သားများသည် အဆိုပါရေကန်ကြီး ခန်းခြောက်ပျက်စီးလာမှုအတွက် လယ်ယာစိုက်ပျိုးရေးနှင့်သစ်တောဝန်ကြီးဌာနကို တရားစွဲဆိုထားရှိရာ ရာသီဥတုပြောင်းလဲမှုနှင့်စပ်လျဉ်း၍ တူရကီနိုင်ငံ၌ တရားဥပဒေကြောင်းအရ ပထမဆုံးတိုင်ချက်ဖွင့်ခြင်းပင်ဖြစ်သည်။

ရေကန်၏အထက်ပိုင်းဒေသတွင် ဆည်များတည်ဆောက်ခြင်းနှင့်လယ်ယာမြေများ အလွန်အကျွံဖော်ထုတ်ခြင်းသည် Marmara ရေကန်ကြီးကို ပျက်စီးမှုဖြစ်ပေါ်စေခဲ့ကြောင်း၊ အဆိုပါရေကန်ကြီးကို ထိန်းသိမ်းရေးအတွက် တောင်းဆိုမှုများအကြိမ်ကြိမ်လုပ်ဆောင်ခဲ့သော်လည်း ရေအရင်းအမြစ်ထိန်းသိမ်းရေးဆိုင်ရာဒေသခံအရာရှိများသည် ပြဿနာအတွက် အဖြေမရှာဘဲ မသိကျိုးကျွန်ပြုနေခဲ့ကြကြောင်း ရေလုပ်သားအဖွဲ့မှ ရှေ့နေတစ်ဦးက ပြောကြားသွားသည်။

အဆိုပါပြဿနာအတွက် အဖြေတစ်ခုမှာ လယ်ယာစိုက်ပျိုးရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများလုပ်ဆောင်ခြင်းပင်ဖြစ်သည်။ လက်ရှိအချိန်တွင် တူရကီနိုင်ငံ၏ ရေအရင်းအမြစ် ၇၃ ရာခိုင်နှုန်းခန့်ကို ရေသွင်းစိုက်ပျိုးရေးအတွက် အသုံးပြုလျက်ရှိသည်။ လယ်သမားများသည် ရေသွင်းစိုက်ပျိုးရေးကို အဓိကထားလုပ်ဆောင်လျက်ရှိသောကြောင့် မြေအောက်ရေအရင်းအမြစ်ဆုံးရှုံးမှုကို များစွာဖြစ်ပေါ်စေလျက်ရှိသည်။ လယ်ယာစိုက်ပျိုးရေးတွင် ရေဖျန်းစိုက်ပျိုးရေးစနစ်ကိုပြောင်းလဲအသုံးပြုခြင်းအားဖြင့် လယ်သမားများသည် ရေသုံးစွဲမှု ၅၀ ရာခိုင်နှုန်းခန့် လျှော့ချသွားနိုင်မည်ဖြစ်သည့်အတွက် နှစ်စဉ် နိုင်ငံတစ်ဝန်း၌ ရေ ၃၈ ဘီလီယံကုဗမီတာခန့်ချွေတာစုဆောင်းသွားနိုင်မည်ဖြစ်သည်။

တူရကီနိုင်ငံအနေဖြင့် ၎င်း၏လယ်ယာလုပ်ငန်းခွင်လုပ်ထုံးလုပ်နည်းများကို ဥရောပသမဂ္ဂစံနှုန်းပြည့်မီစေရန် အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိသော်လည်း လယ်သမားအများစုသည် ရေအရင်းအမြစ်များကို ဆက်လက်ဖြုန်းတီးလျက်ရှိသည်။ ဆည်မြောင်းတာတမံများ၊ ရေကန်များနှင့် ရေအားလျှပ်စစ်စက်ရုံများအတွက် ရေစီမံခန့်ခွဲမှုဥပဒေသစ်ပြဋ္ဌာန်းခဲ့သော်လည်း ရေသွင်းစိုက်ပျိုးရေးနှင့်စပ်လျဉ်း၍မူ လုံးလုံးလျားလျားချန်လှပ်ထားခဲ့သည်။

ထိုသို့ဖြစ်ပေါ်နေခြင်းသည် အံ့သြဖွယ်ရာဖြစ်စဉ်တော့မဟုတ်ချေ။ တူရကီအစိုးရသည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာစီမံကိန်းများ အကြိမ်ကြိမ်အကောင်အထည်ဖော်ခဲ့သော်လည်း အပြီးသတ်သည်ထိ လုပ်ဆောင်နိုင်ခြင်းမရှိခဲ့ပေ။ သာဓကအနေဖြင့် နိုင်ငံတစ်ဝန်းတွင် ရေသွင်းစိုက်ပျိုးရေးအတွက် ၂၀၁၆ ခုနှစ်က အကောင်အထည်ဖော်ခဲ့သော ရက်ပေါင်း ၁၀၀၀ အတွင်း ရေကန် ၁၀၇၁ တူးဖော်သည့်လုပ်ငန်းပင်ဖြစ်သည်။ အဆိုပါစီမံကိန်းသည် မပြီးဆုံးမီ ပျောက်ကွယ်သွားတော့သည်။

အခြားစီမံကိန်းတစ်ခုမှာ သမ္မတရီဆက်တေရစ် အာဒိုဂန်၏ သစ်ပင်စိုက်ပျိုးရေးစီမံကိန်းပင်ဖြစ်သည်။ လွန်ခဲ့သော လေးနှစ်ခန့်က အမျိုးသားသစ်ပင်စိုက်ပျိုးရေးနေ့တွင် ပျိုးပင် ၁၁ သန်း စိုက်ပျိုးခဲ့ပြီး ၎င်းပျိုးပင်များအနက် ၉၀ ရာခိုင်နှုန်းခန့်သည် နောက်ပိုင်းတွင်သေဆုံးသွားခဲ့သည်။

အာဏာရ တရားမျှတရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးပါတီ (AKP)သည် ၎င်း၏မျှော်မှန်းချက်များနှင့်စပ်လျဉ်း၍ဖြစ်ပေါ်လာသောအကျိုးဆက်များအပေါ် သဘောထားအမြင် ထုတ်ပြန်လေ့မရှိပေ။ ထို့ကြောင့် မကြာသေးမီက လှုပ်ခတ်ခဲ့သောမြေငလျင်တွင် အဆောက်အအုံပြိုကျမှုနှင့် လူသေကျေထိခိုက်ဒဏ်ရာရရှိမှု များပြားခဲ့ခြင်းဖြစ်သည်။ ဆောက်လုပ်ရေးလုပ်ငန်းများကို လုပ်ထုံးလုပ်နည်းများအတိုင်းလုပ်ဆောင်သွားမည်ဆိုလျှင် အဆောက်အအုံအနည်းငယ်သာပြိုကျပြီး လူသေကျေထိခိုက်ဒဏ်ရာရရှိမှုလည်းနည်းမည်ဖြစ်သည်။

တူရကီနိုင်ငံ၏ ရေအရင်းအမြစ်များသည် များစွာတန်ဖိုးရှိနေသည်။ ရေအကျပ်အတည်းကိုသာ ကျော်လွှားနိုင်မည်ဆိုလျှင် တူရကီနိုင်ငံသည် ဆောက်လုပ်ရေးကိုအခြေခံသောဖွံ့ဖြိုးတိုးတက်မှုမှတစ်ဆင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်သော အခြေအနေကိုဖန်တီးနိုင်မည်ဖြစ်သည်။ အစိုးရအနေဖြင့် ပညာရှင်များ၏အသံကိုနားထောင်သင့်ပြီး ၎င်းတို့ပြုစုပေးသော အချက်အလက်များကို ရည်ညွှန်းကိုးကားဆောင်ရွက်သွားသင့်ပေသည်။

ဆိုရလျှင် လက်ရှိအချိန်တွင် ကမ္ဘာတစ်ဝန်း၌ ရေရှားပါးပြတ်လပ်မှုများဖြစ်ပေါ်လျက်ရှိရာ အလားတူ တူရကီပြည်သူများအနေဖြင့်လည်း ရေရှားပါးပြတ်လပ်မှုကြုံတွေ့ရလျက်ရှိသည်။ အထူးသဖြင့် တူရကီနိုင်ငံတွင် မြို့ပြများတည်ဆောက်ခြင်း၊ မြေအောက်ရေအလွန်အကျွံထုတ်ယူသုံးစွဲခြင်းနှင့် ရေသွင်းစိုက်ပျိုးရေးလုပ်ငန်းများကြောင့် ရေအရင်းအမြစ်ရှားပါးပြတ်လပ်လာခဲ့သည်။ ထို့ကြောင့် အစိုးရတာဝန်ရှိသူများအနေဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရေအရင်းအမြစ်စီမံခန့်ခွဲရေး လုပ်ငန်းစဉ်များကို အထူးအလေးထား ဆောင်ရွက်သွားမှသာလျှင် အနာဂတ်တွင် ပြည်သူများသည် ရေရှားပါးပြတ်လပ်မှုအခြေအနေကို အတိုင်းတာတစ်ခုထိ ကျော်လွှားနိုင်မည်ဖြစ်ပေသည်။

**ကိုးကား**

- A Water Crisis of Turkey's Own Making by Asia Time.


# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂ × ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကသုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၇၂၀ | - |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၆၀၀၀၀ | ၁ လုံး | ၁၉၁၄၄ သိန်း | ၄၀၈၅၆ သိန်း |
| ၃။ | သုခမ္မာဇရပ်(၅၄×၃၀×၃၂)ပေ | ၂၉၇၀. ၀၀ | ၆ | ၅ | ၁ |
| ၄။ | ဂေါပကရုံး(၄၈×၂၄×၂၉)ပေ | ၄၈၁၀. ၀၀ | ၁ | - | ၁ |
| ၅။ | မော်ကွန်းတိုက်(၇၂×၃၀×၃၂)ပေ | ၈၀၇၉ | ၁ | ၁ | - |
| ၆။ | အဝင်မုခ်ဦး(အနောက်ဘက်) | ၂၈၆၅ | ၁ | ၁ | - |
| ၇။ | ရွေ့လျားစက်လှေကား(Walking Escalator) | | | | |
| | (က) Acrylic အမိုးအကာလုပ်ငန်း | ၄၅၄၃. ၁၀ | ၁ | - | ၁ |
| | (ခ) Pile Foundation လုပ်ငန်း၊ အဆောက်အဦ RC Structure လုပ်ငန်း၊ မိုးကြိုးလွှဲတပ်ဆင်ခြင်းလုပ်ငန်း၊ ထိန်းချုပ်ခန်းများတည်ဆောက်ခြင်းလုပ်ငန်း | ၃၂၈၄. ၃၀ | ၁ | - | ၁ |
| ၈။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၉။ | High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၂ တိုင် | ၇ တိုင် |
| ၁၀။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၉ ခန်း | ၁၉၁ ခန်း |
| ၁၁။ | မြန်မာမှုတစ်ဖက်လှခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၉၃ ခန်း | ၃၆၂ ခန်း |
| ၁၂။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၃၂. ၀၀ | ၅၀ တိုင် | - | ၅၀ တိုင် |
| ၁၃။ | လမ်းမီးတိုင်(၆ မီတာ) ၁ တိုင်လျှင် | ၁၆. ၈၅ | ၂၀၈ တိုင် | - | ၂၀၈ တိုင် |
| ၁၄။ | Garden Light (၄ မီတာ) ၁ တိုင်လျှင် | ၁၉. ၀၀ | ၃၆၆ တိုင် | - | ၃၆၆ တိုင် |
| ၁၅။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၄၄ ခု | ၅၀၈ ခု |
| ၁၆။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၈. ၅၀ | ၇၅၇၆. ၃၅ ကျင်း | - | ၇၅၇၆. ၃၅ ကျင်း |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁၇။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၅၀ | ၂၁၈. ၁၄ ကျင်း | ၂၉ ကျင်း | ၁၈၉. ၁၄ ကျင်း |
| ၁၈။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၆. ၅၀ | ၈၄၇၃ ကျင်း | - | ၈၄၇၃ ကျင်း |
| ၁၉။ | မုစလိန္ဒအိုင် | ၂၂၇၃၁. ၀၂ | ၁ | ၅၃၄၅ သိန်း | ၁၇၃၈၆. ၀၂ သိန်း |
| | (က) မုစလိန္ဒအိုင်ရေကန်လုပ်ငန်း | ၆၇၁၀. ၅၉ | ၁ | - | ၁ |
| | (ခ) မုစလိန္ဒအိုင်အဝင်မုခ်ဦးတည်ဆောက်ခြင်း | ၃၆၀၆. ၃၆ | ၁ | - | ၁ |
| | (ဂ) မုစလိန္ဒအိုင်အတွင်းအပြင်ပတ်လမ်းရင်ပြင်ကွန်ကရစ်ခင်းလှေကားများပြုလုပ်ပေးခြင်း | | | | |
| | ၁။ အရှေ့ဘက်အပိုင်း(၃၇၉၉ စပေ) | ၁၇၁၁. ၈၅ | ၁ | - | ၁ |
| | ၂။ အနောက်ဘက်အပိုင်း(၃၇၉၉ စပေ) | ၁၇၁၁. ၈၅ | ၁ | - | ၁ |
| | ၃။ တောင်ဘက်ရင်ပြင်(၆၄၈၂ စပေ) | ၂၅၉၄. ၂၆ | ၁ | - | ၁ |
| | ၄။ မြောက်ဘက်ရင်ပြင်(၅၅၅၂ စပေ) | ၂၂၃၆. ၄၀ | ၁ | - | ၁ |
| | (ဃ) စကျင်ကျောက်ပြားခင်းခြင်း(၃၁၇. ၆၅ ကျင်း) | ၈. ၅၀ | ၃၁၇. ၆၅ | - | ၃၁၇. ၆၅ |
| | (င) ရေကန်ပတ်လည် ကနုတ်သံပန်းလက်ရန်းတပ်ဆင်ခြင်း | ၂၅. ၂၀ | ၄၇ | - | ၄၇ |
| | (စ) အတွင်း/အပြင် မီးနှင့်အပြင်ရေဆက်သွယ်ခြင်း | | | | |
| | ၁။ အတွင်း/အပြင် မီးဆက်သွယ်ခြင်း | ၅၄၀. ၀၀ | ၁ | - | ၁ |
| | ၂။ အပြင်ရေဆက်သွယ်ခြင်း | ၇၂၀. ၀၀ | ၁ | - | ၁ |
| ၂၀။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၂၁၉. ၀၀ | ၁၂၇ ခု | - | ၁၂၇ ခု |
| ၂၁။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)(Creamy Paper) လှူဒါန်းနိုင်ရေး[၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၁၂. ၀၀ | ၁၀၀၀ စုံ | ၅၇၄ စုံ | ၄၂၆ စုံ |
| ၂၂။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)(Bibble Paper) လှူဒါန်းနိုင်ရေး[၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၂၀. ၀၀ | ၅၀၀ စုံ | ၂၂၁ စုံ | ၂၇၉ စုံ |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

(က) **ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော** ၀၉-၆၅၀၁၉၉၉၉၆၊ ၀၁၆-၃၁၀၀၅

(ခ) **ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆







# ချိတ်ပိတ်တင်ဒါခေါ်ယူခြင်း

အမှတ်(၁)တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်၊ အမှတ်(၂)တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်၊ အမှတ်(၁)တပ်မတော်အသံလွှင့်တပ်၊ ထုတ်လုပ်ရေးတပ်(ပြည်သူ့ဆက်ဆံရေး)၊ မြဝတီစာပေတိုက်၊ မြဝတီသတင်းစာတိုက်၊ ရတနာပုံသတင်းစာတိုက်နှင့် တပ်မတော်ပညာရေးကျောင်းများအတွက် လိုအပ်သော ပုံနှိပ်စက်သုံးကုန်ကြမ်းပစ္စည်းများ၊ ထုပ်ပိုးခွဲနှင့် လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများ၊ သင်ထောက်ကူပစ္စည်းများ၊ ဆက်တင်ပိုင်းဆိုင်ရာပစ္စည်းများ၊ ခေတ်ပေါ်နှင့် မြန်မာ့ဆိုင်းဝိုင်းပစ္စည်းများ၊ ဂီတပိုင်းဆိုင်ရာပစ္စည်းများနှင့် မြန်မာ့ဆိုင်းဝိုင်းဆက်စပ်ပစ္စည်းများနှင့် တိုင်းရင်းသားရိုးရာဝတ်စုံပစ္စည်းအတွက် ချိတ်ပိတ်တင်ဒါစနစ်ဖြင့် တင်ဒါပုံစံဖြည့်စွက်ပြီး ၂-၅-၂၀၂၃ ရက် နောက်ဆုံးထားတင်သွင်းနိုင်ပါသည်။ ထိုသို့တင်သွင်းရာတွင် တင်သွင်းသူများအနေဖြင့် တောင်းခံလွှာတစ်ခုချင်းစီ၏ Lot အလိုက် ပစ္စည်းများအားလုံး တင်ဒါတင်သွင်းရမည်ဖြစ်ကြောင်း ဖြည့်စွက်ဖော်ပြအပ်ပါသည်။

အသေးစိတ်အချက်အလက်များ သိရှိလိုပါက သက်ဆိုင်ရာတပ်သို့လည်းကောင်း၊ ဖုန်းနံပါတ်၊ ၀၃၁-၇၄၀၀၆၊ ၀၃၁-၆၀၂၇၈၊ ၀၃၁-၇၄၂၇၃၊ ၀၃၂-၃၀၂၇၀၊ ၀၃၃-၇၂၇၈၁၊ ၀၃၆-၃၀၅၂၆ သို့လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

## ပျောက်ဆုံးကြောင်း

နွားထိုးကြီးမြို့နယ်နေ ရန်ကျော် (ဘ) ဦးကြည်သင်း (၉/နထက(နိုင်)၁၉၁၄၇၆)၏ နိုင်ငံကူးလက်မှတ်အမှတ်(မှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
၀၉-၇၉၄၈၈၀၉၁၀

## ပျောက်ဆုံးကြောင်း

မြင်းခြံမြို့နယ်နေ သိချော (ဘ) ဦးခင်ကြိုင် (၉/မခန(နိုင်)၂၂၃၂၈၀)၏ နိုင်ငံကူးလက်မှတ်အမှတ်(မှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
၀၉-၇၉၄၈၈၀၉၁၀

## ပျောက်ဆုံးကြောင်း

ခနော့မြို့နယ်နေ မင်းကျော်သူ (ဘ) ဦးစိုးတင် (၁၄/ခနဖ(နိုင်)၂၀၉၉၅၂)၏ နိုင်ငံကူးလက်မှတ်အမှတ်(မှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
၀၉-၆၇၂၆၆၀၁၂၀

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကံ့ကော်လမ်းနေ ဦးခင်မောင်လေး ၏သားဖြစ်သူ **မောင်ကျော်ဖုန်းမြင့်သူ (၁၂/စခန(နိုင်)၀၇၅၂၄၈)** သည် မိဘ၏ အကြိမ်ကြိမ်ဆုံးမမှုကို မလိုက်နာ၊ မိဘများ လွန်စွာစိတ်ဆင်းရဲရပါသဖြင့် ယနေ့မှစ၍ ကိတ္တိမသားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော မည်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

*(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)*

**ဦးခင်မောင်လေး(၁၂/စခန(နိုင်)၀၁၄၅၆၁)**

## ပျောက်ဆုံးကြောင်း

ဟသာတမြို့နေ နိုင်းထက် (ဘ) ဦးကြည်သန်း (၁၄/ဟသတ(နိုင်)၃၇၈၅၈၃)၏ နိုင်ငံကူးလက်မှတ်အမှတ်(မှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
၀၉-၆၈၁၈၄၇၅၄၉

## ပျောက်ဆုံးကြောင်း

ရေကြည်မြို့နေ ဦးခင်လှိုင် (ဘ) ဦးအထက် (၁၄/ရကန(နိုင်)၁၃၂၉၇၂)၏ နိုင်ငံကူးလက်မှတ်အမှတ်(မှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
၀၉-၇၅၆၆၉၈၅၃၆

## ပျောက်ဆုံးကြောင်း

မုံရွာမြို့နေ မိုးထက်သာ (ဘ) ဦးအောင်ကျော်သွန်း (၅/မရန(နိုင်)၃၂၃၉၂၈)၏ နိုင်ငံကူးလက်မှတ်အမှတ်(မှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
၀၉-၆၆၇၉၄၅၈၆၃

## ပျောက်ဆုံးကြောင်း

ကျုံပျော်မြို့နေ နန်းသဇင်ဖြိုး (ဘ) ဦးသန်းထွန်း (၁၄/ကပန(နိုင်)၁၆၇၁၉၆)၏ နိုင်ငံကူးလက်မှတ်အမှတ်(မှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
၀၉-၇၉၂၇၈၁၀၄၇

## ပျောက်ဆုံးကြောင်း

ရွှေတိဂောင်းမြို့နေ အောင်ရဲနိုင် (ဘ) ဦးအောင်နိုင် (၁၄/ရေကာ(နိုင်)၀၁၅၂၅၉)၏ နိုင်ငံကူးလက်မှတ်အမှတ်(မှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
၀၉-၄၅၆၄၆၆၂၄၈

## ပျောက်ဆုံးကြောင်း

ပန်းတနော်မြို့နေ ဒေါ်ချိုချိုစန်း (ဘ) ဦးရွှေမှုင်ခြင်း (၁၄/ပတန(နိုင်)၁၄၄၅၉၆)၏ နိုင်ငံကူးလက်မှတ်အမှတ်(မှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
၀၉-၉၅၀၇၆၀၇၀၅

## ပျောက်ဆုံးကြောင်း

ဝါးခယ်မမြို့နေ ဦးနိုင်ထွေး (ဘ) ဦးမိုးကြည် (၁၄/ဝခမ(နိုင်)၁၉၃၁၀၂)၏ နိုင်ငံကူးလက်မှတ်အမှတ်(မှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
၀၉-၇၈၆၄၃၀၈၄၆

## ပျောက်ဆုံးကြောင်း

ဟောင်သာမြို့နယ်နေ စိုးအောင် (ဘ) ဦးကျော်ထိ (၉/တသန(နိုင်)၂၃၂၇၃)၏ နိုင်ငံကူးလက်မှတ်အမှတ်(မှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
၀၉-၇၉၅၅၉၂၄၀၀

## ပျောက်ဆုံးကြောင်း

ဒေးဒရဲမြို့နေ ဇင်မျိုးထွန်း (ဘ) ဦးစော်မင်းဦး (၁၄/ဒဒရ(နိုင်)၂၀၄၅၂၇)၏ နိုင်ငံကူးလက်မှတ်အမှတ်(မှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
၀၉-၂၅၄၂၅၇၆၇၆

## ပျောက်ဆုံးကြောင်း

ညောင်တုန်းမြို့နေ မျိုးသန်း (ဘ) ဦးသောင်းတင် (၁၄/ညတန(နိုင်)၁၀၂၁၈၀)၏ နိုင်ငံကူးလက်မှတ်အမှတ်(မှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
၀၉-၇၉၅၄၃၃၀၉၇

## ပျောက်ဆုံးကြောင်း

အင်္ဂပူမြို့နယ်နေ အောင်ကိုကို (ဘ) ဦးသိန်းဇော်ဦး (၁၄/အဂပ(နိုင်)၂၆၇၇၂၂)၏ နိုင်ငံကူးလက်မှတ်အမှတ်(မှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
၀၉-၆၉၆၃၅၂၈၄၄

# ဒေါ်တင်မိ

## အသက်(၉၃)နှစ်

မန္တလေးမြို့၊ ပဟမအနောက်၊ ပုလိုင်းရပ်၊ အကွက်(၂၂၉)နေ ဦးမြအေး-ဒေါ်တင်အေးဆွေ၊ ဦးလှမြင့်သိန်း၊ ဦးအောင်စံဝေ၊ ဦးအေးမြင့်-ဒေါ်ညွန့်ညွန့်ရီ၊ (ဒေါ်ညွန့်ညွန့်ဝင်း)၊ ဦးကျော်ကျော်-ဒေါ်ဝင်းဝင်းကြည်၊ ဒေါ်ခင်သိန်း၊ ဒေါ်ဝင်းဝင်းခိုင်၊ ဒေါ်ငွေငွေဦး၊ ဒေါ်တင်တင်အေး တို့၏မိခင်၊ မြေး (၉)ယောက်၊ မြစ် (၅)ယောက်တို့၏အဘွား၊ (ဦးချစ်တင်)၏ ဇနီးဖြစ်သူ **ဒေါ်တင်မိ အသက် (၉၃)နှစ်** သည် ၁၃၈၄ ခုနှစ် တန်ခူးလကွယ် (၁၄)ရက်၊ (၁၈-၄-၂၀၂၃) အင်္ဂါနေ့ မွန်းလွဲ (၂း၄၅)နာရီတွင် ကွယ်လွန်အနိစ္စရောက်ပါသဖြင့် ပုလိုင်းရပ်နေအိမ်မှ အေးရိပ်မြိုင်သုသာန်သို့ ၁၃၈၅ ခုနှစ်၊ ကဆုန်လဆန်း (၁)ရက်၊ (၁၉-၄-၂၀၂၃) ဗုဒ္ဓဟူးနေ့ နံနက် (၁၀)နာရီတွင် ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

**၁။ နိုင်ငံရေး**
- (က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။
- (ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။
- (ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး"မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။
- (ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး။

**၂။ စီးပွားရေး**
- (က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- (ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- (ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း(MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။
- (ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

**၃။ လူမှုရေး**
- (က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
- (ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- (ဂ) နိုင်ငံ၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။
- (ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

❖ စိုက်ပျိုးရေးလုပ်ငန်းတွင် မျိုးမြေရေနည်းဟူ၍ ရှိပြီး မျိုးကောင်းမျိုးသန့်ရရှိရန်၊ မြေကိုနည်းစနစ်တကျ ပြုပြင်အသုံးပြုရန်၊ စိုက်ပျိုးရေဖူလုံစွာရရှိရန်၊ မှန်ကန်သည့် စိုက်နည်းစနစ်ရှိရန်နှင့် သွင်းအားစုများကို မှန်မှန်ကန်ကန်ဖြင့် ထည့်သွင်းအသုံးပြုရန် လိုအပ်မည်ဖြစ်. . .

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁၅ ရက်တွင် ပြုလုပ်သော စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းခရိုင်အတွင်းရှိ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME)လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးမှုမှ ကောက်နုတ်ချက်)

# နှစ်သစ်မင်္ဂလာ ဆုမွန်လွှာ

မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် မြန်မာနှစ်သစ်မင်္ဂလာအခါသမယမှစ၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းလုံးရှိ မိဘပြည်သူများအားလုံး ဘေးရန်ကင်းကွာ၍ ကိုယ်စိတ်နှစ်ဖြာ အစဉ်ထာဝရကျန်းမာချမ်းသာကြပြီး အမျိုးဘာသာ သာသနာအကျိုးကို ဆတက်ထမ်းပိုး တိုးတက်အောင်ထမ်းရွက်နိုင်ကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

ရတနာပုံသတင်းစာတိုက်မိသားစု

**အကျဉ်းသား/အကျဉ်းသူ ၃၀၁၅ ဦးတို့အား ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု**
စာမျက်နှာ - ၂၀

**နိုင်ငံခြားသား အကျဉ်းသား/သူ ၉၈ ဦးတို့အား ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု၍ ပြည်နှင်ဒဏ်ပေး**
စာမျက်နှာ - ၂၀

**သီရိလင်္ကာနိုင်ငံသား ၅ ဦးကို ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု၍ ပြည်နှင်ဒဏ်ပေး**
စာမျက်နှာ - ၂၀

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် သတင်းထုတ်ပြန်ချက်(၅/၂၀၂၃)**
စာမျက်နှာ - ၂၀

**သတ်မှတ်ထားသည့် အရည်အသွေးနှင့်အလေးချိန် ကိုက်ညီကြောင်း စစ်ဆေးချက်ရရှိပြီးမှ ဆန်နှင့် ဆန်ထွက်ပစ္စည်းများ ပြည်ပတင်ပို့ခွင့်ပြုမည်**
စာမျက်နှာ - ၂၅

# အချိန်အခါမဟုတ် မိုးရွာမည်

**နေပြည်တော် ဧပြီ ၁၈**

ယနေ့မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဧပြီ ၂၄ ရက်မှ ၂၅ ရက်အတွင်း အနောက်ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏အရှိန်ကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော်တို့မှ ရွေ့လျားလာသော တိမ်တိုက်များကြောင့်လည်းကောင်း၊ အပူပုံ့တက်တိမ်များ ဖြစ်ထွန်းမှုအားကောင်းခြင်းကြောင့်လည်းကောင်း စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲနှင့်နေပြည်တော်၊စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် မိုးတိမ်တောင်များဖြစ်ထွန်းခြင်း၊ အချိန်အခါမဟုတ် မိုးရွာခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ရန် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အကြံပြုထားကြောင်း သိရသည်။

➤ ➤ ➤

**ပရိုးမီးယားလိဂ်ပြိုင်ပွဲ၏ နေရာလိုက် အကောင်းဆုံးကစားသမားဆု ဆန်ခါတင်စာရင်း ထုတ်ပြန်**
စာမျက်နှာ - ၉

| မြို့ | အနိမ့်ဆုံးအပူချိန် / အမြင့်ဆုံးအပူချိန် | | |
|---|---|---|---|
| နေပြည်တော် | ၂၆˚C | / | ၃၇˚C |
| ရန်ကုန် | ၂၆˚C | / | ၃၉˚C |
| မန္တလေး | ၃၁˚C | / | ၄၃˚C |